www.burmeseclassic.com

BURMESE CLASSIC .com

# ပေကျိုးညှပ်

ဘတ်သီးအော်ပရေးရှင်း

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အောင်ခိုင်
စီစဉ်သည်။

ရွှေအိမ်မှူးစာပေ

အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၄၉၂၇
စာတိုက်သေတ္တာအမှတ် (၁၁၂၉)

www.burmeseclassic.com

www.burmeseclassic.com

**ရွှေအိမ်မှူးစာပေ**

■ စာမူခွင့်ပြုချက်အမှတ် - [ ၅၀၁၂၄၆၀၆၁၀ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၅၀၁၄၉၂၀၆၁၂ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၇ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (၀၄၂၅၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း - ဥက္ကာ (ATOMIC Digital Art)


■ ကွန်ပျူတာစာစီ - သူသူ (ကွန်ပျူတာ)

■ အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် - စွယ်တော်

■ အုပ်ရေ - ၅၀၀ အုပ်

■ တန်ဖိုး - ၁၅၀၀ ကျပ်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- **နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**
- **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး**
- **ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- **ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး**

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခန်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com

အပြာရောင် ရာသီဥတု၏ ညနေဆည်းဆာချိန်သည် အလွမ်းအဆွေးဓာတ်ခံရှိသူများအတွက် အန္တရာယ်ကြီးစွာ လုပနေပါသည်။ ထွင့်ထွင့်သည် တစ်ယောက်တည်း ကောင်းကင်ကြီးအား ငေးမော ခံစားနေရာမှ ခြေသံကြောင့် အနောက်ဘက်ကို သမင်လည်ပြန် လှည့်ကြည့်လိုက်မိ၏။ တကယ့်အဆွေးသမားကြီးတစ်ယောက်လို သူ့မျက်လုံးရီဝေဝေများသည် တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ဖျတ်ခနဲ အရောင်ပြောင်းသွားသည်။

ဒါသည် သူ့အတွက် ဘဝကပြဋ္ဌာန်းထားသော အလေ့အကျင့် (သို့မဟုတ်) ဗီဇတစ်မျိုးလည်းဖြစ်လေသည်။ လူနှစ်ယောက်သည် စကားတိုးတိုး တိုးတိုးပြောလျက် တစ်ခုခုကို အငြင်းပွားကာ သူ့အနီးသို့



လျှောက်လာကြ၏။ သူက ချက်ချင်း မျက်နှာလွှဲပစ်လိုက်ပြီး မိုးကောင်းကင်ကြီးကို ဆက်ငေးချင်ယောင်ဆောင်လိုက်သည်။ ဒါပေမဲ့ သူ့နားနှစ်ဖက်ကိုတော့ အစွမ်းကုန်စွင့်ထား၏။ ရည်ရွယ်ချက်မှာ ထိုလူနှစ်ယောက်သည် သူ့ရဲ့သားကောင် ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတာ တွက်နိုင်ရန် ဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် လမ်းလျှောက်ရင်း စကားပြောလာသော လူနှစ်ဦးမှာ သူ့နောက်ကျောဘက်တည့်တည့်ကို ရောက်လာ၏။ သူတို့ဆွေးနွေးပြောဆိုနေသည့် အကြောင်းအရာမှာ နေရာရွေးချယ်နေခြင်းဟု နားစွန်နားဖျားကြားပြီး ထွင့်ထွင့် သိလိုက်ပါသည်။ ပုံစံတွေကြည့်ရတာ တောသားလူလည်တွေနဲ့ တူပါရဲ့။

ထွင့်ထွင့်သည် သူ့အတွေးမမှားကြောင်းကို သိပ်မကြာခင်မှာပဲ သိလိုက်ရ၏။ သူ့နောက်ကျောဘက်မှ ဖြတ်လျှောက်သွားသော လူစိမ်းနှစ်ယောက်သည် ထွင့်ထွင့်နှင့် မလှမ်းမကမ်းတွင်ရှိသည့် ခုံတန်းလျားပေါ်မှာ ထိုင်လိုက်ကြသည်။ သို့သော် သူတို့၏ အငြင်းအခုံကိုတော့ ဆက်လက်ဆင်နွှဲနေဆဲဖြစ်ပါသည်။ ထွင့်ထွင့်က သူတို့နားသို့ ခြေလှမ်းသုံးလှမ်းခန့် မသိမသာ တိုးရွေ့သွားကာ နားစွင့်နေမိ၏။

''ဟော့ကောင်. . . မျိုးကျော်၊ ငါ့စကားကို နားထောင်စမ်းပါ။ မင်းပြောတဲ့ ဘုမ္မာလမ်းဆုံလိုနေရာမျိုးက လူပိုများပေမယ့် ရှော့ရှိသွားနိုင်တယ်။ အလုပ်ဖြစ်ဖို့တစ်ခုတည်း ကြည့်လို့မရဘူး မျိုးကျော်၊ ကိုယ့်အန္တရာယ်လည်း. . . ကိုယ်ကြည့်ဖို့လိုတယ်''

မျိုးကျော်ဆိုသည့်ငနဲက ဆံပင်ရှည် တွန့်လိမ်တွန့်လိမ်နှင့် ပုဂ္ဂိုလ်၏စကားကြောင့် အနည်းငယ်တွေဝေသွားသည်။ ဆံပင်လိှုင်းတွန့်သည် မျိုးကျော်အပေါ် အတော်အတန် ဩဇာရှိပုံလည်းရ၏။ သူက မျိုးကျော်အား ဆက်၍ ဖိအားပေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ငါပြောရင် ယုံစမ်းပါ မျိုးကျော်ရာ.. ဘုမ္မာလမ်းဆုံထက် စာရင် ငါပြောတဲ့ ဘောလုံးကွင်းထိပ်မှာက ပိုမိုက်တယ်။ နည်းနည်း လူရှင်းတယ်ဆိုပေမယ့် အချဉ်လေးတွေ ရှိတတ်တယ်ကွ..''

မျိုးကျော်က သူ့စကားကို စောဒက မတက်တော့ဘဲ လက်ခံ လိုက်ပါ၏။

''ဒါဆိုလည်း ကိုဖွေ့သဘောပဲဗျာ။ ကိုဖေက.. ဒီလောက် တောင် စိတ်အားထက်သန်နေမှတော့ ကျွန်တော် ဘာမှ မပြောတော့ပါ ဘူး။ ဟုတ်ပြီလား..''

ဆံပင်ရှည် တွန့်လိမ်တွန့်လိမ်နှင့် ကိုဖေဆိုသောလူက မျိုး ကျော်၏ လက်လျှော့ပေးလိုက်သည့်စကားကြောင့် ငါးခူတစ်ကောင် လိုပြုံးပြီး ဂုဏ်ယူနေလေသည်။ မျိုးကျော်၏ တပ်လှန့်သံကြီးက ရုတ်တရက် ပေါ်ထွက်လာ၏။

''ကဲ.. ကိုဖေ၊ ဒိုးကြမယ်၊ မှောင်သွားရင် မကောင်းဘူး။ ရော့.. ဒီမှာ ဖဲထုပ်.. ခင်ဗျားရွေးချယ်တဲ့နေရာဆိုတော့ ခင်ဗျားပဲ ဦးဆောင်ပေတော့.. အိုကေနော်..''

''စိတ်ချစမ်းပါ.. မျိုးကျော်ရာ၊ ဖေစိုးအောင်ပါကွ။ လေးတန်း ထဲက ဖဲရိုက်စားလာတဲ့ကောင်ပါ..''

ကိုဖေ(ခေါ်)ဖေစိုးအောင်က မျိုးကျော် လှမ်းပေးလိုက်သော ဖဲထုပ်ကိုယူကာ ခံတန်းလျားဆီမှ ထလိုက်သည်။ ထို့နောက် ကိုဖေ၏ ခြောက်ပေနီးပါးရှည်သည့် ကလန်ကလားအရပ်ကြီးနှင့် မျိုးကျော်၏ ပုတက်တက်၊ ကွတာတခြေလှမ်းများသည် ဘောလုံးကွင်းထိပ်ဘက်သို့ တက်ကြွစွာ ထွက်ခွာသွားကြတော့သည်။

ထွန်းထွန်းသည် သူတို့ရဲ့နောက်ကျောကိုကြည့်၍ လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်၏။ အခုပွဲသည် သူ့အတွက် စွန့်စားမှုအသစ်တစ်ခု



လည်း ဖြစ်ပါသည်။ သူသည် လိုအပ်တာတွေကိုယူရန် အခန်းဆီသို့ အမြန်ဆုံးပြန်လာခဲ့၏။ သူ့အခန်းသည် ဟိုဘက်ရပ်ကွက်ထဲမှာမို့ ထွန်းထွန်းက အသွားအပြန် ကြာမည့်အချိန်ကို လမ်းလျှောက်ရင်း စိတ်ထဲမှ တွက်ချက်နေ၏။

သူက ခေါင်းအေးအေးဖြင့် လုပ်ဆောင်ရမည့်ကိစ္စတွေကို စဉ်းစားနေပြီး ခြေလှမ်းတွေကိုလည်း ပိုမိုသွက်လက်စွာ လျှောက်လှမ်း လိုက်ပါသည်။ ဖိုးဇော်တို့အုပ်စုကို မတွေ့ရင်ခက်မယ်ဟုလည်း သူ တွေးမိ၏။ အို.. ဒီကောင်တွေ မရှိတော့ရော ဘာဖြစ်သေးလဲ။ ငါတစ် ယောက်တည်းဖြစ်အောင် လုပ်ရမှာပေါ့။

ထိုသို့ သူကပူပန်စိုးရိမ်စိတ်ကို မောင်းထုတ်ပစ်လိုက်ပါသည်။

●

အချိန်နာရီဝက်ခန့် ကုန်လွန်ပြီးသွားသောအခါ ထွန်းထွန်း သည် ညနေခင်းအော်ပရေးရှင်းအတွက် အားလုံးအဆင်သင့်ဖြစ်နေ လေပြီ။ အခုအနေအထားက ဖဲ့ကို နားရွက်တံတွေးဆွတ်ရမည့် အနေ အထားမို့ နည်းနည်းတော့ စိတ်လှုပ်ရှားစရာကောင်းပါ၏။ ဖိုးဇော်တို့ အဖွဲ့ကိုလည်း သူတွေ့ပြီးသွားပြီမို့ စိုးရိမ်စရာတော့ သိပ်မရှိပါ။

အခု ထွန်းထွန်း၏ပုံစံသည် လွန်ခဲ့သည့် နာရီဝက်လောက်တုန်း က ထွန်းထွန်းမဟုတ်တော့..။ သွားအနည်းငယ်ခေါသွားသည်။ အဝတ် အစားတွေကလည်း သူအလှူသွားရင် ဝတ်လေ့ရှိသော ယောပုဆိုးနှင့် ကော်လံကတုံးအဖြူရောင်နှင့် ဖြစ်သွားသည်။ သူ့လက်ကောက်ဝတ်၌ တစ်ကျပ်သားခန့် အလေးချိန်ရှိနိုင်သော ရွှေဟန်းချိန်းကြီးကို ကြွားကြွား ရွှားရွှား ဝတ်ဆင်ထား၏။ သူ့ခါးပေါ်တွင်လည်း Nokia အမျိုးအစား

www.burmeseclassic.com

www.burmeseclassic.com



Hand-set တစ်လုံးကို ခပ်တည်တည်နဲ့ ချိတ်ထားလိုက်သေးသည်။ ဒါပေမဲ့ ထွဋ်ထွဋ်၏အိတ်ထောင်ထဲတွင် ပိုက်ဆံတစ်သောင်းပြည့်အောင် မရှိချေ။ တိကျစွာပြောရလျှင် သူ့မှာ ပိုက်ဆံကိုးထောင့်ငါးရာကျပ်တိတိသာ ပါပါသည်။

ထွဋ်ထွဋ်သည် ဘောလုံးကွင်းထိပ်ရှိ မြေကွက်လပ်ငယ်ဆီသို့ သွက်သွက်လေး သွားနေမိ၏။ တစ်ချိန်တုန်းက ပိုက်ကျော်ခြင်းကွင်း ဖြစ်ခဲ့ဖူးသော ထိုမြေကွက်လေးဆီ သူရောက်တော့ လူလေးငါးယောက်ခန့် စုပြုံဝိုင်းအုံနေသည့် ကစားပွဲတစ်ခုက စောင့်ကြိုနေပါသည်။ သူ ခန့်မှန်းထားသလို အကုန်လုံး မှန်နေသဖြင့် ထွဋ်ထွဋ်က ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသွား၏။

ကစားပွဲမှာ သုံးချပ်မှောက် ဖဲဝိုင်းတစ်ခုဖြစ်သည်။ ဒိုင်တွေကတော့ ဖေစိုးအောင်နှင့် မျိုးကျော်တို့ဖြစ်ကြသည်။ ကိုဖေက ဖဲကိုင်ကာ မျိုးကျော်က ဘေးမှ ''ထိုးထားနော်... ထိုးထား၊ ကိုယ်ထိုးမှ ကိုယ်ရမှာ...''ဟုအော်၍ ထိုးသားများကို ဆွယ်နေလေသည်။ စုစုပေါင်း ထိုးသားလေးယောက်ရှိ၏။ လူငယ်နှစ်ဦးနှင့် လူကြီးနှစ်ဦးတို့ဖြစ်ကြပြီး လူငယ်နှစ်ဦးသည် ပိုက်ဆံသိပ်ရှိကြပုံမရ...။ လူကြီးနှစ်ဦးအနက် တစ်ဦးက သုံးထောင်ကျော်နိုင်နေကာ ကျန်တစ်ဦးကတော့ နှစ်သောင်းခွဲလောက် ရှုံးနေပါသည်။ လူငယ်နှစ်ဦးမှာ ချွေတာသောအားဖြင့် နှစ်ရာ၊သုံးရာလောက်သာ ထိုးနေကြတာ တွေ့ရ၏။ ထွဋ်ထွဋ်က မယောင်မလည်နှင့် ထိုကစားပွဲအနီးသို့သွား၍ အကဲခတ်ကြည့်နေလိုက်သည်။ ထိုးသားများထဲတွင် သူနှင့် မျက်မှန်းတန်းမိသူ တစ်ယောက်မှ မပါသဖြင့် ထွဋ်ထွဋ် ကျေနပ်သွားပါသည်။

သူ့ပုံစံနှင့် အိုက်တင်တွေကြောင့် မျိုးကျော်နှင့် ကိုဖေတို့က တစ်ယောက်ကိုတစ်ယောက် အချက်ပြလိုက်ကြ၏။ မျိုးကျော်က စိတ်



ပါဝင်စားစွာ ကစားပွဲကိုကြည့်ရှုနေသည့် ထွဋ်ထွဋ်အား စတင်၍ ဆွယ်ပါသည်။

''ထိုင်လေ... လာ အစ်ကို၊ ဝင်ကစားပါလား''

မျိုးကျော်က ပြောရင်းနှင့် လက်ကလည်း လူငယ်ထိုးသားနှစ်ဦးကြားမှာ ချဲ့ပြီးနေရာလုပ်ပေး၏။ ထွဋ်ထွဋ်က အလိုက်သင့်ပင် ဝိုင်းထဲသို့ ဝင်ထိုင်လိုက်ပါသည်။ ကိုဖေက ဝိုင်းထဲဝင်လာသော ထွဋ်ထွဋ်အား အသားလွတ်ကြီး သွားဖြဲပြနေ၏။ သွားခေါ်ထွဋ်ထွဋ်က မေးလိုက်၏။

''ကျွန်တော်ထိုးရင် ဘယ်လောက် အနည်းဆုံးထိုးရမလဲ''

သူ့မေးခွန်းကြောင့် မျိုးကျော်က ပထမ ကြောင်သွားသေးသည်။ နောက်မှ ...

''ဟာ... အစ်ကိုကလည်း လာနောက်နေပြန်ပြီ။ အစ်ကို့ပုံစံနဲ့ဆို ဘယ်လောက်အများဆုံး လက်ခံသလဲလို့ မေးရမှာဗျ...''

မျိုးကျော်၏စကားကြောင့် တခြားထိုးသားများမှာ ပြုံးစိစိဖြစ်သွားကြပါသည်။ ထွဋ်ထွဋ်က ပြန်၍ဖြေရှင်းလေသည်။

''မဟုတ်သေးဘူးလေ... ခင်ဗျားတို့က ကျွန်တော့်ကို ဖွတ်အထင်ကြီးနေတော့တာကိုးဗျ။ ကျွန်တော်က အခု ပိုက်ဆံသိပ်ပါမလာလို့ ချွေထိုးရအောင်ပါ...''

မျိုးကျော်က မေးပြန်၏။

''သိပ်မပါဘူးဆိုတာ ဘယ်လောက်လဲ...''

''တစ်သောင်းဝန်းကျင်လောက်ပေါ့...''

ထွဋ်ထွဋ်၏ စကားကြောင့် ထိုးသားလူငယ်တစ်ဦးက...

''အဲဒီလောက်ပါရင် တော်ရောပေါ့၊ လာ... ပဲများမနေနဲ့ ကျွန်တော်ဆို ခုနစ်ရာပဲရှိတာ...''

ထွဋ်ထွဋ်သည် ထိုလူငယ်လေးရဲ့ စွာပုံကြောင့် ရယ်မောလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပါးနပ်လှသော မျိုးကျော်က သူ့ကိုပြော၏။

"လုပ်ပါ. . အစ်ကိုကြိုက်သလောက်သာ ကစားပါ။ ငွေမပါလည်း တခြားအဆင်ပြေမယ့် နည်းလမ်းတွေရှိတာပဲ။ ဟုတ်တယ်မဟုတ်လား"

ကိုဖေက ထွဋ်ထွဋ်လက်မှာ ပတ်ထားသည့် ရွှေဟန်းချိန်းကြီးကို တစ်ချက်လှမ်းကြည့်လိုက်၏။ ပြီးတော့ ကိုဖေက ဝင်ပြောပါသည်။

"ဟုတ်တယ်. . တကယ်ပြောတာ အစ်ကို. . ။ အစ်ကိုကြိုက်သလောက်ထိုး၊ ကျွန်တော်တို့လျော်မယ်။ ဒီမှာတွေ့လား။ ပိုက်ဆံခြောက်သိန်းကျော်ရှိတယ်. ."

ပြောရင်းနဲ့ ကိုဖေသည် သူ့ပေါင်နဲ့ဖိထားသော အလတ်စားအရွယ်အိတ်ကို ဖစ်ဖွင့်ပြလိုက်လေသည်။ တကယ်တော့ ပိုက်ဆံက သုံးသိန်းကျော်မျှသာ ရှိပါသည်။ ထိုးသားများအားလုံးသည် ကိုဖေ လုပ်ပြနေသည့်အိတ်ဆီသို့ အကြည့်တွေ ပြုံကျသွား၏။ လောဘကြောင့် တစ်လက်လက် ဝင်းတောက်နေသော မျက်လုံးများကြားမှာ ထွဋ်ထွဋ်တစ်ယောက်သာ မျက်လုံးကို မှေးစင်းထားပါသည်။ မျိုးကျော်က ကစားပွဲကိုပြန်၍ စတင်ရန် ဆော်သြလိုက်၏။

"ကဲကဲ. . လုပ်၊ ဝိုင်းပြန်စမယ်"

ကိုဖေသည် ဖဲချပ်လေးသုံးချပ်ကို ကျွမ်းကျင်စွာ ရွှေ့လျားကစားပြနေ၏။ ဖဲချပ်တွေမှာ ကိုဖေ့လက်ထဲတွင် အတော်ထူးဆန်းအံ့သြစရာ ပြောင်းလဲသွားကြသည်။ ထွဋ်ထွဋ်မှာ ပွဲဦးထွက်၌ နှစ်ထောင်အလျော်ရလိုက်သဖြင့် ဝမ်းသာသွားပုံရသည်။ နောက်တစ်လှည့်တွင်လည်း သူသုံးထောင် ထပ်နိုင်သွားခဲ့ပါသည်။ သို့သော် တတိယအလှည့်တွင် သူငါးထောင်ထိုးရာ ပြန်ပါသွား၏။ စတုတ္ထအလှည့်မှာလည်း သူငါးထောင် ထပ်ပါသွားပြန်သည်။ ထွဋ်ထွဋ်က တော်တော်တင်းသွားဟန်ပြုလိုက်ပြီး ပွဲကြမ်းစပြုလာသည်။ သူမှလွဲ၍ တခြားထိုးသားတွေအားလုံး နိုင်နေကြ၏။



သူက အိတ်ထောင်ထဲရှိ လက်ကျန်ပိုက်ဆံ လေးထောင့်ငါးရာကို အကုန်ချထိုးပစ်လိုက်၏။ နောက်. . သူသည် ကိုဖေ့လက်တွေကိုလည်း အလစ်လုံးဝမပေးဘဲ သေချာကြည့်နေတော့သည်။ သို့သော်. . ထိုအလှည့်တွင်လည်း သူ့ပိုက်ဆံတွေကို အလျော်အစားလုပ်သော မျိုးကျော်ကပဲ စားသွားပြန်သည်။

နောက်ဆုံးကျတော့ သူ့မှာ ပိုက်ဆံတစ်ပြားမှ မရှိတော့ . . . ။ ထွဋ်ထွဋ်၏မျက်နှာသည် နီရဲပြီး တင်းမာနေ၏။ ထိုစဉ် သူ့ခါးမှာချိတ်ထားသည့်ဟန်းဖုန်းက မြည်လာသဖြင့် သူက စိတ်ပျက်သလိုနှင့် ကိုင်လိုက်ပါသည်။ ပြီးတော့ သူသည် တစ်ဖက်လူကို ဖုန်းထဲမှာ ဒေါသတကြီး အော်ငေါက်ကာ ဖုန်းကို ချပစ်လိုက်သည်။ အားလုံးက ဖုန်းဆက်သူသည် ထွဋ်ထွဋ်၏လက်အောက်ငယ်သားတစ်ဦးဟု ထင်မှတ်သွားကြ၏။ တကယ်တော့ သူ့ဟန်းဖုန်းမှာ လိုင်းမပါသောအခွံကြီးမျှသာဖြစ်ပြီး ဖုန်းသံမြည်အောင် အချိန်ကိုက်အလန်း (alarm) ပေးထားခြင်းဖြစ်သည်။

ထွဋ်ထွဋ်သည် သူဖုန်းပြောနေတာကို စောင့်နေသော ကိုဖေအား သေသပ်စွာ စူးခနဲ လှမ်းကြည့်လိုက်မိသည်။ ကိုဖေ၏နှုတ်ခမ်းထောင့်စွန်းလေးများမှာ အဓိပ္ပာယ်ရှိရှိ တွန့်ကွေးသွား၏။ သူက ပြောလိုက်ပါသည်။

"ကျွန်တော့်မှာ ပိုက်ဆံကုန်သွားပြီ။ ဒါပေမဲ့ ဆက်ကစားချင်သေးတယ်. . ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

မျိုးကျော်က ပြုံးကာ. .

"ရပါတယ်အစ်ကိုရဲ့။ ကျွန်တော်တို့ဆီက လိုသလောက်ယူပေါ့။ လုပ်ငန်းသဘောအရ အစ်ကိုပစ္စည်း တစ်ခုခုကိုတော့ ကျွန်တော်တို့ကို ပေးထားခဲ့. . . ။ ပွဲပြီးတဲ့အခါ အစ်ကို့အိမ်ကို ပိုက်ဆံလိုက်ယူကြတာပေါ့. . ဘယ်လိုလဲ"

"အေး. . ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို အစ်ကို ဘယ်လောက်ယူမလဲ။ ဘာပေးထားမလဲ''

ထွှင်ထွင်က သူ့လက်မှာ ပတ်ထားသော ဟန်းချိန်းကြီးကို ချွတ်ပေး လိုက်၏။

''ရော့. . . အဲဒါ တစ်ကျပ်သားကျော်တယ်''

မျိုးကျော်က ဟန်းချိန်းကို ဆကြည့်ရင်း သူ့ကိုပြန်မေးပါသည်။

''အစ်ကိုက ဘယ်လောက်ယူမလဲ''

''တစ်သိန်း. . .''

သူက ပါးစပ်မှ ပြောရုံသာမက လက်ညှိုးတစ်ချောင်းကိုပါ ထောင် ပြလိုက်ပါသည်။ ကိုဖေသည် သူ့အိတ်ထဲမှ ပိုက်ဆံတစ်အုပ်ကို ဆွဲထုတ်၍ ထွှင်ထွှင်ကို ပေးလိုက်၏။ အချဉ်ကောင်တွေ့ပြီဆိုသည့် အကြည့်မျိုးနှင့် ကိုဖေ က မျိုးကျော်ကို တစ်ချက်လှမ်းကြည့်သည်။ ထွှင်ထွှင်က သူတို့ကို စည်းကမ်း တွေ ကြိုတင်ပြောပြပါသည်။

''အလျော်အစားနော်. . .''

''ဒါပေါ့. . .''

''ရောကုန်ရေခန်းနော်''

''ဟာ. . . လုပ်ပေးရမှာပေါ့။ အစ်ကို ဆန္ဒရှိသလိုလုပ်ပါ. . .''

မျိုးကျော်က အလွန်ယဉ်ကျေးနေ၏။ ကစားပွဲမှာ ဝိုင်းအုံကြည့်နေ သောလူတွေ နည်းနည်းများလာသည်။ အခုတော့ ဝိုင်းထဲတွင် ထွှင်ထွှင်နှင့် ဒိုင်သာ အဓိကဖြစ်နေပြီး ကျန်ထိုးသားတွေက အလိုလို ဘေးရောက်ကုန်ကြ သည်။ ပွဲက ကြမ်းလေပြီ။

ထွှင်ထွှင်သည် ဝိုင်းပြန်စ,စချင်းမှာ ငါးထောင်ကို စမ်းထိုးကြည့်လိုက် ၏။ သူနိုင်သွားသည်။ နောက်တစ်လှည့်တွင်လည်း သူ တစ်သောင်းချထိုးပြန် သည်။ ထွှင်ထွှင် နိုင်ပွဲဆက်ပြီး အလျော်ထပ်ရသည်။ တတိယအလှည့်တွင် စောစောတုန်းကပွဲကို နမူနာယူ၍ သူက ငါးထောင်ပြန်လျှော့ချပစ်လိုက်



ပါသည်။ သူ ထပ်နိုင်သွားပြန်သည်။

ဒိုင်နှစ်ယောက်စလုံး တစ်ယောက်မှ အပြုံးမပျက်ကြဘဲ ထွှင်ထွှင် ကို ကြည်ကြည်ဖြူဖြူနှင့် ငွေတွေလျော်ပေးနေပါသည်။ စတုတ္ထအလှည့် တွင် သူတစ်သောင်းထိုးရာတွင်တော့ အစားခံလိုက်ရ၏။ ပဉ္စမအလှည့် တွင် သူငါးထောင်သို့ ပြန်လျှော့ချလိုက်၏။ ဒါကိုလည်း ဒိုင်က စားသွား ပြန်သည်။ ဆဋ္ဌမအလှည့်တွင် ကိုဖေက ဖဲချပ်တွေကို ကတ္တီပါစပေါ် ခင်းချနေပါသည်။ ထိုးသားများက ဘာကိုထိုးရင်ကောင်းမလဲ စဉ်းစား နေကြဆဲ. . .။ ထိုအခိုက် ''ရဲ. . . ရဲတွေလာပြီ။ ပြေးကြ. . .''ဆိုသော တပ်လှန့်သံ နက်နက်ကြောကြောကြီးနှင့်အတူ လူသုံးယောက်သည် ဝိုင်းထဲဖြတ်ပြေးကာ ပိုက်ဆံတွေ၊ ဖဲချပ်တွေကို အကုန်လုံး ကန်ကျောက် သွားကြ၏။ ထိုးသားများနှင့် ဝိုင်းကြည့်နေသည့် ပရိသတ်များသည် လည်း 'ရဲတွေလာပြီ' ဆိုသဖြင့် ကြောက်လန့်ထွက်ပြေးကြရာ အချင်း ချင်း တိုးဝှေ့တွန်းတိုက်မိကုန်တော့သည်။တချို့ကလည်း ပိုက်ဆံတွေ ကို ဝင်လုနေကြ၏။

ငါးမိနစ်ခန့်ကြာသော် ထိုမြေကွက်လပ်ငယ်ကလေး၌ လူတစ် ယောက်မှ မရှိတော့. . .။ အားလုံးမှာ ကြက်ပျောက်ငှက်ပျောက် ပျောက် သွားကြလေသည်။

ထွှင်ထွှင်တစ်ယောက်လည်း သူ့အခန်းဆီ ပြန်ရောက်နေပါ သည်။ သူသည် သွားခေါ်ကြီး မဟုတ်တော့ဘဲ နဂိုမူလထွှင်ထွှင်ပုံစံ ပြန်ဖြစ်သွားခဲ့ပါသည်။ သူက ပိုက်ဆံတွေကို ပြုံးရွှင်စွာ ရေတွက်ကြည့် နေ၏။ စုစုပေါင်း. . . တစ်သိန်းနဲ့ငါးထောင်တိတိ။ သူ့အရင်း တစ်ထောင့်ငါးရာကို နုတ်လိုက်ပါက ထွှင်ထွှင်သည် [illegible] သောင်းငါးထောင်ငါးရာတောင် အမြတ်ထွက်သွားလေ၏။ သူက [illegible] ရဲ ဘွေလာပြီဟု အော်ပေးသော ဖိုးဇော်တို့အုပ်စုကို လက်ခုပ်တီးရည်ချိုး

www.burmeseclassic.com

www.burmeseclassic.com



ငါးထောင် ပေးလိုက်ပါသည်။

ဖေစိုးအောင်နှင့်မျိုးကျော်တို့မှာ လူအုပ်ကြီး၏ တိုးဝှေ့တိုက်ခိုက်ခြင်းခံရခြင်းကြောင့် တစ်ကိုယ်လုံး ဖူးယောင်ပေါက်ပြဲလျက်ရှိသည်။ ပိုက်ဆံအိတ်ကိုတော့ ရအောင်ယူလာနိုင်ခဲ့သဖြင့် တော်သေး၏။ ဒါတောင် ပိုက်ဆံတစ်သောင်းဝန်းကျင်လောက် ပျောက်သွားခဲ့၏။

ကိုဖေသည် အကြီးအကျယ်စိတ်ဆိုးပြီး မျိုးကျော်ကို ငေါက်နေ၏။ သူစိတ်ဆိုးမည်ဆိုလည်း ဆိုးလောက်သည်။ သူတို့ကစားပွဲကို တကယ် ရဲလာဖမ်းတာမဟုတ်. . .။ ပြီးတော့ ဟိုသွားခေါ်ဆီကို ပိုက်ဆံတစ်သိန်းကျော်ပါသွားခဲ့၏။ သူ့ဟန်းချိန်းကလည်း အတုကြီးဖြစ်နေသည်။ သူတို့သည် အရှုံးပေါ်အရှုံးဆင့်လျက်ရှိကြ၏။

ထိုအဖြစ်အပျက်တွေအားလုံးကို သေချာပြန်တွေးကြည့်လေ ဟိုသွားခေါ်ကောင်၏လက်ချက်ဆိုတာ ထင်ရှားလေဖြစ်သည်။ ဖေစိုးအောင်က တကယ်တော့ ပိုက်ဆံတွေ ဆုံးရှုံးသွားတာကို သိပ်မနှမြောပါ။ ငွေဆိုတာ ပြန်ရှာလို့ရသည်။ ကိုဖေသည် သူတို့လို လူတကာအပေါ် ဖျံကျနေသည့် ပန်ကာတွေကို ပြန်ဘတ်သွားသော သွားခေါ်ကောင်ကို အတော်ခံပြင်းနေသည်။

လူလိမ်တွေသည် သူတို့ကို ပြန်လိမ်နိုင်သူများနှင့် ကြုံတွေ့ကြရသောအခါ မခံချင်စိတ်ဖြင့် ပြန်ကလဲ့စားချေမှာလား။ ဒါမှမဟုတ် ထိုလူ၏ပညာစွမ်းကြောင့် ဆရာတင်ကာ တပည့်ခံလိုက်ကြပါသလား. . .။

တကယ်တော့ လူလိမ်ဆိုသည်မှာ ကိုယ့်ကိုယ်ကို ပြန်လိမ်ရဲသူမျိုးကို ခေါ်ပါသည်။ ထို့ထက်ပိုပြီး ကြီးကျယ်ခမ်းနားသော လူလိမ်တို့မှာ ကိုယ့်ယုံကြည်မှုကိုပင် ကိုယ်ပြန်၍ လှည့်ဖျားလိမ်လည်နိုင်ကြလေသည်။

## အခန်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com



✿

မနက်ခင်း၌ မိုးသားများ၏အရောင်မှာ ထူးခြားနေပါသည်။ တိမ်ရောင်စုံများသည် ကောင်းကင်ကျွမ်းဘား ကစားနေသလို လှပစွာ ရင်သပ်ရှုမောဖွယ် ဆွဲဆောင်လျက်ရှိ၏။ ထိုမြင်ကွင်းသည် တကယ်ပဲ တွေ့မြင်ရသူအပေါင်း၏ စိတ်နှလုံးကို မြူးထူးရွှင်ပျလာစေသည်။ အခုလည်း သီဟသည် မိုးတိမ်များ၏ ကကြိုးကကွက်တွေကြောင့် ဘဝရဲ့ အဆင်မပြေမှုများကို ခဏမေ့လျော့သွားကာ သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးလာ၏။ သီဟက ပြုံးလိုက်ပါသည်။

သူသည် မနက်စောစောစီးစီးအချိန်တွင် စိတ်ကြည်လင်နေပါက ကံကောင်းတတ်သည်။ ခွင်အကြီးကြီးတွေ မိတတ်သည်။ အခုတလော သူသိပ်အဆင်မပြေလှတာမို့ ဒီလိုမနက်ခင်းမျိုးကို မျှော်လင့်နေမိခဲ့၏။

...နက်တော့ သူမျှော်လင့်ထားသည့်အချိန် ကျရောက်လာသဖြင့် သီဟ ...်းသာပါသည်။ ဘာပဲဖြစ်ဖြစ်.. သီဟတစ်ယောက် သူ့အယူအဆ ...်သူတော့ အိုကေနေလေသည်။

သီဟက ခြောက်မိုင်ခွဲရှိ အဆောင်တစ်ခုတွင်နေ၏။ ပြီးခဲ့သည့် ...စ်နှစ်အတွင်း သူ့မှာ ဘာအလုပ်အကိုင်မှ မည်မည်ရရ မရှိသော်လည်း ...ခြားအဆောင်သားများထက် အောက်မကျဘဲ စိုပြည်စွာ နေထိုင်နိုင်ခဲ့ ...ည်။ သူ့အပြောအရ သူသည် မန္တလေးဇာတိဖြစ်ပြီး မိဘတွေက ပွဲရုံ ...ပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ သူက ဂျပန်သွားရန် ရည်ရွယ်ချက်ဖြင့် ...ကုန်မှာ အဆောင်၌ ခေတ္တနေထိုင်သူဖြစ်ကြောင်း၊ မိဘတွေက ကြွယ်ဝ ...်းသာသူများမို့ သူ့ထံ ငွေမှန်မှန်ပို့ကြကြောင်း၊ သူသည် မန္တလေး ...က္ကသိုလ်တွင် ရူပဗေဒအထူးပြုဘာသာဖြင့် (B.SC)ဘွဲ့ရထားပြီးသူ ...ကြောင်း၊ သူက မိဘများ၏လက်ငုတ်လက်ရင်းအလုပ်ကို ဝါသနာ ...သဖြင့် တိုင်းတစ်ပါး သွားရောက်စွန့်စားချင်သူဖြစ်ကြောင်း.. သိရှိ ...ည်။

တကယ်တော့ သူက မန္တလေး၌ လိမ်လည်မှုတစ်ခုကို တိမ်း ...ှောင်ရင်း ရန်ကုန်သို့ ရောက်လာခဲ့ခြင်းဖြစ်၏။ မိဘတွေလည်း သူ့မှာ ...တော့..။ တစ်ကောင်ကြွက်ဖြစ်သော သူ့ကို ဦးလေးတစ်ယောက် ...မွေးစားခဲ့ကာ၊ ဦးလေး၏မိသားစုတွင် အနှိမ်ခံဘဝဖြင့် သီဟတစ် ...ောက် ကြီးပြင်း လူလားမြောက်လာခဲ့ရသည်။ သီဟသည် အနှိမ်ခံဘဝ ...သူ့ကို ဝိုင်းနှိမ်ကြသူများကို လက်စားချေလိုစိတ် ပြင်းပျခဲ့၏။ ဒါကြောင့် ...ချမ်းချမ်းသာချင်သည်။ သူ သူဌေးကြီးဖြစ်လာတဲ့အခါ သူ့ကိုနှိမ်ခဲ့ ...သူတွေကို လက်စားချေနိုင်လိမ့်မည်ဟူသော မှားယွင်းသည့်အယူအဆ ... သီဟက ငွေကို ဖြတ်လမ်းနည်းတွေသုံး၍ ရှာခဲ့သည်။ သီဟ၏ ...ကြောင့် ဦးလေးအိမ်ပေါ်မှလည်း ဆင်းလာခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် သီဟမှာ ဆယ်ကျော်သက်အရွယ်ကတည်းကပင် ရာဇဝတ်မှုကို ကျူးလွန်တတ်သူဘဝသို့ ရောက်ခဲ့ရတော့သည်။ နောက် ပိုင်း၌ သူ့အကြောင်းကို လူတွေက ရိပ်စားမိလာ၍ သူက မန္တလေးမြို့ ကို စွန့်ခွာရန်အထိ ဖြစ်လာလေ၏။ သူ ရန်ကုန်သို့ရောက်လာတော့ လည်း တခြားလူငယ်တွေလို ရရာအလုပ်ကို ကြိုးစားလုပ်ကိုင်ဖို့ စိတ် မကူးဘဲ သူတစ်ပါးအပေါ် လှည့်စားလိမ်လည်၍ ထမင်းရှာစားခဲ့သည်။ အချောင်ရသည့်ငွေတွင် သာယာနေမိသဖြင့် သူ့ဘဝသည် ခါးပိုက်နှိုက် လူလိမ်တစ်ယောက်အဖြစ်မှ ရုန်းထွက်မရတော့ခြင်းဖြစ်ပါသည်။

ဒါပေမဲ့ သူသည် အခုချိန်အထိ ကံကောင်းပြီး အဖမ်းမခံ သေးပေ။ သီဟမှာ ပင်ကိုဉာဏ် ထက်မြက်သော လူငယ်တစ်ယောက် သူ့လုပ်ရပ်တွေက ပိရိသပ်ရပ်စွာ ပြီးမြောက်သွားခဲ့သည်ချည်းဖြစ် သူသည် အဆောင်၌ ပါးနပ်စွာနေသည်။ လူအများနှင့် တည့်အော ပေါင်းသည်။ ကူညီစရာရှိရင်လည်း သီဟက ကူညီသည်။ ထို့ကြော သီဟကို အဆောင်ပိုင်ရှင် အဖွားကြီးဒေါ်သောင်းကပင် လိုလိုလားလာ ရှိလေသည်။

သီဟသည် ပထမဦးစွာအိပ်ရာမှထ၍ မျက်နှာသစ်၊ သွားတို ပြီး ရေမိုးချိုးပစ်လိုက်၏။ သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွာ လမ်းထိပ်က 'ဇင်ယော်'လက်ဖက်ရည်ဆိုင်မှာ ကျစိမ့်တစ်ခွက်ကို အရသ ခံကာ သောက်သည်။ လက်ဖက်ရည်သောက်ရင်း ဘေးနားဝိုင်းများ သူလှေ့လာကြည့်လိုက်မိ၏။ အချဉ်နှစ်ကောင်၊ သုံးကောင်လောက် တွေ ရသည်။

သို့သော် သီဟက ဒါမျိုးတွေကိုမလုပ်. . .။ ကိုယ့်အ ပတ်ဝန်းကျင်၊ ကိုယ့်အဆောင်၊ ကိုယ့်ရပ်ကွက်. . . လိုနေရာများ သီဟက ရှောင်သည်။ သူက မန္တလေးမှာတုန်းက ရပ်ကွက်ထဲ၌ နာမ



ျက်နဲ့ ကျော်ဇောသူတစ်ဦး၏ဘဝကို ကြုံခဲ့ဖူးပြီ မဟုတ်ပါလား။

အခုတော့ သီဟသည် အတွေ့အကြုံများသော ဝါရင့်ဘတ်သီး တစ်ယောက်ဖြစ်နေလေပြီ။ သူက ခြောက်မိုင်ခွဲ၌ လက်ဖက်ရည်သောက် ပြီး လှည်းတန်းဘက်ဆီသို့ (၅၁) ဘတ်စ်ကားကိုစီး၍ ထွက်လာခဲ့ သည်။

(၅၁) အဲကွန်းဘတ်စ်ကားကြီးသည် အဲကွန်းမဖွင့်တာ နှစ်နှစ်ချီ ကြာနေခဲ့ပြီ။ စပါယ်ယာများသည် အဲကွန်းအစား ပြတင်းပေါက်များ သော ဖွင့်ထားကြ၏။ ကားပေါ်သို့ သီဟရောက်သွားသည့်အချိန်သည် ကျောက်ရုံးတက်ချိန်ဖြစ်သောကြောင့် ကားတစ်စီးလုံးမှာ ကျပ်ညပ်လျက် ရှိ၏။

သူ့မျက်လုံးများက ဘတ်စ်ကားပေါ်၌ အလေ့အကျင့်တစ်ခုလို ဝိုက်သည်သည် စူးစမ်းလေ့လာမိသွားပါသည်။ ရုတ်တရက် သူ့မျက်လုံး လှုပ်ရှားမှုများသည် တဒင်္ဂမျှ ရပ်တန့်၍သွား၏။ အသားဖြူဖြူ မျက် လုံးဝိုင်းဝိုင်းစက်စက်နှင့် ချစ်စရာကောင်းလှသော ကောင်မလေးတစ် ယောက်. . .။ သူမ၏ဆံပင်ကြိုးမျှင်မျှင်နှင့် စိန်လေ့ကတ်ဒီဇိုင်းအဆန်းလေး သည် သူတို့လိုလူတွေအတွက် လွယ်ကူသော ပစ်မှတ်တစ်ခုဖြစ်ပါသည်။

သီဟက ကိုယ့်ကိုယ်ကို အံ့ဩနေမိ၏။ ထိုကောင်မလေးကို ဘာ မလုပ်ရက်ဘဲ ဘာကိုမှန်းမသိသည့် တစ်စုံတစ်ရာကိုလည်း သူက စောင့်နေပြန်သည်။ သူ့ရဲ့ခါးပိုက်နှိုက် သက်တမ်းတစ်လျှောက်၌ ဒီတစ် ခါပဲ တည်းသာ သူက လုပ်သင့်၊ မလုပ်သင့် တွေဝေနေခဲ့ဖူးသည်။ ဘတ်စ်ကားကြီးသည် တအိအိနှင့် မောင်းနှင်လာနေ၏။

ခြောက်မိုင်ခွဲမှ တံတားဖြူ၊ တံတားဖြူမှ မာလာ၊ ဟော. . . ကာတစ်မှတ်တိုင်ဆို လှည်းတန်းကိုရောက်ပြီ။ လှည်းတန်းကျော် ကျောင်း သူတွေက ပြန်ချောင်သွားတော့မှာမို့ အလုပ်လုပ်မည်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်က အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ကောင်မလေးမှာ လှည်းတန်း၌ ဆင်းမည့်လူအုပ်ထဲကို အတင်းတိုးနေရာ တဖြည်းဖြည် သူ့အနီးသို့ ရောက်ရှိလာ၏။ သီဟာက သူအဆင်မပြေတာကြာပြီဆိုသော အသိဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ပါသည်။

သူနှင့် ကောင်မလေးမှာ လူအုပ်ကြား၌ ပူးကပ်သွားကြသည် သီဟာက ဖျတ်ခနဲ တစ်ချက်လှုပ်ရှားလိုက်ပါသည်။ လှည်းတန်းရောက် တော့ ကားကြီးက တုန့်ခနဲ ထိုးရပ်သွား၏။ လူတွေက ကားပေါ် အတင်းတိုးဝေ့ကာ လုပြီးဆင်းနေကြသည်။ သီဟာက ကားပေါ်မှဆင် မယောင်နှင့် ဆင်းမည့်လူတွေကြားထဲ ဝင်တိုးခဲ့သော်လည်း တကယ်တမ် ၌ အပေါက်ဝတွင် ဘေးသို့ကပ်၍ နေရစ်ခဲ့၏။

ကောင်မလေးကတော့ ဖိုင်လေးကိုပိုက်ကာ ကားပေါ်မှ ဆင် သွား၏။သီဟာလက်ထဲတွင် သူမ၏စိန်လော့ကတ်နှင့် ဆွဲကြိုးမျှင်မျှင်လေ ရှိနေလေသည်။

သီဟာသည် ကားကို မြေနီကုန်းရောက်သည်အထိ ဆက် စီးလာခဲ့၏။တကယ်ဆို အလုပ်အောင်မြင်သွားသဖြင့် ပျော်နေရမည် အစား သူ့ရင်ထဲတွင် လေးလံနေရ၏။

ဒါဘာကြောင့်ပါလိမ့်။

သူ့အတွေးထဲ၌ ဖြူစင်သောဟန်ပန်နှင့် သူမ၏ပုံရိပ်များ ဝင်ရောက်လာပြန်သည်။ သီဟာသည် ခေါင်းကိုရမ်း၏။ သက်ပြင်း ချ၏။

ပြီးတော့.. သူ့လက်ထဲက သူမ၏ဆွဲကြိုးလေးကိုငုံကြည့်လို မိသည်။ ပထမဦးဆုံးအကြိမ်အဖြစ် သူနောင်တရချင်သလိုလို ခံစားရသေ သည်။

❑

## အခန်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com

ထွန်းထွန်းသည် အိမ်ပြတင်းပေါက်မှ ချောင်းကြည့်လိုက်၏။ သူ့အိမ်ခန်းနှင့် မျက်စောင်းထိုး အနေအထားတွင်ရှိသော လက်ဖက်ရည်ဆိုင်၌ မျက်မှန်အနက် တပ်ထားသည့် လူစိမ်းကို မနေ့ညနေတုန်းက အတိုင်း တွေ့လိုက်ရသဖြင့် ထွန်းထွန်း ရှုံ့မဲ့သွားသည်။

ဒါ... သူ့ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေခြင်းမျိုးပဲဟု ထွန်းထွန်းခံစားရ၏။ အဲဒီလူစိမ်းသည် သူတို့ရပ်ကွက်ထဲက မဟုတ်တာ လုံးဝသေချာသည်။ ဒီရပ်ကွက်ထဲက မဟုတ်ပါဘဲ၊ ဒီရပ်ကွက်သားတစ်ယောက်တလေနဲ့တောင် မသိကျွမ်းပါဘဲ... နှင့် လူစိမ်းက ထိုလက်ဖက်ရည်ဆိုင်၌ လာထိုင်နေသည်မှာ ဒီနေ့နဲ့ပါဆို သုံးရက်မြောက်ရှိပြီဖြစ်သည်။



ထိုလက်ဖက်ရည်ဆိုင်မှာ မြေစိုက်တဲလေးမျှသာဖြစ်ပြီး လူစိမ်းတစ်ယောက် တကူးတက လာထိုင်နေရန် ဘာအကြောင်းမှမရှိ..ဟု သူထင်သည်။ ဘာစားသောက်ဖွယ်ရာမှလည်း မရသည့်အပြင် လက်ဖက်ရည်က အလွန်ညံ့ဖျင်းလှ၏။ ထွန်းထွန်းမှာ သူ့အလုပ်အကိုင်ကြောင့် ပတ်ဝန်းကျင်အား အမြဲဂရုစိုက်နေရသူပီပီ၊ ထိုလူစိမ်း၏ရည်ရွယ်ချက်ကို မျိုးစုံခန့်မှန်းကြည့်နေရသည်။ သူက အိမ်ထဲမှနေ၍ လူစိမ်းရဲ့လှုပ်ရှားမှုတွေကို တန်ပြန်စောင့်ကြည့်နေခဲ့ရာ မသင်္ကာစရာအချက်တွေကို တွေ့မြင်ခဲ့၏။

လူစိမ်းသည် သူ့အခန်းဆီ မကြာခဏဆိုသလို လှမ်းကြည့်တတ်ခြင်းနှင့်ဟန်းဖုန်းဖြင့် တစ်နေရာရာကို သတင်းပို့သကဲ့သို့ ပြောဆိုနေခြင်း... တို့သည် ထွန်းထွန်း၏ စိုးရိမ်စိတ်များကို ပို၍ အထွန့်အထိပ်ရောက်စေခဲ့သည်။

ဒါ့အပြင် ဟိုတစ်နေ့တုန်းက ဘောလုံးကွင်းထိပ်တွင် သူဖျံကျထားခဲ့သော သုံးချပ်မှောက်ဖဲသမားနှစ်ယောက်ကလည်း ထွန်းထွန်းတို့လမ်းထဲအထိ လာလှုပ်ရှားသွားကြကြောင်း ဖိုးဇော်ထံမှသတင်းရထား၏။ ထွန်းထွန်းက သေချာစဉ်းစားကာ အခြေအနေကို သုံးသပ်ချင့်ချိန်လိုက်တော့ ဒီရပ်ကွက်သည် သူ့အတွက် မလုံခြုံတော့ဟု သူနားလည်သွားပါသည်။ ခြောက်လငှားထားသည့်အခန်းမှာ စာချုပ်ပြည့်ဖို့ တစ်လကျော် လိုသေးသော်လည်း ထွန်းထွန်းက နှမြောမနေဘဲ ဒီအခန်းကို စွန့်ခွာသွားရန် ဆုံးဖြတ်လိုက်၏။

သူ့တစ်ကိုယ်စာ ပစ္စည်းပစ္စယများကို သိမ်းဆည်းပြီးနောက် ထွန်းထွန်းမှာ ညဉ့်နက်သည်အထိ စောင့်ရပြန်သည်။ ည(၁၂)နာရီထိုးချိန်ရောင် သူသည် ဘယ်သူ့ကိုမျှ နှုတ်မဆက်ဘဲ ထိုအခန်းမှ ထွက်ခွာလာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက ထွင်န်ထွင်န်သည် တစ်ညလုံးမအိပ်ဘဲ ကြည့်မြင်တိုင် ညဈေးဒွ လက်ဖက်ရည်ဆိုင်ထိုင်ပြီး မိုးလင်းစေခဲ့သည်။ တစ်ညလုံး စဉ်းစားခဲ့ပြီးနောက် မိုးလင်းလာချိန်မှာတော့ သူ အဖြေရသွားပါ၏။ လောလောဆယ်၌ သူ့ဆီမှာ ဘတ်သီးကျ၍ ရထားသော ပိုက်ဆံသုံးသိန်း ခန့်နှင့် ရွှေတစ်ကျပ်သား ဆွဲကြိုးတစ်ကုံး ပါလာသည်။

သင့်လျော်သောရပ်ကွက်တစ်ခု၌ အခန်းငှားနေလျှင် ဖြစ်သော်လည်း ထွင်န်ထွင်န်က သိုသိုသိပ်သိပ်သာ နေချင်မိ၏။ ဒါကြောင့် သူက အခန်းထပ်မငှားတော့ဘဲ ဘော်ဒါဆောင်တစ်ဆောင်မှာ မထင်မရှား နေထိုင်ဖို့ ဆုံးဖြတ်ထားလေသည်။

ထိုဆုံးဖြတ်ချက်ကြောင့် ထွင်န်ထွင်န်သည် ရန်ကုန်မြို့၌ အဆောင် အများဆုံးရှိသော လှည်းတန်း၊ စံရိပ်ငြိမ်၊ ခြောက်မိုင်ခွဲ... အစရှိ သည့်နေရာများသို့ အဆောင်ငှားရန် ရောက်ရှိလာခဲ့ပါသည်။

ကံကြမ္မာ၏ လှုံ့ဆော်ပေးမှုကြောင့် ထင်သည်။ ထွင်န်ထွင်န်မှာ ခြောက်မိုင်ခွဲရှိ ဒေါ်သောင်းရွှေအဆောင်တွင် တစ်ယောက်ခန်းတစ်ခန်း ကိုရရှိသွား၏။ သူ့အခန်းသည် တိုက်ဆိုင်စွာပင် သီဟ၏အခန်းနှင့် ဘေးချင်းကပ်လျက် ဖြစ်နေ လေသည်။

ဘဝတူ၊ ပုံသဏ္ဍာန်တူ၊ အလုပ်အကိုင်တူ၊ ဉာဏ်ရည်ဉာဏ် သွေးတူသော လူငယ်နှစ်ယောက်သည် အဆောင်တစ်ခု၏ တစ်မိုးတည်း အောက်တွင် လာရောက်ဆုံစည်းနေခဲ့ပြီ။

‘ဘာတွေဆက်ဖြစ်ကြဦးမလဲ’ ဆိုတာ ဘယ်သူမှ မသိနိုင်သော မေးခွန်းဖြစ်ပါသည်။

သူတို့၏ ဖြူစင်သန့်ရှင်းသည့် မေတ္တာတရားများက လူသား ဆန်သောနှလုံးသားဆိုတာ ဘယ်နေရာတွင်မဆို ရှိနိုင်ကြောင်းကို သွယ်ဝိုက်သက်သေခံလျက်ရှိပါသည်။



ကမ္ဘာလောကကြီးသည် လူတွေကို ခြင်းချက်တစ်ခုစီနှင့် ပြီး ပြည့်စုံနေစေလေသည်။ ဒါကို လူသားများဘက်မှ ကျေနပ်လိုက်ရန် သာလို၏။

တကယ်တော့ တစ်စုံတစ်ရာ ချွတ်ယွင်းနေမှပဲ လူသားစင်စစ် ဘဝကို ရရှိနိုင်ပါသည်။

●

သီဟသည် သူ့ဘေးနားအခန်းသို့ လူသစ်ပြောင်းလာသဖြင့် အခြေအနေကို စောင့်ကြည့်လျက်ရှိ၏။ ထိုလူသစ်သည် ပစ္စည်းပစ္စယ သိပ်မများလှ။ ဒါပေမဲ့ ငွေကြေးတော့ အဆင်ပြေပုံရသည်။ သိပ်ဆူဆူ ညံညံ မလုပ်တတ်သူဟုလည်း သူမှတ်ချက်ချလိုက်မိသည်။

သို့သော် အရေးကြီးသည့် အချက်ကိုတော့ သူမသိရသေးသဖြင့် လုံးဝဥဿုံစိတ်မချနိုင်ဘဲရှိ၏။ အဲဒါကတော့ ထိုလူသစ်သည် သူများ အကြောင်း စပ်စုတတ်သူတစ်ယောက် မဖြစ်ရေးပင်ဖြစ်လေသည်။

ဩော်... ဒေါ်သောင်းရွှေအဆောင်၏ ဖွဲ့စည်းပုံကို ဖြတ်၍ ပြောပြရဦးမည်။ ဒေါ်သောင်းရွှေအဆောင်ဆိုတာ တစ်ယောက်ခန်း လေး ခန်းစီပါသော နှစ်ထပ်အိမ်ကြီး တစ်အိမ်သာဖြစ်သည်။ အဆောင်ပိုင်ရှင် ဒေါ်သောင်းရွှေတို့မိသားစုက အဆောင်အဆောက်အအုံနှင့် အယ်လ် (L)ထောင့်ချိုးပုံသဏ္ဍာန် ဆောက်လုပ်ထားသည့် သစ်သားတစ်ထပ် အိမ်လေးတွင်နေသည်။

အဆောင်မှာ စုစုပေါင်းတစ်ယောက်ခန်း ရှစ်ခန်းရှိသော အထက်အောက် အခန်းတွဲကြီးနှစ်တွဲ ဖြစ်လေသည်။

ကဲ... အံ့ဩစရာ ကံကြမ္မာကို ဆက်၍ကြည့်ရှုကြပါစို့။ သူ

www.burmeseclassic.com

www.burmeseclassic.com



တို့အဆောင်၏အောက်ထပ်မှ စတင်ရသော် အခန်းနံပါတ်(တစ်)နှင့် (နှစ်)၌ သုံးချပ်မှောက် ဖဲသမားနှစ်ယောက်ဖြစ်သည့် ဖေစိုးအောင်နှင့် မျိုးကျော်တို့နေကြသည်။ ထွင့်ထွင့်သည် သူတို့ရန်ကို ကြောက်သဖြင့် မြောက်ဥက္ကလာပမှ ထွက်ခွာလာခဲ့တာမှန်၏။ ဒါပေမဲ့ ထွင့်ထွင့် ပြောင်းလာသည့်နေရာမှာ သူတို့နေသော ဘူမိနက်သန်ဖြစ်၍နေလေ၏။ သူတို့ပြီးတော့ . . အခန်းနံပါတ်(သုံး)၌ ယနေ့ရုပ်ရှင်ဗီဒီယိုလောက၌ နာမည်ရခါစ မင်းသမီးမေဝင်းထွင့်၏ ပင်တိုင်မိတ်ကပ်ဆရာ မာမီတိုး(ခေါ်) တိုးမိုးနောင် နေထိုင်ပါသည်။ အခန်းနံပါတ်(လေး)တွင်တော့ အသက်လေးဆယ်ခန့်ရှိသည့် အင်္ဂလိပ်စာ ကျူရှင်ဆရာတစ်ယောက်နေ၏။ အမည်ရင်းမှာ ဦးချစ်စိုးဖြစ်သော်လည်း သူ့ကို တစ်ဆောင်လုံးက တရုတ်ဘိန်းစားပုံနှင့်တူသဖြင့် ‘ဘွန်ဟောင်း’ဟုသာခေါ်ကြသည်။ ဦးချစ်စိုး (ခေါ်)ဘွန်ဟောင်းသည် သူ့အသက် လေးဆယ်ရှိပြီဆိုတာကို အထူးလျှို့ဝှက်ထား၏။ မပြော၍ မဖြစ်၊ ပြောရမည်ဆိုလျှင်လည်း သူက အသက်သုံးဆယ်ကျော်ပြီဟုသာ ပြောတတ်လေသည်။

အဆောင်အပေါ်ထပ်၏ ပထမဆုံးအခန်းနံပါတ်မှာ (ငါး)ဖြစ်၏။ ထိုအခန်းတွင်နေသူသည် အောင်လံမြို့မှ ကွန်ပျူတာသင်တန်းလာတက်သည့် သရုပ်ဆောင်ရူးတစ်ယောက်ဖြစ်ကာ သူ့နာမည်မှာ ‘ကွက်ကြား’ဟူ၍ အမည်တွင်သည်။ ထိုနာမည်မှာ အိမ်နာမည် မဟုတ်၊ ကျောင်းနာမည်ဖြစ်ပြီး မှတ်ပုံတင်ထဲတွင်လည်း ‘ကွက်ကြား’ဟုသာ ရေးထား၏။ ကွက်ကြားသည် ဆယ်တန်း အောင်ပြီးခါစ၊ အသက်ကတော့ ဆယ့်ရှစ်နှစ်လောက်ပဲရှိဦးမည်။

သူနှင့်ကပ်လျက် အခန်းနံပါတ်(ခြောက်)တွင် အသက်နှစ်ဆယ့်ငါးနှစ်အရွယ် သဘော်သားတစ်ဦး နေထိုင်သည်။ ထိုသဘော်သား၏ အမည်က ‘ဝင်းလွင်ဦး’ . . ။ ဘိုကလေးသားဖြစ်သည်။ သူ၏ထူးခြား



ချက်မှာ သူ့ခေါင်း၌ ဆံပင်တစ်မျှင်မှ မပေါက်ခြင်းဖြစ်၏။ ဒါကြောင့် သူ့ကို အဆောင်သားများက ‘ချိုးဗူး’ဟုခေါ်ကြသည်။ အစပိုင်း၌ ထိုနာမည်သည် တရားဝင်မဟုတ်သေး . . ။ များသောအားဖြင့် သူ့ကွယ်ရာတွင်သာ ခေါ်ကြသော်လည်း၊ နောက်ပိုင်းကျတော့ သူ့ရှေ့မှာ ပေါ်တင်ပဲခေါ်ကြတော့သည်။ ချိုးဗူးသည် ဘောလုံးသမား အလွန်ဖြစ်ချင်နေသူလည်းဖြစ်၏။ သူ အားကျလေးစားသူမှာ ရိုမေးနီးယားလက်ရွေးစင်၊ ရိုးမားအသင်းနောက်ခံလူ ‘ချိုဗူး’ဖြစ်၏။ ချိုးဗူးနှင့်ချိုဗူးသည် ဘာမှသိပ်မကွာကြောင်း သူက မကြာခဏ ပြောတတ်သေးသည်။ သူ၏ သဘော်သားအတွေ့အကြုံမှာ မနှစ်တုန်းက စင်္ကာပူသို့ တစ်ခေါက်ရောက်ဖူး၏။ ဘခြားသဘော်သားတွေနှင့် မတည့်သဖြင့် ကပ္ပတိန်ကိုယ်တိုင် အတင်းအိမ်ပြန်ခိုင်းရတဲ့အထိ ချိုးဗူးက အစွမ်းထက်လေသည်။

ဝင်းလွင်ဦး (ခေါ်) ချိုးဗူး (ခေါ်) ချိုဗူး၏အခန်းပြီးတော့ အခန်းနံပါတ် (ခုနစ်) . . ။ ထိုအခန်းက သီဟ၏အခန်းဖြစ်သည်။ သူ့ဘေးနားရှိ အခန်းနံပါတ် (ရှစ်) ကတော့ လွန်ခဲ့သော ငါးလလောက်က လူလွတ်နေခဲ့ပြီး၊ အခုမှ ထွင့်ထွင့်၏အခန်း ဖြစ်လာခဲ့ရသည်။ ဒေါ်သောင်းရွှေအဆောင်သည် သူ မရောက်လာခင်ကပင် ခြောက်မှိုင်ခွဲ၌ လူဆိုးများ၏အဆောင်ဟူ၍ နာမည်ကြီးလှပါသည်။

အဖွားကြီးဒေါ်သောင်းရွှေမှာ ယောက်ျားမရှိတော့ . . ။ ဆုံးသွားဘာ ဆယ်နှစ်ကျော်ပြီဟု သိရသည်။ ဒေါ်သောင်းရွှေဆီမှာ ‘ရွှေစာ’ဆိုသော သမီးတစ်ယောက်တည်းသာရှိပြီး၊ ထိုသမီးကတော့ ယောက်ျားနှစ်ယောက်ရှိလေ၏။ ပထမ အိမ်ထောင်နှင့် သားသမီးမရဘဲ၊ ယခုလက်ရှိ ဒုတိယယောက်ျားနှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။ မရွှေစာ၏ လက်ရှိယောက်ျား ကိုခင်မောင်ကြည်မှာ ယခင်က သူတို့အဆောင်တွင် ငှားနေပြီး (Taxi) မောင်းသူတစ်ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





ကိုခင်မောင်ကြည်သည် အဆောင်ပိုင်ရှင်၏သမီး တစ်ခုလပ် မရွှေစာနှင့် အကြောင်းပါပြီးနောက် (Taxi) ကိုမမောင်းတော့...။ အခုသူက ဒီအဆောင်၏ အဆောင်မှူးလည်းဖြစ်ပါသည်။ အရင်ယောက်ျားနဲ့တုန်းက သား၊ သမီးမထွန်းကားခဲ့သော မရွှေစာသည် ကိုခင်မောင်ကြည်နှင့်ကျတော့ တရားဝင် လက်မထပ်ရသေးဘဲ ကိုယ်ဝန်ရှိနေခဲ့သည်။ ဒီလိုနှင့် သူတို့လက်ထပ်လိုက်ကြ၏။ အိမ်ထောင်သက် (၂) နှစ်အတွင်းမှာပင် သူတို့လင်မယားသည် သားတစ်ယောက်၊ သမီးတစ်ယောက် ပိုင်ဆိုင်လာခဲ့တော့သည်။ သားနာမည်က မောင်မောင်ကြည်ဖြစ်ပြီး သမီးနာမည်မှာ မရွှေကြည် ဟူ၍ဖြစ်၏။

အဆောင်မှူး ကိုခင်မောင်ကြည်သည် အခန်းနံပါတ် (တစ်) နှင့် (နှစ်) မှ ကိုဖေစိုးအောင်နှင့် မျိုးကျော်တို့ကို လုံးဝမကျေနပ်ချေ။ အကြောင်းမှာ ဖေစိုးအောင်နှင့် မျိုးကျော်တို့သည် ညတုန်းက အရက်တွေမူးပြီး အဆောင်သို့ အပျက်မတစ်ဦး ခေါ်လာခဲ့ကြခြင်းကြောင့် ဖြစ်သည်။ သူတို့သည် တစ်ချပ်မှောက် ဖဲသမားများအဖြစ် နယ်လှည့်လိမ်လည်နေကြသူတွေ ဖြစ်ကြသော်လည်း ဒီအဆောင်တွင်တော့ သူတို့၏ အလုပ်အကိုင်ကို ပွဲစားဟု အသိပေးထားလေသည်။

ဒါပေမဲ့ ဖေစိုးအောင်နှင့်မျိုးကျော်တို့ကို ကိုခင်မောင်ကြည်က နည်းနည်းပါးပါးတော့ ရှိန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့နှစ်ယောက်မှာ ဒီအဆောင်တွင် ဝါအရင့်ဆုံး အဆောင်သားတွေဖြစ်သည့်အပြင်၊ ကိုခင်မောင်ကြည်ကို ဒီအဆောင်သို့ စတင်ခေါ်လာကြသူများလည်းဖြစ်ကြ၏။ ဒါတင်မကသေး...။ သူတို့နှစ်ယောက်၏ ကူညီပံ့ပိုးမှုများကြောင့် ကိုခင်မောင်ကြည်နှင့် မရွှေစာတို့မှာ အခုလိုနီးစပ်သွားကြသည် မဟုတ်ပါလား။

သို့သော် ဒါတွေက အတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ လက်ရှိအချိန်တွင် ဖေစိုးအောင်နှင့် မျိုးကျော်တို့သည် အဆောင်စည်းကမ်းများကို ထင်သလို ချိုးဖောက်နေကြ၏။ ဒါသည် သူ့ရဲ့အဆောင်မှူးရာထူးအား ခန့်လေးစားလုပ်ခြင်းဟုလည်း ယူဆ၍ရသည်။ နောင်အခါ အဆောင်မှူးတစ်ယောက်အနေနှင့် အခြားအဆောင်သားများကို အရေးယူရန် ကြုံကြိုက်လာသည့်အခါ၌ သူများထောက်ပြစရာ ဖြစ်နေပေလိမ့်မည်။

ဖေစိုးအောင်နှင့်မျိုးကျော်တို့သည် အဆောင်ထဲမှာ ညတိုင်း အရက်သောက်ကြသည်။ ညဉ့်နက်သန်းခေါင်အချိန်များတွင် နှစ်ယောက်သား ဆူညံစွာ ငြင်းခုံရန်ဖြစ်ကြသည်။ ရံဖန်ရံခါ ဖဲဝိုင်းထောင်တတ်သည်။ အဆိုးရွားဆုံးမှာ အဆောင်တွင်းသို့ ညဉ့်ငှက်မလေးတွေကို ခေါ်သွင်းနေခြင်းပင်ဖြစ်သည်။

မရွှေစာက အကုန်သိသော်လည်း သူတို့နှစ်ယောက်ကို တော်ရုံဟန်ရုံလောက်နဲ့ ပြောတာမဟုတ်...။ ဒါပေမဲ့ အခုလိုကိစ္စမျိုးကိုတော့ သူမလည်း မကြိုက်ပေ။ ပြီးတော့... ဒေါ်သောင်းရွှေကြီး သိသွားလျှင် ရှေ့လယ်ခေါင် မိုးကြိုးပစ်သကဲ့သို့ အကြီးအကျယ် ပြဿနာဖြစ်ကုန်လိမ့်မည်။ ဒါကြောင့် မရွှေစာက သူမယောက်ျား ကိုခင်မောင်ကြည်ကို ဟိုနှစ်ယောက်အား တားမြစ်အရေးယူပေးဖို့ ဖိအားတွေ ပေးနေရ၏။ အဆောင်မှူးခမျာ ဒီကိစ္စ၌ အတော် လုပ်ရကိုင်ရခက်ခဲနေလေသည်။

အခုဆိုအဆောင်၌ ထွင့်ထွင့်ဆိုသည့် လူသစ်တစ်ယောက်လည်း ထပ်ရောက်နေပြီ။ ကိုခင်မောင်ကြည်သည် အဆောင်မှူးဆိုတာ ဘာလဲဟု သူ့ကိုယ်သူ မေးခွန်းတွေ ပြန်ထုတ်နေ၏။

ထိုစဉ် ..........

ဝုန်း ... ဝုန်း ... ဝုန်း ...။

www.burmeseclassic.com



အကြဲအိုက်နေသော အဆောင်မှူးနားစည်များသို့ အော်ဟစ်ရန်ဖြစ်သံတွေက ရုတ်တရက် တိုးဝင်ရိုက်ခတ်လာကြသည်။ အခြေအနေက တကယ့်ကို ရုန်းရင်းဆန်ခတ်ဖြစ်နေ၏။ ထွန့်ထွန့်ကို သီဟာက အပေါ်လှေကားထိပ်၌ မနည်းဆွဲထားရသည်။ အောက်မှာက ဒေါသနှင့်ပေါက်ကွဲနေသော ဖေစိုးအောင် နှင့်မျိုးကျော်တို့က အပေါ်ထပ်ရှိ ထွန့်ထွန့်ကို ပြန်လည်စိန်ခေါ်လျက်ရှိသည်။ ကိုခင်မောင်ကြည်က အနေအထားကို တွက်ချက်ကြည့်လိုက်ပါသည်။

သို့သော်. . သူ ဘာမှအဖြေမရ. . ။ ဒီနေ့မနက်မှ အဆောင်ကို စရောက်လာသည့် ထွန့်ထွန့်နှင့် ဖေစိုးအောင်တို့၏ရန်ပွဲသည် ဘယ်လိုအဓိပ္ပာယ်ကို ဖော်ဆောင်နေပါသနည်း။

အဆောင်မှူးသည် ရန်ပွဲကို ဖြန်ဖြေဖို့ မေ့လျော့ကာ ငေးကြောင်၍ ကြည့်နေမိသည်။ အိမ်ထဲမှ မရွှေစာထွက်လာပြီး ကိုခင်မောင်ကြည်ကို တွန်း၍ပြောလိုက်၏။

''ဒီလောက်ဖြစ်နေတာကို သွားဆွဲလေ။ ဘာရပ်ကြည့်နေတာလဲ''

ကိုခင်မောင်ကြည်လည်း ဒီတော့မှ သတိဝင်လာကာ ဖေစိုးအောင်ကို ပြေးဆွဲ၏။ မျိုးကျော်ကို အင်္ဂလိပ်စာဆရာ ဘွန်ဟောင်းက မနိုင်မနင်းဖြင့် ထိန်းချုပ်နေရသည်။ ဘွန်ဟောင်းက အော်၍အကူအညီ လှမ်းတောင်းလိုက်ပါ၏။

''အမယ်လေး. . လာကြပါဦး၊ လာကြပါဦး၊ ချီးပူးရေ . . . ချီးပူး. . . ''

ဘွန်ဟောင်း၏အသံကြောင့် ဝင်းလွင်ဦး (ခေါ်) ချီးပူးနှင့် မာမီတိုးတို့က ပြေးလာကြပြီး မျိုးကျော်ကို မိတ်နေရာအတိုင်း မလွှတ်တမ်းပင် ဆွဲကိုင်ထားကြ၏။ မျိုးကျော်သည် လူအင်အားများလာသဖြင့် ခဏငြိမ်ကျသွား၏။ အဆောင်မှူး ကိုခင်မောင်ကြည်ကတော့ ဖေစိုးအောင်ကို သူ့တစ်ယောက်တည်းရအောင် ထိန်းထားနိုင်ခဲ့သည်။

အပေါ်ထပ် လှေကားထိပ်တွင်လည်း ထွန့်ထွန့်ကို သီဟာအပြင် ဘွက်ကြားကပါ ကူဆွဲပေးထားတာကြောင့် ရန်ပွဲမှာ ယာယီရပ်တန့်သွားရ၏။ အဲဒီအခိုက်အတန့်လေး၌ မျိုးကျော်က သူ့ကို ဖိုင်းချုပ်ထားသူများအနက် မာမီတိုး၏မျက်နှာကို လက်သီးဖြင့် 'ခွပ်'ခနဲ ထိုးချပစ်လိုက်သည်။ ဘယ်သူမှ ထင်မှတ်မထားသည့်အဖြစ်မို့ သူတို့အားလုံး ကြောင်သွားကြ၏။ မာမီတိုး (ခေါ်) မိတ်ကပ် တိုးမိုးနှောင်ဆီမှ အော်ငိုသံကြီးက တပြုံပြုံနှင့် ပေါ်ထွက်လာလေသည်။ မာမီတိုး၏ ငိုချင်းမှာ အခုလိုဖြစ်သည်။

''ဖြဲ. . . အမယ်လေး. . လေးလေး. . ၊ နာလိုက်တာ မျိုးကျော်ရယ် ရက်စက်လိုက်တာ. . ဖြဲ. . . ဟီး. . အီး. . ၊ နင်ငါ့ကို မထင်ထားတဲ့အချိန်မှာ စော်ကားလိုက်တာပဲ။ ဖြဲ. . ဖြဲ. . ၊အခုကိစ္စမှာ ငါ့အသားနာတာထက် အသည်းနှလုံးပိုနာတယ်. . သိလား။ အီး. . ဟီးဟီး. . ဖြဲ ဟီးဟီး. . . ''

ကိုခင်မောင်ကြည်က မာမီတိုးအား ငေါက်လိုက်၏။ မျိုးကျော်ကိုလည်း သူနားမလည်သည့်ကိစ္စအား ရှင်းပြခိုင်းပါသည်။

''ထွဲ. . . မာမီတိုး၊ အာပြဲကြီးနဲ့ အော်ငိုမနေနဲ့။ တော်ပြီ . . . ဘိတ်တော့၊ ဟေ့ကောင် မျိုးကျော်. . မင်းကရော သူ့မျက်နှာကို ဘာဖြစ်လို့ လက်သီးနဲ့ ထိုးလိုက်ရတာလဲ။ ပြောစမ်းပါဦး. . ''

ထိုအခါ မျိုးကျော်ဆီမှ ငိုသံနှင့်ရောကြိုထားသည့် အသံကြီးက ထွက်လာသည်။

''ကျွန်တော်ပြောလည်း မပြောချင်ဘူး။ ဒါပေမဲ့ အခုတော့က မပြောလို့လည်း မဖြစ်ဘူး။ မာမီတိုးရဲ့လက်က ကျွန်တော့်ရဲ့ ဟိုဒင်း



www.burmeseclassic.com

www.burmeseclassic.com





ဗျာ. . .။ ဟိုဒင်းကို နိုက်မိတော့ ယောင်ပြီး. . .''

မျိုးကျော်၏ ဖြေရှင်းမှု မဆုံးသေးခင်မှာပဲ သူတို့ဘာသာသူတို့ သဘောပေါက်ကာ ရယ်သံတွေက တဝေါဝေါ ထွက်ပေါ်လာသည်။ မာမီတိုးသည် မျိုးကျော်ရဲ့စကား ကြားရသောအခါ ငိုပြီး အကြောက်အကန် ငြင်းဆန်လေတော့၏။

''အမယ်လေး. . . မျိုးကျော်ရယ်. . . နင်ကပဲ စွပ်စွပ်စွဲစွဲ။ အဲဒီစကားကို မိန်းကလေးပြောဖို့လည်း ထားပါဦး။ ဟီးဟီး. . . အီး. . . ဒါနင်ငါ့ကို လူကြားထဲမှာ အရှက်ခွဲလိုက်တာပဲ။ အခုတော့ ငါ့မှာ အသားလည်း နာတယ်။ အသည်းလည်း နာတယ်. . . ဖြဲ. . . အီးဟီး. . .''

မာမီတိုးရဲ့အပြောကြောင့် သူတို့အားလုံး တခွီခွီနှင့် ရယ်လိုက်မိကြပြန်သည်။ မာမီတိုးကိစ္စ ကြားဖြတ်ဝင်လာသဖြင့် အမိကရန်ပွဲစတင်ပုံအကြောင်း မေးမြန်းရန် ကိုခင်မောင်ကြည်က အခုမှ သတိရသွား၏။ သူက ရန်ပွဲစဖြစ်ရသည့် အကြောင်းအရင်းကို မေးရန်ပြင်ဆင်လိုက်ရုံပဲ ရှိသေးသည်။ သူ့နောက်မှ အဖွားကြီးဒေါ်သောင်းရွှေ၏ ဩဇာကြီးမားလှသော အသံချိုချိုလေးက ခန့်ငြားစွာ ပေါ်၍လာ၏။

''ဒီအဆောင်မှာရှိတဲ့လူတွေအားလုံး ငြိမ်လိုက်ကြစမ်း။ တစ်ယောက်တစ်ပေါက်စီ လျှောက်ပြောမနေနဲ့။ ဖြစ်ပျက်သမျှကိုသာ တစ်ခုချင်းပြော. . .၊ ကဲ. . . မင်းကစ. . .''

ဒေါ်သောင်းရွှေက ဖေစိုးအောင်ကို ရည်ရွယ်ပြီးပြောလိုက်သည်။ ဖေစိုးအောင်နှင့်မျိုးကျော်တို့ နှစ်ယောက်မှာ အကြည့်တွေ ဆုံသွားပြန်၏။ မျိုးကျော်က ခေါင်းကို ဖြည်းဖြည်းလေး ယမ်းနေသည်။ ဖေစိုးအောင်က သူတို့လည်း တစ်ချပ်မှောက် ဖဲသမားတွေ မဖြစ်ရအောင်၊ ထွန်းထွန်း လူလည်ကျသွားခဲ့သည့်အမှုလည်း ပေါ်လွင်အောင်. . . ဦးတည်ချက်ထားကာ လျှောက်ပြောလိုက်ပါသည်။

''ဒီကောင်ဟာ. . . ဟို. . . ပြီးခဲ့တဲ့အပတ်တုန်းက ကျွန်တော်တို့ရဲ့ လက်ကိုင်ပိုက်ဆံအိတ်လေးကို ပွဲစားတန်းမှာ ဘတ်သွားခဲ့ပါတယ်။ အခု ဒီမှာ ပြန်တွေ့လို့ ကျွန်တော်တို့က ပြန်တောင်းတာကို မပေးဘဲ လူမှားနေတယ်ဆိုပြီး လာအကြောင်းရိုက်နေလို့ ရန်စဖြစ်ကြတာပါ''

ထွန်းထွန်းက ဖြတ်ပြောလိုက်ပါသည်။

''ဟာ. . . မင်းတို့ကို ဘတ်သွားတာ ငါမှမဟုတ်ဘဲကွ. . .။ ခင်းလူမှားနေတယ်. . . ဆိုတာကို ဘယ်နှခါပြောရမလဲ''

ဖေစိုးအောင်က မျိုးကျော်ကို ထောက်ခံချက် လှမ်းတောင်းဆိုက်၏။

''ဟေ့ကောင်. . . မျိုးကျော်၊ ဒီကောင်ဆိုတာ သေချာပါတယ်နော်''

''သေချာပါတယ်။ ဒီကောင်မှ ဒီကောင်အစစ်ပဲ. . .''

ထွန်းထွန်းကလည်း အတင်းပြန်၍ ငြင်းပါသည်။

''လာပြန်ပြီလား။ မဟုတ်ပါဘူးလို့ ဘယ်နှခါပြောရမလဲ။ လာဦးတော့ အူကြောင်ကြောင်နဲ့. . .''

တကယ်တော့ ထွန်းထွန်းသည် သုံးချပ်မှောက် ဖဲသမားတွေနဲ့ ဒီအဆောင်မှာ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရခြင်းဖြစ်သည်။ သူက တို့နှစ်ယောက်ကို အတင်းဘူးခံငြင်းပြီး ရန်စထားလိုက်ပါ၏။ ထွန်းထွန်းက ကိုယ်ခံပညာကို အထိုက်အလျောက် တတ်ကျွမ်းသူတစ်ဦးလည်း ဖြစ်သည်။

မျိုးကျော်က. . .

''အောင်မယ်. . . မင်းကပဲ ငါတို့ကို အူကြောင်ကြောင်နဲ့တဲ့။ ခင်းကမှ ရူးနေတာ. . . အရူးကောင်ရဲ့''

''ဘာကွ . . .  ''

www.burmeseclassic.com

www.burmeseclassic.com



"အောင်မား. . လာလေ၊ ထိရဲရင် ထိကြည့်. . "

ရန်စကားတွေပြောကာ သူတို့တွေသည် တစ်ဖက်နဲ့တစ်ဖက် ရန်းရင်းဆန်ခတ် ဖြစ်နေကြသေး၏။ နောက်ဆုံးတော့. . ဒေါ်သောင်းရွှေကပဲ ဆုံးဖြတ်ချက်ချလိုက်ပြီး၊ သူမ၏စကားကို နာခံစေပါသည်။

ထွန်းထွန်းသည် သူတို့စွပ်စွဲသလို ဘောတ်တစ်ယောက် မဖြစ်နိုင်ဟု ဒေါ်သောင်းရွှေက ယူဆလိုက်သည်။ အဆောင်မှူး ကိုခင်မောင်ကြည်ကလည်း ဖေစိုးအောင်နှင့်မျိုးကျော်တို့သည် အခုမှ အဆောင်ရောက်လာသော လူသစ်တစ်ဦးကို အနိုင်ကျင့်ချင်သူတွေဟု ယုံကြည်သွားပါသည်။ ကိုခင်မောင်ကြည်သည် ဖေစိုးအောင်တို့၏ ပြစ်မှုများကို လိုက်လံရှာစုနေခဲ့၏။ သူ့မှာ အကြံအစည်တစ်ခုခုတော့ ရှိရမည်။

ထိုသို့ဖြင့်. . သူတို့အားလုံးသည် ဒေါ်သောင်းရွှေအဆောင်ကြီး၌ ပိုနေမြဲ၊ကျားနေမြဲ. . မနေ့ကအတိုင်းသာ ဆက်လက်နေထိုင်ခဲ့ကြပါသည်။

❑

## အခန်း ( ၄ )

www.burmeseclassic.com

www.burmeseclassic.com

သီဟသည် ကန်ဘောင်ပေါ်၌ ခေတ်၏သမီးပျိုလေးများကို ကြည့်ကာ မျက်စိအစာကျွေးနေမိသည်။ သူ့အကြည့်များမှာ အရင်လို အချဉ်ရှာသည့် အကြည့်တစ်ခုတည်း မဟုတ်တော့ဘဲ တစ်စုံတစ်ယောက်ကိုများ တွေ့ရမလားဆိုသော မျှော်လင့်ချက်ငွေ့ငွေ့လေးက ကပ်၍ပါနေ၏။ ဟိုတစ်နေ့တုန်းက သူရထားသောပစ္စည်းမှာ အနည်းဆုံး ငါးသောင်းလောက် တန်သော်လည်း သီဟက မထုခွဲရက်နိုင်အောင် ဖြစ်နေရသည်။ ဒါကြောင့် သူ့ဆီမှာ ပိုက်ဆံလက်ကျန် သိပ်မရှိတော့...။

သီဟသည် ကန်ဘောင်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ် ပက်လက်လှဲချလိုက်ပြီး ကောင်းကင်ကြီးအား စိတ်လွတ်ကိုယ်လွတ်နှင့် တစ်ဝကြီး ကြည့်ပစ်လိုက်၏။ မိုးတိမ်ဖြူဖြူများနှင့် ငှက်ကလေးများကြားတွင်



ဟိုတစ်နေ့က ဘတ်စ်ကားပေါ်၌ သူ့ရဲ့သားကောင် ဖြစ်ခဲ့ရသော ကောင်မလေး၏မျက်နှာက မှုန်ဝါးစွာ ပေါ်လာသည်။

ဒီနေ့မနက်က အဆောင်၌ အသစ်ရောက်ရှိလာသော ထွဋ်ထွဋ် ဆိုသောကောင်နှင့် ကိုဖေတို့၏ပြဿနာမှာ သူ့အတွက် ပုစ္ဆာတစ်ပုဒ် သို့ဖြစ်၏။ နှစ်ဖက်စလုံး၏ ပြောဆိုနေသမျှကို သူကြားရပါသည်။ သူတို့ ခဲ့ စကားအသွားအလာကို သေချာခွဲဖြာကြည့်မည်ဆိုလျှင် ပုံမှန်ဖြစ်ရိုး ဖြစ်စဉ်ထက် မကဘဲ၊ နောက်ကွယ်တွင် တခြားကိစ္စတစ်ခုခု ရှိနေနိုင်သည်။ နည်းနည်းတော့ သတိထား၍နေရမည်ဟု သီဟတွေးဆထား လိုက်မိ၏။

သူ့မျက်နှာတည့်တည့်ပေါ်တွင် တိမ်စိုင်များက အုပ်စုဖွဲ့ကာ ရွေ့လျားသွားကြသည်။ ထိုအချိန်၌ သူနှင့်မလှမ်းမကမ်းရှိ ထိုင်ခုံမှ စုံတွဲတစ်တွဲက ထသွား၏။ ချက်ချင်းပင် ထိုထိုင်ခုံသို့ နောက်လူနှစ်ယောက် ထပ်မံရောက်လာသည်။ သီဟက လှည့်မကြည့်သော်လည်း စကားပြောသံများကို ထောက်ရှု၍ ကောင်မလေးနှစ်ယောက်ဖြစ်ကြောင်း သိလိုက်၏။ သူမတို့နှစ်ယောက်အနက် တစ်ယောက်က စိတ်ညစ်စွာ ညည်းညူနေကာ ကျန်တစ်ယောက်က စိတ်ညစ်သည့် သူမ၏သူငယ်ချင်းအား နှစ်သိမ့်စကားတွေ ပြောနေလေသည်။

''နင်ကလည်း ပိုးပိုးရယ်... ဒီလောက်ကြီးလည်း စိတ်ဓာတ်ကျမနေပါနဲ့ဟာ...။ ဥစ္စာမှန်ရင် ကိုယ့်ဆီပြန်ရောက်လာမှာပဲ။ ပူမနေစမ်းပါနဲ့''

''အား... ဘတ်စ်ကားပေါ်မှာ ဆွဲကြိုးဖြတ်သွားပါတယ်ဆိုမှ ဒီနေ့ရာ...။ အခုဆို လေးရက်တောင်ရှိနေပြီ။ ဘယ်အလစ်သမားကမှ ငါ့ကို ပြန်လာမပေးဘူး။ စိတ်ချ...။ ဒီတော့ နင်ပြောသလိုဆို အဲဒီဆွဲကြိုးက ငါ့ဥစ္စာမမှန်ဘူးပေါ့... ဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကို မိန္ဒေဆိုသည့် ကောင်မလေးက ယောင်ရမ်းကာ ခေါင်းညိတ်ပြလိုက်၏။ ပိုးပိုးက..

"ဘာ.. မိန္ဒေ၊ အဲဒီဆွဲကြိုးလေးဟာ ငါ့မွေးနေ့တုန်းက ငါ့အဖေကိုယ်တိုင် ငါ့ကို လည်ပင်းမှာ ဆွဲပေးခဲ့တာ.. ငါ့ဥစ္စာပေါ့။ ဘာလို့ ငါ့ဥစ္စာ မမှန်ရမှာလဲ"

ထိုသို့ ပိုးပိုးကစွာပြီး ရန်စောင်လိုက်မှ မိန္ဒယ်သည် ခေါင်းငိုက်စိုက်ချသွား၏။ ခဏကြာတော့ ခေါင်းပြန်မော့လာကာ မျက်လုံးလေး ကလည်ကလည်နှင့် တောင်းပန်ပါသည်။

"ဆောရီးပါဟာ.. စိတ်မဆိုးပါနဲ့.. ငါဆိုလိုတာက အဲဒီ အဓိပ္ပာယ်မဟုတ်ပါဘူး ပိုးပိုးရာ.. ဥစ္စာမှန်ရင် ကိုယ့်ဆီပြန်ရောက်လိမ့်မယ်ဆိုတဲ့စကားပုံအရ ပြောတာပါဟ.. ဟဲဟဲ.."

မိန္ဒေက မျက်နှာချိုသွေးပြီး ရယ်ကျဲကျဲလုပ်နေ၏။ ပိုးပိုးက မိန္ဒေကို လှစ်ခနဲ မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါသည်။

အဲဒီ အခိုက်အတန့်လေး၌ သီဟက မြက်ခင်းပေါ် လှဲအိပ်နေရာမှ ကိုယ်ကိုစောင်း၍ သူမတို့ ထိုင်နေသောထိုင်ခုံဆီသို့ ကြည့်လိုက်မိ၏။

အို..၊ ဘုရား.. ဘုရား..။

သူ့မျက်လုံးတွေ လင်းခနဲ ပြာဝေကျသွားသည်။

စောစောတုန်းက သူကြားနေရသောစကားများနှင့် အခု မြင်တွေ့လိုက်ရသည့်မြင်ကွင်းကို စပ်ဆက်ကြည့်လိုက်တော့ သီဟတစ်ယောက် အကြီးအကျယ် နောင်တရသွားပါသည်။

ဒါ.. ဟိုတစ်နေ့တုန်းက (၅၁)ဘတ်စ်ကားပေါ်မှာ သူ ဆွဲကြိုးဖြတ်ပစ်ခဲ့သော ကောင်မလေးပဲ။

သီဟ မျက်လုံးတွေကိုပွတ်၍ သေချာအောင် ထပ်ကြည့်ပြန်သည်။



သေချာပါတယ်။ သူမမှ သူမအစစ်ပဲ။ ဒါလုံးဝလူမှားတာ မဟုတ်..။

ခုနတုန်းကတောင် သူ အဲဒီကောင်မလေးကို တိမ်တွေကြားမှာ မြင်ယောင်ကြည့်နေမိသေးတယ်။ အခုတော့ သူမက သူ့ရှေ့မှောက်တည့်တည့်မှာကို ရောက်နေလေပြီ။

သူမတို့နှစ်ယောက်က သီဟ စူးစိုက်ကြည့်နေတာကို သတိမထားမိဘဲ သူမတို့ဘာသာ စကားတွေပြောနေကြသည်။ ကိုယ့်သောကနဲ့ကိုယ်မို့ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်မိဘူး ထင်ပါရဲ့။ မိန္ဒေက ပိုးပိုးကို မေးလိုက်၏။

"ဟင်.. အဲဒါဆိုရင် ဆွဲကြိုးမရှိတော့တာကို နင့်အိမ်က လူကြီးတွေ လုံးဝ မသိသေးဘူးပေါ့။ ဟုတ်လား ပိုးပိုး.."

"အေးပေါ့ဟ.. ငါ့မှာ အိမ်ကလူကြီးတွေ ရိပ်မိသွားမှာစိုးလို့ ညဘက်လာတဲ့ ကိုရီးယားဇာတ်လမ်းတွဲတောင် သွားမကြည့်ရဘူး။ အဲဒီအချိန်ဆို တစ်အိမ်လုံး တီဗွီရှေ့မှာရောက်နေတာ.. တစ်ယောက်ယောက်ရိပ်မိသွားရင် ပြဿနာဖြစ်မှာဟ.."

"ဒါပေမဲ့ ပိုးပိုးရယ်.. နင်တစ်သက်လုံး အဲဒီလို ရှောင်နေလို့ရမလား။ တစ်နေ့မဟုတ် တစ်နေ့တော့ လူကြီးတွေက သိမှာပဲ။ နင် ဘယ်လို ဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ.."

မိန္ဒေရဲ့စကားကြောင့် ပိုးပိုးမျက်နှာပေါ်တွင် ဝမ်းနည်းအားငယ်ရိပ်တွေ စွန်းထင်းသွားရသည်။ နောက်.. မျက်ရည်တွေဝဲကျလာသည်။

"မသိဘူးဟာ.. မိန္ဒေ၊ ငါတော့ စိတ်ညစ်တာပဲ သိတယ်"

"ဒုက္ခပါပဲဟယ်.. ငါလည်း ဘယ်လိုလုပ်ပေးရမှန်းတောင် မသိတော့ပါဘူး ပိုးပိုးရယ်.. ခက်တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သီဟာသည် သူမတို့ ပြောဆိုနေတာတွေကို အတိုင်းသားကြားနေရသည်။ သူ့လက်တွေက ဘောင်းဘီအိတ်ထဲမှ ဆွဲကြိုးလေးဆီ အလိုလိုရောက်သွားပါသည်။ နောက်. . . သီဟာက သူ့လက်ထဲက ဆွဲကြိုးလေးကို ခပ်ဆဆကိုင်ကြည့်ရင်း တစ်စုံတစ်ရာအား မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိ၏။

ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ. . .။ ကောက်ရတာဆိုပြီး သွားပြန်ပေးလိုက်ရမလား။ ဒါဆိုရင် ပိုက်ဆံမရှိဘဲ နောက်နေ့တွေကို ဘယ်လိုရင်ဆိုင်ရမှာလဲ။ အို. . . မဖြစ်သေးပါဘူး။

သူစဉ်းစားရင်းနှင့် ခေါင်းကို အားရပါးရကြီး ယမ်းပစ်လိုက်ပါသည်။ အဲဒီနောက်တွင်တော့ သီဟာက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားပင်ချလိုက်၏။ ထိုဆုံးဖြတ်ချက်ကြောင့် စောစောတုန်းက နောက်ကျိရှုပ်ထွေးနေသော သူ့စိတ်တွေ ပြန်ကြည်လင်လာလေသည်။ သူမတို့ကို ဘာတွေပြောရမလဲဆိုတာကိုပါ သူစဉ်းစားထား၏။

သီဟာသည် ကောင်မလေးနှစ်ယောက်ရှေ့ကို တစ်လှမ်းချင်း လျှောက်သွားလိုက်ပါသည်။ သူမတို့နှစ်ယောက်မှာ ကြံရာမရနှင့် စိတ်ညစ်နေဆဲ. . . လူစိမ်းကောင်လေးတစ်ယောက်က သူမတို့ ရှေ့တည့်တည့်တွင်လာရပ်သဖြင့် ကြောင်သွားမိ၏။ သူမတို့မှာ တိုင်ပင်မထားဘဲနှင့် တစ်ယောက်မျက်နှာကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ပြီးတော့ ပြိုင်တူလို သူမတို့ခေါင်းများကို ဖွဖွလေး ယမ်းလိုက်ကြ၏။

ရုတ်တရက် သီဟာဆီမှ အသံထွက်လာ၏။

''ဒီမှာ. . .''

''ဘာလဲ''

မိန္ဒေ၏ မာဆတ်ဆတ်ပြန်ထူးသံကြောင့် သီဟ နည်းနည်းတော့ တွန့်သွားမိပါသည်။



''ခင်ဗျားတို့မှာ အခက်အခဲတစ်ခုခု ရှိပုံရတယ်။ ကျွန်တော့်ကို ပြောပြပါလား။ ကူညီစရာရှိရင် ကူညီရတာပေါ့''

သူ့စကားကို ကြားရသောအခါ ပိုးပိုးက. . .

''လာလုပ်မနေနဲ့၊ ဒါမျိုးတွေက ရိုးနေပြီ။ လစ်တော့. . .''

သီဟမျက်နှာတစ်ခုလုံး ရဲခနဲဖြစ်သွားသည်။ မိန္ဒေက သူ့ကို ခပ်တေ့တေ့ကြည့်နေ၏။ 'ဒီလောက်တော့ ပေါက်ပြီးသား. . .'ဟု မပြောသော်လည်း ပြောသကဲ့သို့ပင် အဓိပ္ပာယ်ဆောင်သော အကြည့်မျိုးဖြစ်ပါသည်။ သီဟမှာ မိန်းကလေးများနှင့် ဆက်ဆံပြောဆိုဖူးသည့် အတွေ့အကြုံမရှိသဖြင့် ဘာဆက်လုပ်မှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေလေသည်။

သူမတို့ရှေ့မှ သီဟ ထွက်မသွားသေးသောကြောင့် ပိုးပိုး စိတ်ပျက်စွာ ထပ်၍ပြောလိုက်၏။

''ရှင်က အခုထိ မသွားသေးဘူးလား။ ဒုက္ခပါပဲ. . . ဒီလောက် နှင်ထုတ်နေတာတောင် ရှုးချင်ယောင်ဆောင်ပြီး ပေကပ်ကပ်နဲ့ ရပ်နေသေးတယ်။ ဒီမှာ ဆွဲကြိုး အဖြုတ်ခံရလို့ စိတ်ညစ်နေရတဲ့အထဲ. . .''

သီဟာသည် ဘာမှပြောမနေတော့ဘဲ သူ့ဘောင်းဘီအိတ်ထဲက ဆွဲကြိုးလေးကို နှိုက်ပြီး ပိုးပိုးဆီ လှမ်းပေးလိုက်ပါသည်။ သူမတို့လည်း ရုတ်တရက်မို့ ကြောင်ကာကြည့်နေကြ၏။ ပိုးပိုးသည် သူမ၏ဆွဲကြိုးလေးကို ပြန်တွေ့လိုက်ရသဖြင့် အရမ်းဝမ်းသာသွား၏။ သူမက အသံတွေတောင် တုန်နေလေသည်။

''ဒါ. . . ဒါ. . . ဒါကျွန်မဆွဲကြိုးလေးပဲ၊ ရှင် ဘယ်က ရလာတာလဲဟင်''

''ဟိုတစ်နေ့က. . . (၅၁) ဘတ်စ်ကားပေါ်မှာ ကောက်ရတာ ခင်ဗျား ပြုတ်ကျခဲ့တာလေ။ ကျွန်တော်က ဆွဲကြိုးပြုတ်ကျသွားတာ

www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ လှမ်းခေါ်လိုက်သေးတယ်။ ခင်ဗျားက မကြားဘဲ လှည်းတန်းမှာ ဆင်းသွားတာ.. ကျွန်တော်လည်း လိုက်ဆင်းပြီး ပေးဦးမလို့ပဲ။ လူတွေက အရမ်းကျပ်ပြီး ပိတ်နေလို့။ ကျွန်တော် တိုးလာတာ အပေါက်ဝနားကိုရောက်တော့ ကားကထွက်နေပြီ''

ပိုးပိုးက သူ့ကို အံ့ဩစွာမေးလိုက်၏။

''အဲဒီတုန်းက ရှင်က ကျွန်မကို လှမ်းခေါ်လိုက်သေးတယ် ဟုတ်လား။ ဘယ်လိုခေါ်လိုက်တာလဲ။ ကျွန်မနာမည်ကို သိလို့လား''

''နာမည်တော့ ဘယ်သိမလဲ၊ ဟိတ်.. လို့ လှမ်းခေါ်လိုက်တာပေါ့''

သူ့အဖြေကြောင့် ကောင်မလေးနှစ်ယောက်စလုံး တခစ်ခစ်နဲ့ ရယ်နေပြန်၏။ ရယ်လို့အားရသွားတော့မှ သီဟကို ပိုးပိုးက တောင်းပန်စကားဆိုသည်။

''ဆောရီးနော်.. ခုနတုန်းက သူ့ကို ပိုးပြောလိုက်တာတွေအတွက်ရော၊ ဟောဒီဆွဲကြိုးလေးကို ပြန်လာပေးတဲ့အတွက်ရော.. တကယ် အရမ်းကျေးဇူးတင်တယ် သိလား..။ ဒီဆွဲကြိုးသာ ပြန်မရရင် အိမ်မှာ ပြဿနာဖြစ်မှာ..''

''ရပါတယ်ဗျာ.. နားလည်မှုလွဲပြီး ဖြစ်သွားကြတာပဲ..''

မိနွေက အခုမှ ရှင်လန်းတက်ကြွစွာ ဆွဲကြိုးလေးကို တကိုင်ကိုင်နှင့် မြူးထူးနေသောပိုးပိုးကို ကြည့်မရဖြစ်ကာ မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါ၏။ ဟုတ်သည်။ ပိုးပိုး၏အသံနှင့် အမူအရာများသည် အထူးသွက်လက်လန်းဆန်းနေ၏။

''ဪ.. ကိုယ့်ကျေးဇူးရှင်ကို ထိုင်ခိုင်းဖို့ မေ့နေလိုက်တာ၊ လာ လာ.. ဒီမှာထိုင်..''

ပိုးပိုးက ပြောပြောဆိုဆို သူမ၏ကိုယ်ကို မိနွေဘက်သို့ တိုး



ဘာ နေရာလုပ်ပေးပါသည်။ သူမဘေးမှာ သီဟက အလိုက်သင့် ဝင်ထိုင်လိုက်၏။ ပိုးပိုးက ...

''နည်းနည်းလောက် စပ်စုမယ်နော်..။ ဒီက နာမည်ဘယ်လိုခေါ်သလဲ''

''သီဟ..''

''ဘယ်မှာနေလဲဟင်''

''ခြောက်မိုင်ခွဲက အဆောင်တစ်ခုမှာပါ..''

''ဪ.. ဒါနဲ့ဇာတိက..''

''မန္တလေးကပါ..''

သူသည် မန္တလေးမြို့က အတိတ်ဘဝကို သတိရသွားပြီး ခေါင်းငုံ့လိုက်မိ၏။ မရိုးသားခဲ့သူဆိုတာ ဒီလိုပဲ ကိုယ့်လိပ်ပြာကိုယ် ရှက်ဘတ်ကြပါသည်။

''သီဟက အရမ်းရိုးသားတာပဲနော်.. ဒီဆွဲကြိုးလေး တခြားလူလက်ထဲ ရောက်သွားလို့ကတော့ ပြန်ရဖို့ လုံးဝမလွယ်ဘူး''

ထိုစကားကြောင့် သီဟက လိပ်ပြာမသန့်စွာ ခေါင်းကို ပို၍ ငိုက်စိုက်ချထားလိုက်မိ၏။ သီဟသည် သူကျူးလွန်ခဲ့သော ပြစ်မှုအတွက် ကိုယ့်ကိုယ်ကို ပြန်ပြီး အကျဉ်းချထားသလို ဖြစ်နေခဲ့သည်။ သူ့စိတ်တွေက ဂနာမငြိမ်ဘဲ ယောက်ယက်ခတ်ကာ မလွတ်မလပ် ဖြစ်နေ၏။

အလုံးစုံလွတ်လပ်သူဆိုတာ စိတ်အခြေခံအားဖြင့် ရိုးသားဖြောင့်မှန်သူမျိုးကို ခေါ်လေသည်။

ပိုးပိုးက သူ့အပြုအမူတွေကိုကြည့်ရင်း မှတ်ချက်တစ်ခု ချပါသည်။

''သီဟက ရိုးသားရုံတင် မကဘူး။ အရမ်းလည်း ရှက်တတ်တယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



သူမစကားက သူ့ကို တကယ်ပဲ ရှက်သွားစေ၏။ သီဟာက ရှက်ရယ်ရယ်နေတော့ သူမတို့နှစ်ယောက်ကပါ လိုက်ရယ်ကြပါသည်။

အခုတော့ သူတို့သည် ဟိုးအရင်ကတည်းက သိကျွမ်းခင်မင်လာခဲ့သော အပေါင်းအသင်းများပမာ စကားတွေ ဖောင်ဖွဲ့နေကြလေ၏။ သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေကို အပြန်အလှန် ပြောပြကြရင်းနှင့် အချိန်တွေက ဘယ်လိုဘယ်ပုံ ကုန်လွန်သွားသည်မသိ . .။ ညနေခင်းသည် တစ်စထက်တစ်စ ပို၍မှောင်လာပြီး ညဦးပိုင်းဆီသို့ ချဉ်းနင်းဝင်ရောက်လာခဲ့တော့သည်။

ပိုးပိုးနှင့်မိန္နွေတို့က သူမတို့၏ ဘဝနောက်ကြောင်းကို အားလုံးအမှန်တွေသာ ပြောပြကြသော်လည်း၊ သီဟကတော့ သူ့အတိတ်ဇာတ်လမ်းကို အဆောင်မှာ လုပ်ကြံသတင်းလွှင့်ထားသည့်အတိုင်းပဲ ပြောပြခဲ့ပါသည်။

အိမ်ပြန်ချိန်ကိုရောက်တော့ သူတို့ နှုတ်ဆက်လမ်းခွဲလာကြ၏။ အဲဒီနေ့က သီဟသည် အဆောင်ကို ချက်ချင်းမပြန်ဘဲ တစ်နေရာသို့ ဝင်လိုက်သေး၏။ ညအိပ်ရာဝင်တော့ သူသည် ပိုးပိုးအား ဆွဲကြိုးလေး ပြန်ပေးခဲ့သည့်အဖြစ်ကို မနှမြောမိဘဲ ဝမ်းသာကြည်နူးနေခဲ့သည်။ အခုဆို သူ့လုပ်ရပ်ကြောင့် ပိုးပိုးအဆင်ပြေစွာ အိမ်ပြန်သွားနိုင်ခဲ့ပြီမဟုတ်ပါလား။

သူက ကောင်းမွန်သော လုပ်ဆောင်ချက်တစ်ခု၏ အရသာအား မြည်းစမ်းကြည့်မိကာ သဘောတွေကျနေလေသည်။

❑

## အခန်း ( ၅ )

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ မြောက်နှစ်ပိုင်းတစ်ပိုင်း အရပ်ဒေသရှိ ဒေါ် သောင်းရွှေအဆောင်တွင် မိုတင်းနေထိုင်ကြသော စိတ်ဝင်စားစရာ လူတစ်စုသည် ပြဿနာကိုယ်စီနှင့် အဓိပ္ပာယ်ရှိနေကြပါသည်။

ဖေစိုးအောင်နှင့်မျိုးကျော်တို့က ထွန်းထွန်းကို အခွင့်အခါသင့်ပါ က ပြန်လည်နှိပ်ကွပ်ရန် မျက်ခြေမပြတ် လေ့လာလျက်ရှိ၏။ ထွန်းထွန်း ဆိုတဲ့ကောင်က အချဉ်မဟုတ်. . .။ အရင်တစ်ခါလို ကိုယ်ကမပိုင်ဘဲ သွားရပ်းလိုက်လျှင် ကိုယ်ပဲ အထိနာလိမ့်မည်ဟု ဖေစိုးအောင်က သဘော ပေါက်ထားသည်။

သူတို့နှစ်ယောက်နှင့် ကပ်လျက်အခန်းက တိုးမိုးနောင် (ခေါ်) မာမီတိုးမှာ အထူးစိတ်ညစ်နေ၏။ သူ ဆတိုးနှင့်လိုက်ထိုးနေသော

ထာန်းသည် ပြီးခဲ့တဲ့တစ်ပတ်လုံး မထွက်သဖြင့် အကြွေးတွေ ဝိုင်းနေ သောကြောင့်ဖြစ်ပါသည်။ မာမီတိုးသည် သူ့အခန်းနံပါတ် (သုံး) နှင့် သူကြွေနေသော မျိုးကျော်၏အခန်းနံပါတ် (နှစ်) ကိုယူကာ (၃၂) ထာန်းအား အပိုင်ကြဲလိုက်ခြင်းဖြစ်၏။ အဲဒီနံပါတ်ထွက်လျှင် မျိုးကျော် သည် သူ့အပေါ် စိတ်လည်လာလိမ့်မည်ဟု တွက်ထားသည်။ ပိုက်ဆံ သည်းရ၊ ချစ်သူလည်းရ. . ဆိုပြီး နှစ်ချပ်ကွက်ကို အပွကြဲသည့် မာမီတိုး မှာ အခုတော့ ''ဖွတ်မရ၊ ဓါးမဆုံး'' ဖြစ်နေလေသည်။

အခန်းနံပါတ် (လေး) တွင်ရှိသော ဦးချစ်စိုး (ခေါ်) ဘွန်ဟောင်း ဒီနေ့ ဘယ်ကျူရှင်မှ သွားသင်ရန်မရှိသဖြင့် အားလပ်နေ၏။ အလုပ် အားသည့်နေ့မို့ သူ အရမ်းခရေဇီ (Crazy) ဖြစ်သော ကိုယ်လုံးအလှပြ ဆောင်မလေးတွေပုံကို အခန်းတံခါးပိတ်ပြီး တစ်ယောက်တည်း စိမ်ပြေ နပြေကြည့်ရှုခံစားလျက်ရှိသည်။ ဘွန်ဟောင်းဆီမှာ နိုင်ငံတကာမှ ကိုယ်လုံးအလှပြမော်ဒယ်ပုံတွေ အများကြီးရှိ၏။ သူက ဝါသနာအရ ဆောင်းသည့် အဲဒီပုံတွေကို အလွန်မြတ်နိုးရှိသေသည်။ ဟိုတစ်ခါ တော့ အဆောင်မှူးကိုခင်မောင်ကြည်သည် သူ့ပုံတွေကို ငှားကြည့် ရာ ပုံတစ်ပုံ ပျောက်သွားသဖြင့် ပြဿနာဖြစ်ကြသေးသည်။ ကိုခင် မောင်ကြည်က သူ့မိန်းမသိသွားမှာစိုးသဖြင့် ဘွန်ဟောင်းကို ပိုက်ဆံ အလျော်ပေးရှာပါ၏။ သို့သော်. . နည်းသည်။ ဒါကို ဘွန်ဟောင်းက သူ့ပုံတွေသည် ငွေရှိတိုင်း ရနိုင်တဲ့အရာတွေမဟုတ်ဟုဆိုပြီး တုံ့ပြန် ကိုက်သဖြင့် အမှုက ပိုကြီးသွားရသည်။

ကိုခင်မောင်ကြည်သည် အဆောင်မှူးဖြစ်သော်လည်း ထိုကိစ္စ ၌ ဘွန်ဟောင်းကို သိပ်မတင်းမာရဲဘဲ အလျော်ပေးခဲ့သည်။ ပုံကို ပြန်၍အစားထိုးပေးရန် ဘယ်လိုမှ မတတ်နိုင်တော့သည့်အဆုံး ငွေ နှိုးထက် သုံးဆလောက် အလျော်ပေးလိုက်မှ ပြဿနာက ပြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။ ဒါတောင် ဘွန်ဟောင်းက အဆောင်မှူးမို့ အင်တ... တင်ဖြင့် လက်ခံလိုက်ခြင်းဖြစ်ပါသည်။ ကိုခင်မောင်ကြည်ကား အာ... မတန်၍ မာန်လျှော့လိုက်ရသော်လည်း ဘွန်ဟောင်းကို တေးထား... အခွင့်ကြုံလျှင် အဆောင်မှူးကြီးက ဘွန်ဟောင်းအား သေချာပေါ်... ပြန်ကလဲ့စားချေပေလိမ့်မည်။ ဘွန်ဟောင်းကလည်း နပ်သည်။ ထို့ကြော... သူက အဆောင်မှူး၏လုပ်ပိုင်ခွင့် (ဂွင်) ထဲမှာ ဖောင်း (Foul) မဖြ... အောင် အထူးသတိထားနေလေသည်။

အဆောင်အပေါ်ထပ် အခန်းနံပါတ် (ငါး) တွင်နေသော ကွက်... ကြားနှင့် အခန်းနံပါတ် (ခြောက်) မှ ဝင်းလွင်ဦး (ခေါ်) ချီးဗူးတို့သည်... မဟာမိတ်ဖွဲ့ထားသော သူငယ်ချင်းများဖြစ်ပါသည်။ ဖေစိုးအောင်နှင့်... မျိုးကျော်တို့ကဲ့သို့ပင် သူတို့နှစ်ယောက်ကလည်း အတွဲတွေဖြစ်၏။ ကွက်... ကြားထက် ချီးဗူးက အသက်ခုနစ်နှစ်လောက် ပိုကြီးပေမယ့် ဦးနှောက်... ကတော့ သိပ်မကွာလှ . . ။ ယဉ်ကျေးမှုချင်းလည်း အဆင်တူကြသည်... ဘာသာစကားနှင့် အတွေးအခေါ်တွေကလည်း နီးစပ်ကြသည်။ ကွက်... ကြားက သရုပ်ဆောင်ရူးဖြစ်ပြီး၊ စက်ာပူ (တစ်ခေါက်) ပြန်သဘော်သာ... ဟောင်း။ ချီးဗူးက ဘောလုံးသမား ရူး,ရူးနေသူမို့ ရူးနေတာချင်းလည်... အတူတူပဲဟုဆိုနိုင်၏။ ဒါ့အပြင် နှစ်ယောက်စလုံးမှာ အိမ်ကပို့ပေးသော... မိဘလုပ်စာကို ရန်ကုန်မှာ လာဖြုန်းနေကြခြင်းပါ အကုန်တူညီနေကြ... လေသည်။

တခြားအရာတွေ ဘယ်လောက်တူတူ ပြဿနာမရှိသော်လည်း... ကောင်မလေးတစ်ယောက်ကို အတူတူကြိုက်မိလျှင်တော့ ပြဿနာရှိလာ... ပြီဖြစ်သည်။ အခုလည်း သူတို့နှစ်ယောက်သည် လမ်းထိပ်ထမင်းဆိုင်မှ... 'ဆစ်ဆစ်'ဆိုသောကောင်မလေးအား ပြိုင်တူကြိုက်နေမိကြသဖြင့် စိတ်... ဝမ်းကွဲစပြုနေ၏။ လူချင်းပေါင်းနေကြပေမယ့် အရင်လိုမဟုတ်တော့ . . ။



...ပေါင်းစိတ်ခွာ . . စနစ်ဖြင့်သာ ဆက်ဆံနေကြသည်။ လက်ဖက်ရည်... ...ိုင် အတူထိုင်ကြသေးသော်လည်း ဆစ်ဆစ်ရှိရာ 'စေတနာရှင်' ...မင်းဆိုင်ကိုမူ လုံးဝ အတူတူ မသွားကြတော့ချေ။ ဒါပေမဲ့ ဗိုက်ဆာ ...ည့်အချိန်ချင်း တိုက်ဆိုင်ကာ ထမင်းဆိုင်မှာ သွားဆုံမိကြရင်တော့ ...ွဲသာမရှောင်သာဘဲ တစ်ဝိုင်းတည်း အတူထိုင်ကြရပါသည်။

ထိုကဲ့သို့ဆုံတိုင်း သူတို့နှစ်ယောက်သည် ဆစ်ဆစ်ကို မျက်နှာ ...ယ်ပြီး ဈေးအကြီးဆုံး ဟင်းလျာတွေကို မကုန်ဘဲနှင့် နှစ်ပွဲသုံးပွဲ အပြိုင် ...စားတတ်ကြ၏။ နယ်မှ သူတို့မိဘများသာသိပါက ရင်ကျိုးကုန်ကြ ...လိမ့်မည်။ ငွေရှင်းသည့်စနစ်ကတော့ အဆောင်သူ၊ အဆောင်သား ...များစု၏ထုံးစံအတိုင်း ကိုယ့်တာဝန်ကိုယ်ယူ၊ ကိုယ်စားကိုယ်ရှင်း . . ...မရိုကန်စစ်စတမ်ဖြစ်ပါသည်။ ဆစ်ဆစ်၏မျက်နှာသည် ထိုအခါများ ...ပြုံးရွှင်ချိုမြနေလေသည်။

သူတို့ဘေးခန်းတွင်နေသော သီဟသည် ကွက်ကြားနှင့်ချီးဗူး ...နှစ်ယောက်စလုံးကို အလွန်အမြင်ကတ်သူဖြစ်၏။ ဘာရန်ငြိုးရန်စမှ ...ရှိသော်လည်း ရေးဘဝကရေစက်လို့ ပြောရမည်လားမသိပေ . . ။ ...မြင်ချင်းကတည်းက သူ တစ်ယောက်မှ ကြည့်လို့မရခဲ့ . . ။ နှစ် ...ယောက်ပေါင်းလိုက်သောအခါတော့ အလွန့်အလွန်မုန်း . . ။ ဒါပေမဲ့ ...ဟက ပညာရှိလူလည်ပီသသည်။ သူ့ရင်ထဲက အမုန်းကိုရော၊ သူ့ ...ပ်စိရှေ့က ကြက်ခြေခတ်ကိုပါ တတ်နိုင်သမျှ ဥပေက္ခာပြုထားလိုက် ...

သို့သော် အခု ဒီအဆောင်တွင် သီဟ ဥပေက္ခာပြု၍ မရသူတစ် ...ယောက်ရှိလာလေပြီ။ ထိုသူကား 'ထွင်ရှထွင်ရှ' ပင်ဖြစ်တော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com



ညသည် မဟူရာရောင် တောက်ပလျက်ရှိ၏။ ကောင်းကင်မှာ ကြယ်ပွင့်ငယ်တစ်ပွင့်နှစ်ပွင့်၏ အလင်းရောင်မှအပ မဲမှောင်ကျနေသည်။ ထွန့်ထွန့်က နာရီကို တစ်ချက်ကြည့်လိုက်တော့ ညကိုးနာရီထိုးတော့မည်။ ဗိုက်လည်းဆာနေပြီမို့ သူ အဆောင်မှ ထွက်လာခဲ့၏။ စောစောလောက်ကမှ အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုကို သူ ချပြီးသွားခဲ့သည်။

ဟိုဖဲသမားနှစ်ယောက်နှင့် တစ်ဆောင်တည်းဖြစ်နေသည့်အတွက် သူ ဒီအဆောင်မှာ ဆက်နေသင့်၊ မနေသင့်ကို တစ်ညနေခင်းလုံး ထွန့်ထွန့် စဉ်းစားနေခဲ့၏။ နောက်ဆုံးတော့ သူက ဒီအဆောင်မှာပဲ ဆက်နေဖို့ ဆုံးဖြတ်လိုက်ပါသည်။ ထွန့်ထွန့်၏ခြေလှမ်းများက ပေါ့ပါးနေ၏။

လမ်းထိပ်ရောက်တော့ ထမင်းစားဖို့ဆိုင်တွေကို ဟိုဟိုဒီဒီ သူ လျှောက်ကြည့်နေလိုက်သည်။ သူ ပထမဆုံးတွေ့သည့် ထမင်းဆိုင်ကို နာမည်ဖတ်ကြည့်မိ၏။ 'စေတနာရှင်' တဲ့...။ ထွန့်ထွန့်၏ နှုတ်ခမ်းတွေ မဲ့ရွဲ့သွားကာ ထိုထမင်းဆိုင်အား ကျော်ပစ်လိုက်ပါသည်။ ရှေ့နားရောက်တော့ 'မိချော' ဆိုသည့် ထမင်းဆိုင်တစ်ဆိုင်ကို ထပ်တွေ့၏။

အင်း... ဒီနာမည်လေးက ဟို 'စေတနာရှင်' ဆိုတဲ့ဆိုင်ထက်စာရင် မဆိုးဘူး... ဟုတွေးကာ သူက ဆိုင်ထဲသွားလိုက်သည်။ ဆိုင်ထဲကိုရောက်တော့ သူ့ကို စားပွဲထိုးကောင်လေးက ဆီး၍ပြော၏။

"ဘာမှ မကျန်တော့ဘူး အစ်ကို..."

သူက စိတ်ပျက်စွာ ရုတ်သပ်လိုက်မိသည်။ ဒါကိုမြင်လိုက်သော ဆိုင်ရှင်ဖြစ်ဟန်တူသည့် အဒေါ်ကြီးက...

"ဟုတ်တယ် ငါ့တူရေ...။ ဒီနေ့တော့ အစောကြီးပြတ်သွားတယ်ကွဲ့။ မနက်ဖြန် စောစောလာခဲ့ပေါ့"



သူက ဘာမှပြန်မပြောဘဲ နာရီကို တစ်ချက် ထပ်ကြည့်လိုက်မိသည်။ အချိန်ပြလက်တံက ကိုးနာရီတိတိကို ညွှန်ပြနေ၏။ အဒေါ်ကြီးက ဘယ်လို သဘောပေါက်သွားသည်မသိ...။

"ဩော်... ဘာလဲ။ ငါ့တူက ထမင်းကို နောက်ကျမှ စားတတ်တယ်ထင်တယ်။ အဲဒါဆိုလည်း အဒေါ့်ကို ကြိုပြောထား...။ အဒေါ်ချန်ထားပေးမယ်... ဟုတ်ပြီလား"

"အခု အဒေါ့်ဆိုင်မှာ ဘာဆိုဘာမှ မကျန်တော့ဘူးလား"

"ဩော်... ငါ့တူရယ်... အဒေါ်တို့က ရောင်းချင်တာပေါ့။ မယုံရင် ဟိုမှာ... အိုးတွေကို သွားလှန်ကြည့်ပါလား..."

"နေပါစေတော့အဒေါ်ရယ်၊ ဒါဆို... ဒီနားတစ်ဝိုက်မှာ ထမင်းဆိုင် ဘယ်ဆိုင်ရှိသေးလဲ"

"ကြည့်ရတာ ငါ့တူက... ဒီရပ်ကွက်မှာ လူသစ်ထင်တယ်။ ဟိုရှေ့နားလေးမှာ တစ်ဆိုင်တော့ ရှိသေးတယ်..."

အဒေါ်ကြီး၏လက်ညှိုးက သူလာခဲ့သည့်ဘက်ကို ထိုးပြနေသဖြင့်...

"ဆိုင်နာမည်က ဘာတဲ့လဲဗျ"

"စေတနာရှင်... လေ၊ ဟိုနားမှာ နီးနီးလေးပဲ..."

ထွန့်ထွန့်က ဘာမှမပြောတော့ဘဲ အဒေါ်ကြီးအား ခေါင်းညိတ်ပြီး နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ စေတနာရှင်ဆိုင်ရှေ့ကို ရောက်တော့ လူတစ်ယောက် သွားကြားထိုးရင်း ဆိုင်ထဲမှထွက်လာ၏။ ထွန့်ထွန့် ခေါင်းထဲ၌ ရုတ်တရက် အကြံတစ်ခုရသွားပြီး ထိုလူကို လှမ်းခေါ်လိုက်သည်။

"ဟို... အစ်ကို"

အဲဒီလူက သူ့ကို စူးခနဲ တစ်ချက်ပြန်ကြည့်၏။ ထိုလူမှာ

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ဖဲသမားတွေ ရန်ဖြစ်တုန်းက သူ့ကို ဝင်ဆွဲသည့် ဘေးနားအခန်း ကလူ ဖြစ်နေသည်။

"ပြော..."

"ဒီဆိုင်ကလေ... ထမင်းတွေဟင်းတွေ လက်ရာကောင်းရဲ့ လား။ ကျွန်တော်က တစ်ခါမှ မစားဖူးလို့ပါ"

"အင်း... မဆိုးပါဘူး"

"သြော်... ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါဆိုလည်း ဒီမှာပဲ စားလိုက် တော့မယ်။ ကျေးဇူးပဲနော် အစ်ကို... ကျေးဇူး..."

ထွင့်ထွင့်က 'စေတနာရှင်'ဆိုင်ထဲကို ဝင်သွားကာ ကြက်သား နှင့် ထမင်းတစ်ပွဲမှာလိုက်၏။ သူ မျှော်လင့်ထားသည့်အတိုင်းပဲ လက်ရာ က အင်မတန် ညံ့ဖျင်းနေလေသည်။

ဘေးနားကဝိုင်းတွင် သူတို့အဆောင်က ကောင်နှစ်ကောင် က သူ့ထက်အရင် ထမင်းစားနေကြတာကို အခုမှ ထွင့်ထွင့် တွေ့လိုက် ရ၏။ အံ့သြစရာကောင်းသည်မှာ ဒီလောက် လက်ရာညံ့ဖျင်းသောဆိုင် မှာ ထိုနှစ်ယောက်က ဟင်းလျာတွေကို တစ်ပွဲပြီးတစ်ပွဲ မှာနေကြခြင်း ဖြစ်သည်။ တစ်ယောက်ကို ဟင်းငါးပွဲလောက် မှာကြသဖြင့် သူတို့ဝိုင်း သည် ဟင်းပွဲတွေနှင့် ပြည့်ကျပ်နေ၏။ တစ်ခုခုမှားနေသလိုပဲ သူခံစားရ လေသည်။

ဟိုဘက်ဝိုင်းသို့ ထွင့်ထွင့်က မသိမသာ လှမ်းအကဲခတ်လိုက် တော့ ကြက်သားဟင်းတွေကို နှစ်ယောက်စလုံးက အားရပါးရ စားနေ ကြ၏။

ထွင့်ထွင့်က သူ့ကြက်သားဟင်းကို ယောင်ပြီး နည်းနည်း ဖွဲ့စားလိုက်မိသည်။ အရသာတစ်စက်မှ မရှိသည့်အပြင် ငံကလည်း ငံသေး၏။ ဒါကို ဘေးနားဝိုင်းမှ နှစ်ကောင်သည် ဘာကြောင့် မြိန်ရေ



ယှက်ရေ စားနေကြရသနည်း။ သူ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေရလေသည်။ လုံးဝ ဆက်စား၍မရသဖြင့် စားလက်စ ထမင်းပွဲကို ပိုက်ဆံရှင်းကာ သူထွက်လာခဲ့၏။

'လက်ဖက်ရည်ဆိုင်ရောက်မှပဲ တစ်ခုခုစားတော့မယ်'ဟု သူ တွေးပြီး လက်ဖက်ရည်ဆိုင်သို့ ဦးတည်လိုက်ပါသည်။ ငွေငန်းဖြူဆို သည့် လက်ဖက်ရည်ဆိုင်ကို ရောက်လာ၏။ လူငယ်တွေ အတိုင်များပြီး စားပွဲဝိုင်းတွေက တစ်ဝိုင်းမှ မလွတ်သဖြင့် ထွင့်ထွင့်ကို စားပွဲထိုးလေးက တစ်ယောက်တည်းထိုင်နေသောဝိုင်းမှာ ပေါင်း၍ထိုင်ဖို့ နေရာချပေးသည်။ ထွင့်ထွင့်က နွားနို့ပလာတာတစ်ချပ်ကို မှာလိုက်ပြီး သူနှင့်တစ်ဝိုင်းတည်း ထိုင်နေသူကို ကြည့်လိုက်မိ၏။

ဟောဗျာ...။

သူ့ကို စောစောတုန်းက စေတနာရှင်ရှေ့မှာ လိမ်လည်ချောက် ချခဲ့သော ဘေးနားအခန်းမှလူပဲ ဖြစ်နေသည်။ ဒီလောက်ညံ့သည့်ဆိုင် ကို သူက 'မဆိုးပါဘူး'လို့ ထောက်ခံခဲ့သည်။ အဲဒီဆိုင်ထဲမှာလည်း ဟို နှစ်ကောင်က ဟင်းပွဲတွေ အများကြီးမှာပြီး အလှူအိမ်လို စားနေကြ သည်။

'ငါတို့အဆောင်က ကောင်တွေများ အညံ့တော်တော်ကြိုက် တာပဲ'ဟု ထွင့်ထွင့်တွေးလိုက်ကာ ပြုံးလိုက်မိ၏။ သူနှင့်ထိုင်နေသော လူကလည်း သူ့ကိုပြုံးပြတယ်ထင်ပြီး...

"ဘယ်လိုလဲဗျ။ စားကောင်းရဲ့လား"

"ဒီလောက်ညံ့တဲ့ဆိုင်ကိုများ... ခင်ဗျားတို့ပဲ ကြိုက်တယ်၊ ကျွန်တော်ကတော့ လုံးဝစားလို့မရဘူး"

ထိုလူ ပြုံးပြုံးကြီးလုပ်ကာ ရှင်းပြသည်။

"ခင်ဗျားကို ကျွန်တော်က ထမင်းစားဖြစ်သွားအောင်ပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ချောက်တွန်းတာမဟုတ်ပါဘူး။ ဟော… အခုဆို ခင်ဗျား တစ်ပန်းကာ လုံး အကုန်မဟုတ်တောင် သုံးပုံတစ်ပုံလောက်တော့ စားဖြစ်မှာပဲ ဒီအချိန်က တခြားဆိုင်တွေ မရှိတော့ဘူးဗျ…။ ကျွန်တော်လည်း အဲဒီဆိုင်မှာ ဘယ်တော့မှ မစားဘူး။ ဒီနေ့မှ ပြန်လာတာ နောက်ကျ သွားလို့…''

ထွန်းထွန်းက ရယ်လိုက်ပါသည်။

''ဪ… အဲဒီလိုလား။ ဟုတ်ပါပြီဗျာ…။ ကျွန်တော်က လူသစ်ဆိုတော့ ခင်ဗျား ကျပ်ရင်လည်း ခံရမှာပဲ။ ဟဲဟဲ… ဟဲ…''

''ဟာ… တကယ်ပြောတာပါ။ ကျွန်တော်ခင်ဗျားကို မကျ ပါဘူး''

''အေးဗျ… ခင်ဗျားပြောတာကို ကျွန်တော်ယုံပါတယ်။ ဒါပေ နားမလည်တာ တစ်ခုတော့ရှိတယ်''

''ဘာလဲ… ကျွန်တော်တို့အဆောင်က နှစ်ကောင် အဲဒီဆို မှာ ဟင်းတွေအများကြီး မှာစားနေကြတာကို မေးမလို့လား…''

''ဟာ… တယ်ဟုတ်ပါလား။ ကြိုက်သွားပြီဗျာ… ဘယ်လို နေတာလဲ။ ကျွန်တော်လည်း အဲဒါကိုပဲ မေးမလို့…''

''ဟားဟားဟား… သိဟပါဗျ။ သိဟ…''

''ဪ… နာမည်က သိဟလား။ ကျွန်တော့်နာမည်က ထွန်းထွန်းပါ။ ကဲ… ပြောပါဦးဗျ။ စောစောတုန်းက ဟိုနှစ်ကော ဟင်းတွေအများကြီးနဲ့ အားရပါးရစားနေတဲ့ကိစ္စ''

''ဒီလိုကွ… ထွန်းထွန်းရ။ ဟိုနှစ်ကောင်က အဲဒီဆိုင်က ဆစ်ဆစ်ဆိုတဲ့ ကောင်မလေးကို ကြိုက်နေတာလေ…။ အဲဒါ…''

သိဟ၏စကားမဆုံးမီ ထွန်းထွန်းက လက်ကာပြပြီး…

''ဪ… ဟိုးထား၊ ပေါက်ပြီ…။ ပေါက်ပြီ…၊ ကျွန်တော်



သာဆိုလို့ကတော့ အဲဒီလောက် လက်ရာညံ့တဲ့မိန်းမမျိုးကို လုံးဝဥဿုံ ဆောရီးပဲ…''

ထို့နောက်… သူတို့နှစ်ယောက်သား ရယ်လိုက်ကြသည်။ လက် ဖက်ရည်ဆိုင်မှာ ချက်ချင်းဆိုသလိုပဲ သူတို့နှစ်ယောက် ခင်မင်ရင်းနှီး သွားခဲ့သည်။ တစ်ယောက်အကြောင်းတစ်ယောက် မေးမြန်းခန်းကို နောက်တော့ ထုံးစံအတိုင်း ယုံတမ်းပုံပြင်များသာ သူတို့ပြောကြ၏။

အရမ်းလှပ၍ ယုတ္တိရှိသောစကားလုံးနှင့် အကြောင်းအရာများ ကို သူတို့က တစ်ယောက်နှင့်တစ်ယောက် အလစ်မပေးဘဲ ကျွမ်းကျင် စွာ ဆော့ကစားနေလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

www.burmeseclassic.com

www.burmeseclassic.com

ပိုးပိုးသည် အိပ်ရာပေါ်၌ လှဲလျောင်းရင်းက လက်ထဲက ဆွဲကြိုးလေးကို အပေါ်သို့ မြှောက်ပင့်၍ ကြည့်လိုက်၏။ သူမရဲ့နှုတ်ခမ်းလှလှလေးနားတွင် ဒိမ့်ဒိမ့်ဆန်းဆန်းနဲ့ စိန်လော့ကတ်လေးက လှုပ်ရမ်းနေပါသည်။

သူမက ဒီဆွဲကြိုးလေးပြန်ရလို့ ဝမ်းသာနေတာထက်၊ သီဟဆိုသည့် ရိုးရိုးသားသားကောင်လေးကြောင့် ကျေနပ်ပီတိဖြစ်နေတာဟု ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ ဒီခေတ်ကြီးထဲမှာ အခုလို ရိုးဖြောင့်သည့် လူငယ်တွေ ရှိနေသေးသဖြင့် ပိုးပိုးက အံ့သြနေမိ၏။

ကျွိ . . ။

ရုတ်တရက်ကြီး အခန်းတံခါးပွင့်သွားတာမို့ သူမ နည်းနည်းလန့်သွားသည်။ တံခါးပေါက်ဝက ပေါ်လာသည့်မျက်နှာမှာ မိန္ဒေဖြစ်နေ



၆

"ဟိတ် . . မိန်းမနော်၊ ဆွဲကြိုးကိုကြည့်ပြီး ကြည်နူးလွမ်းဆွတ်နေတယ်ပေါ့"

လူမိသွားသည့်အပြင် မိန္ဒေ၏စွပ်စွဲမှုမှာလည်း မှန်နေသဖြင့် ပိုးပိုးက ရှက်ရယ်,ရယ်နေလိုက်ပါသည်။ အရမ်းရှက်နေသော ပိုးပိုးကို မိန္ဒေက ကရော်ကရော်လုပ်ပြနေ၏။ သူမက မိန္ဒေကို လက်နဲ့ လှမ်း၍ရိုက်လိုက်သည်။ မိန္ဒေက လှစ်ခနဲ ရှောင်ထွက်သွားသည်။ သူမက နောက်တစ်ချက် ထပ်ရိုက်ဖို့ ကြိုးစားပြန်သည်။ မိန္ဒေက အခန်းထောင့်ဘက် ရောက်သွားသည်။

ဒီလိုနှင့်အခန်းထဲမှာ ဝုန်းဒိုင်းကြဲ ပြေးလွှားသံတွေ ဆူညံလို့နေ၏။ ခဏကြာတော့ သူမတို့နှစ်ယောက်သား အိပ်ရာပေါ်သို့ လုံးထွေး၍ကျသွားပါသည်။ နှစ်ယောက်စလုံး မောပန်းနေလေပြီ။ ရယ်သံတွေကလည်း ဟိုက်နေကြ၏။ သို့သော် . . လည်း ထိုရယ်သံများတွင် ကြည်နူးပျော်ရွှင်ခြင်းများ ဆွတ်ပျံ့ပျော်ဝင်နေတာ သိသာလွန်းပါသည်။ မိန္ဒေတ . . .

"သိပ်ရယ်မနေနဲ့နော် . . ပိုး၊ ရယ်ပြီးရင် ငိုရတတ်တယ်တဲ့။ ကြားဖူးတယ် မဟုတ်လား"

"အောင်မာ . . ငါ့ဘဝရဲ့ ငိုစရာတွေက ပြီးသွားပြီ။ လုံးဝ ငိုဖို့မလိုတော့ဘူး။ ငါ့မှာ ရွှေလျှောက် ပျော်စရာတွေနဲ့ ကံကောင်းတော့မှာဟ . . ."

မိန္ဒေက ပိုးပိုး၏စကားကြောင့် မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သေး၏။ ပြီးတော့ စကားကို တည်တည်တံ့တံ့ပုံစံဖြင့် ပြောလေသည်။

'ပိုး . . နင် သူ့ကို အရမ်းကြီး မျှော်လင့်မထားနဲ့နော်"

"ဟာ . . ဘာလိုင်းကြီးပါလား။ ငါက ဘာဖြစ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေလို့လဲဆိုတော့ နင့်စိတ်ကို ငါက သိနေလို့ပဲ.. ပိုး.."

"မဟုတ်တာကြီးကွ.."

"ရှူး.."

ပိုးပိုး၏ဆင်ခြေကို မိန္ဒေက တစ်ဝက်တစ်ပျက်မှ ရပ်တန့်ပစ်လိုက်ပါသည်။

"နင်ဘာမှမပြောနဲ့ဦး ပိုး.. ငါပြောပြမယ်။ အဲဒီ သီဟာဆိုတာ နင်ရောငါပါ တစ်ခါတည်းပဲ တွေ့ဖူးသေးတယ်။ သူက နင့်ဆွဲကြိုးကို ရိုးရိုးသားသား ပြန်လာပေးတာ မှန်တယ်။ ဒါပေမဲ့ အဲဒီတစ်ချက်တည်းနဲ့ နင် အခုလောက် ဖြစ်စရာ မဟုတ်သေးဘူး။ နင်က မနေ့တစ်နေ့က ဆယ်တန်းအောင်လာတာ ဆိုတော့ ယောကျ်ားတွေကို နင် အလွန်ဆုံး သိမှ ဆယ်တန်းကျောင်းသားတွေလောက်ပေါ့။ အပြင်လောကကို ခဏလေး ထွက်ကြည့်လိုက်၊ နင် လုံးဝဖျားသွားစေရမယ်"

မိန္ဒေနှင့်ပိုးပိုးတို့သည် ဟိုးငယ်ငယ်လေးထဲက ခြံချင်းကပ် အတူတူ နေလာခဲ့ကြသော သူငယ်ချင်းတွေဖြစ်ကြသည်။ သူငယ်ချင်းတွေဆိုသော်လည်း မိန္ဒေက ပိုးပိုးထက် လေးနှစ်နီးပါးပိုကြီး၏။ လွန်ခဲ့သည့် ငါးနှစ်လောက်ကတည်းက ပိုးပိုးရဲ့အဖေမှာ ကားအက်စီးဒင့်နှင့် အောက်ပိုင်းသေနေသူတစ်ယောက် ဖြစ်ပေမယ့် အိမ်ကနေဖုန်းတစ်လုံးနှင့် ကုမ္ပဏီလုပ်ငန်းတွေကို ဦးစီးနိုင်သေးသည်။ သူမ မေမေကတော့ ယနေ့အထိ ဖေဖေ့သြဇာကို မလွန်ဆန်ရဲသော၊ သမီးနှင့်ယောကျ်ားကို အလွန်ချစ်သော အိမ်ရှင်မတစ်ဦးဖြစ်သည်။ ပိုးပိုးက ဆယ်တန်းအောင်ပြီးခါစ၊ ကွန်ပြူတာသင်တန်းကို တက်နေ၏။ မိန္ဒေကတော့ အီးမေဂျာ နောက်ဆုံးနှစ်ကျောင်းသူ၊ ရံဖန်ရံခါ ဗိုလ်ချုပ်ဈေးရှိ အထည်ဆိုင်မှာ သူမအမေနဲ့အတူထိုင်ကာ စီးပွားရေးလုပ်ကွက်များကို လေ့လာထား



သူလည်း ဖြစ်ပါသည်။

ဒါကြောင့် မိန္ဒေက ပိုးပိုးကို မဖြစ်သင့်တာ မဖြစ်ရအောင် ထိန်းပေးနိုင်သည်။ သူမတို့နှစ်ယောက်စလုံး တစ်ဦးတည်းသောသမီးတွေဖြစ်ကြပြီး ညီအစ်မအရင်းနှင့်မခြား ချစ်ကြ၏။ အသက်လေးနှစ်ကွာသော်လည်း ငယ်ငယ်ကတည်းက အတူတူ ဆော့ကစားလာကြသူတွေမို့ သူမတို့က နင်နဲ့ငါနဲ့သာ နှုတ်ကျိုးနေခြင်းဖြစ်၏။ တစ်ယောက်ကိုတစ်ယောက် အရမ်းသံယောဇဉ်ကြီးကြသည်။ မိန္ဒေက ဒုတိယနှစ်လောက်တုန်းက ရည်းစားထားမိတော့မလို ဖြစ်ခဲ့ဖူးသည်။ အဲဒီတုန်းက ပိုးပိုးသည် နှစ်ရက်တိတိငိုကာ ကန့်ကွက်ခဲ့တာကြောင့် မိန္ဒေမှာ သူမကောင်လေးကို လုံးဝ အဆက်အသွယ်ဖြတ်ပစ်ခဲ့လေသည်။

ပိုးပိုးဆီမှ စကားသံထွက်လာ၏။

"နင် ဘာကိုဆိုချင်တာလဲ.. မိန္ဒေ၊ သီဟာက လူကောင်းတစ်ယောက် မဟုတ်ဘူးပေါ့။ ဟုတ်လား.."

"ငါ သီဟာကို ကောင်းတယ်၊မကောင်းဘူးဆိုတာ ဘာမှမသိဘူး။ ဒီပုံအတိုင်းဆို ငါမသိပေမယ့် နင်ကတော့ လုံးဝသိဖို့လိုနေပြီ ပိုး..၊ ငါပြောတာ သဘောပေါက်ရဲ့လား"

"အေးပါ မိန္ဒေရယ်.. ငါ သဘောပေါက်ပါတယ်"

သူမတို့နှစ်ယောက် ပြိုင်တူပြုံးလိုက်ကြပါသည်။ မိန္ဒေက ပိုးပိုးရဲ့ဆံပင်လေးတွေကို ပွတ်သပ်နေရင်းမှ မေးလိုက်၏။

"နင် သီဟာကို အရမ်းသတိရနေလားဟင်..၊ တစ်ခါလေးပဲ တွေ့ဖူးတဲ့ဟာကို.."

"ငါ့ဆွဲကြိုးလေးကို ပြန်လာပေးတဲ့လူဆိုတော့ နည်းနည်းပါးပါးတော့ အမှတ်ရမိတာပေါ့။ ဟဲ့.. သူက လူကောင်းလေးတစ်ယောက်ပဲ ဖြစ်မှာပါနော်"

www.burmeseclassic.com

www.burmeseclassic.com



မိန္တွေက ချင့်ချင့်ချိန်ချိန်ဖြင့်..

''အင်း..ဒီခေတ်ထဲမှာ ကောက်ရတဲ့ဆွဲကြိုးလေးကို ပြန်လာပေးတဲ့ သူ့လိုလူငယ်မျိုးကတော့ အရမ်းရှားသွားပြီ။ အဲဒါကတော့ အရမ်းသေချာတယ်''

''ပြီးတော့ ကျန်သေးတယ်''

အလောတကြီး ဖြတ်ပြောလိုက်သည့်ပိုးပိုးကို မိန္တွေက ပြုံးစနှင့် မေးလိုက်ပါသည်။

''ပြောစမ်းပါဦး၊ ဘာတွေကျန်သေးလို့လဲ..''

''သူက ရုပ်တတ်တယ်ဟ၊ ရိုးရိုးကြီး၊ ခေါင်းကိုလည်း ငုံ့နေတာချည်းပဲ။ ပြီးတော့လေ..သူက တခြားကောင်လေးတွေလိုလည်း မဟုတ်ဘူး''

''ဟင်..အဲဒါဆို သူက အခြောက်ကြီးလား''

''အာ..မိန္တွေနော်၊ ရန်လာမစနဲ့..။ ပြောချင်တာက သူ ငါ့ကို ဆွဲကြိုးပြန်ပေးတာ တခြား ဘာမျှော်လင့်ချက်မှ မရှိဘူး။ ယုတ်စွ အဆုံး ငါတို့ကို နာမည်လေး၊ အိမ်လိပ်စာလေးတောင် သူ မမေးဘူး''

''အမယ်လေး,လေး..ကြည့်စမ်း...ကြည့်စမ်း..နင်ကသူ့ကို အမှတ်တွေ အသားကုန်ပေးထားတာပါလား''

''ဟုတ်တယ်လေ..ငါပြောတဲ့အထဲမှာ မဟုတ်တာ ဘာ လို့လဲ။ နင်လည်း သူ့ကိုတွေ့ဖူးသားပဲဥစ္စာ..''

''ကဲ..ပိုး၊ ငါ ခေါင်းခေါက်ထည့်လိုက်တော့မယ်။ အမြင် ကပ်လာပြီ''

''ခေါင်းတော့ မခေါက်လိုက်ပါနဲ့။ တော်ကြာ သူ့ကိုမေ့သွား ရင် ခက်နေလိမ့်မယ်''

''ဟာ..ကဲဟာ..ဒီလောက်ပြောနေတာတောင်..''



မိန္တွေက ပိုးကို ခေါင်းလှမ်းခေါက်လိုက်၏။ ဒါကို ကြိုတင် …က်ဆထားသည့်ပိုးက အနောက်သို့ ခုန်ဆုတ်၍ ရှောင်ပါသည်။ ထိုသို့ ဖြင့် မိန္တွေကလိုက်၊ ပိုးကပြေးနှင့် အခန်းထဲမှာ ဆူညံသံများ ထွက်ပေါ် လာပြန်သည်။

သူမတို့ မသိသေးတာတစ်ခုက သီဟသည် ဆွဲကြိုးလေးကို ပြန်ပေးလိုက်သည့်နေ့ကတည်းက သူမတို့ကို နောက်ယောင်ခံလိုက်ခဲ့ ပြီး အခုချိန်တွင်တော့ ပိုးနှင့်ပတ်သက်သမျှ အချက်အလက်တွေကို အားလုံးနီးပါးသိရှိပြီးသား ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၇ )

www.burmeseclassic.com

www.burmeseclassic.com

အခုတလော ဒေါ်သောင်းရွှေအဆောင်၌ အပြောင်းအလဲ
နည်းနည်းပါးပါး ဖြစ်ပွားခဲ့သည်။ ကွက်ကြားနှင့် ချီးပူးတို့အတွဲ
မသိမသာ ခွာပြဲသွားကြသော်လည်း လူသစ်ထွင့်ထွင့်နှင့် သီဟ
နှစ်ယောက်ကတော့ သိသိသာသာကြီးပင် မဟာမိတ်ဖြစ်သွားကြ၏။ ဒါ
အပေါ်ထပ်ပိုင်း အခြေအနေ။

အဆောင်အောက်ထပ်တွင်လည်း မာမီတိုးနှင့်မျိုးကျော်တို့
ဆက်ဆံရေးမှာ တစ်နေ့တခြား တိုးတက်လျက်ရှိသည်။ အခုဆို သူတို့
ညဘက်၌ ကန်ဘောင်ပေါ်မှာ လမ်းလျှောက်ကြသည်။ လက်ဖက်ရည်
အတူတူထိုင်ကြသည်။ မျိုးကျော်၏အကျီအဝတ်အစားများကို မာမီတို
လျှော်ဖွပ်ပေးသည်။



ဖေစိုးအောင်ကမူ မျိုးကျော်၏ဘဝကို ရင်တမမနှင့် စောင့်
ကြည့်နေရှာသည်။ မျိုးကျော်ကိုတော့ ဒီကိစ္စ၌ သူ မတားမြစ်နိုင်ပေ။
ကြောင့် သူ့စိတ်ညစ်ကာ အရက်တွေ လိုမ့်သောက်နေ၏။ တစ်သက်
သူ့စကားကို နားထောင်ခဲ့သော မျိုးကျော်သည် အခု အရင်လို
ဟုတ်တော့...။ သူ့စေတနာကို စော်ကားလေပြီ။ မျိုးကျော်ဆိုတဲ့
ကောင်မျိုးက လူညွှန့်တုံးပြီး ဘဝပျက်တာတောင်မှ ကိုယ့်အန္တရာယ်
ကိုယ် နားလည်မယ့်ကောင်မျိုးမဟုတ်...။

ဒီနေ့ အဆောင်သားများ အားလုံးလိုလို တက်ကြွလန်းဆန်း
ပါသည်။ သူတို့တွေသည် ပွဲတော်တစ်ခုအတွက် ကြိုတင်ရင်ခုန်၍
နေကြခြင်းဖြစ်၏။ သံလမ်းက ဘောလုံးကွင်းထဲတွင် ဒီည စတိတ်
ရှိသဖြင့် ပွဲတော်နေသော သူတို့အားလုံးသည် မလွတ်တမ်းပါဝင်
နွဲ ပြင်ဆင်နေကြလေသည်။

ဆစ်ဆစ်တို့ သွားကြည့်မည်ဆိုသဖြင့် ချီးပူးနှင့်ကွက်ကြား
မှာ နေ့လယ်တစ်နာရီလောက်ကတည်းက ဖင်တကြွကြွဖြစ်လျက်
မျိုးကျော်နှင့်မာမီတိုးတို့ကလည်း အပြတ်အားခဲထားကြသည်။
မျိုးကျော်က သစ္စာဖောက်သွားသဖြင့် ဖေစိုးအောင်သည် အဆောင်
ကိုခင်မောင်ကြည်နှင့်ပေါင်းကာ စတိတ်ရှိုး သွားကြည့်မည်ဖြစ်သည်။
လိပ်စာကျူရှင်ဆရာဦးချစ်စိုး (ခေါ်) ဘွန်ဟောင်းက ပွဲခင်းထဲသို့
ကိုယ်တော်ဒိုးရန် သူ့ရှူးဖိနပ်ကို ဝက်မှင်ဘီးဖြင့် အထပ်ထပ် ပွတ်
နေ၏။

သီဟနှင့်ထွင့်ထွင့်တို့ကတော့ ထုံးစံအတိုင်း အပျော်အပါး
တ်သက်မဟုတ်...။ တေးဂီတပွဲတော်၏အရသာကို ခံစားရင်း
ဖက်ကလည်း အလုပ်သဘောအရ အချဉ်တွေကို မျက်စိကစားရ၍
နေပေလိမ့်မည်။ တစ်ချိန်တည်းမှာပဲ သူတို့နှစ်ယောက်သည် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုတစ်ယောက် မသိမသာလေး လေ့လာနေကြမှာဖြစ်သည်။ သူတို့က တစ်ယောက်နဲ့တစ်ယောက် အတိအလင်းကြီး ဖွင့်မပြောပေမယ့် ဘယ်သူ၊ ဘာလဲဆိုတာကို မြွေ့မြွေ့ချင်း ခြေမြင်ထားကြလေသည်။

●

သံလမ်းစတိတ်ရှိုးပွဲသည် နာမည်ကြီးအဆိုတော် သုံးလေးယောက်မျှသာ ပါသော်လည်း ပရိသတ်တွေက ကြိတ်ကြိတ်တိုးလျက်ရှိ၏။ ပရိသတ်အများစုမှာ ဒီအနီးတစ်ဝိုက်ရှိ ရပ်ကွက်များမှဖြစ်ကြသည်။ ပြီးတော့ ရုံဝင်ကြေးမှာ ငါးရာကျပ်ဖြစ်၍ အခြေခံလူတန်းစားများလည်း တတ်နိုင်သည့်ငွေမျိုးဖြစ်၏။

လူတွေက တစ်နေကုန်လုပ်ငန်းခွင်၌ မွန်းကျပ်နေသမျှကို ဒီပွဲခင်းထဲတွင် လာရောက်အပန်းဖြေကြခြင်း ဖြစ်ပုံရသည်။

စတိတ်ရှိုး တကယ်စမည့်အချိန်မှာ ညရှစ်နာရီဟု ကြေငြာထားသော်လည်း ဒေါ်သောင်းရွှေအဆောင်တွင် ညနေခြောက်နာရီ မထိုးခင်ကတည်းက လူတွေအားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကုန်ကြ၏။ အဲဒီနောက် အဆောင်သားများသည် သံလမ်းဘောလုံးကွင်း မြက်ခင်းပြင်ပေါ်တွင် အလျှိုလျှို ပြန်၍ပေါ်ထွက်လာကြပါသည်။

ကြက်ပျံမကျ စည်ကားနေသောလူများကြားမှာ ထွန်းထွန်းနှင့် သီဟတို့၏အကြည့်များက ရိပ်ခနဲ၊ ရိပ်ခနဲပြေးလွှား ရှေ့လျားနေ၏။ သီဟရဲ့မျက်လုံးများသည် တစ်စုံတစ်ရာကို လှုံ့သွားပြီးမှ လျှပ်တစ်ပြက် ပြန်ရှာကြည့်လိုက်ပါသည်။…

ဟော..တွေ့ပြီ။ သူ အကြီးအကျယ် ဝမ်းသာသွားပါသည်။ ဝင်းဝါစိုပြည်သော အရေပြားပေါ်မှာ စိန်လော့ကတ်လေးက



ဖျတ်ခနဲ လက်ထသွား၏။ သီဟက နှုတ်ခမ်းလေးတွေ လှုပ်သည်ဆိုရုံမျှ သူမ၏နာမည်ကို ခပ်ဖွဖွ ခေါ်လိုက်မိသည်။

''ပိုး..''

ဟုတ်ပါသည်။ ပိုးပိုးရဲ့ဘေးနားတွင် ဟိုတစ်ခါတုန်းက တွေ့ဖူးသော သူမသူငယ်ချင်းမိန္ဒေလည်း ပါလာ၏။ သီဟက ရုတ်တရက် တစ်စုံတစ်ခုအား သတိရသွားကာ ဘေးမှပါလာသည့် ထွန်းထွန်းအား လှည့်ကြည့်လိုက်တော့ မရှိတော့..။ သူက ပို၍စိုးရိမ်သွားပြီး ထွန်းထွန်းကို ဟိုဟိုသည်သည် ရှာကြည့်မိ၏။ ထွန်းထွန်းက လုံးဝအစပျောက်သွားလေပြီ။

သီဟသည် ပိုးရှိရာဆီ ပြန်ကြည့်လိုက်တော့ သူမတို့က လူအုပ်ကြီးနှင့် ရောထွေးသွားသဖြင့် သူ ချက်ချင်းမတွေ့ဘဲ ဖြစ်နေသည်။ သူက စိတ်ထဲမှ ဆုတောင်းလိုက်၏။

ဘုရား၊ ဘုရား..ပိုးရဲ့ဆွဲကြိုးလေးကို ထွန်းထွန်း ရမသွားပါစေနဲ့။

သီဟက ဆုတောင်းရင်း ပိုးတို့ကို အမြန်ဆုံး လိုက်ရှာနေပြန်သည်။ သူ့မှာ စိုးရိမ်စိတ်တွေဖြင့် သွေးဆူလျက်ရှိ၏။ ထွန်းထွန်းရော၊ ပိုးပိုးတို့ကိုပါ အခုထိ မတွေ့ရသေး၍ သီဟ အရမ်းစိတ်ပူလာမိသည်။

ဖျတ်ခနဲ မြင်လိုက်ရသော အလင်းလေးက သူ့မျက်လုံးထောင့်စွန်းမှာ စွဲထင်သွား၏။ သူနှင့် တော်တော်အလှမ်းကွာသော လူအုပ်ကြီးထဲ၌ ပိုးပိုးတို့ကိုတွေ့ရသည်။ ပိုးပိုးတို့အနားသို့ လူတစ်ယောက်က အတင်းတိုးကပ်ဖို့ ကြိုးစားနေတာကိုလည်း သူ တွေ့နေရလေ၏။ ထိုလူက ထွန်းထွန်းဖြစ်နေ၍ သီဟ ပိုပြီးစိုးရိမ်နေမိသည်။

သူ့မှာ ထွန်းထွန်းကို ဟန့်တားဖို့ ဘာမှ မတတ်နိုင်တော့သည့် အခြေအနေမို့ ထွန်းထွန်း လုပ်သမျှကို မလွှတ်တမ်း သေချာကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ရင်း ပိုးပိုးနှင့် ထွင့်ထွင့်တို့သည် ပခုံးချင်းယှဉ်လျက် ရွှေ့လျားသွားနေကြ ပုံ ခဏကြာတော့ လူချင်းကွဲကွာသွားပုံ၊ ပိုးပိုး၏လည်ပင်းတွင် ဆွဲကြိုး လေးမရှိတော့ပုံ . . တို့ကို သီဟ အကုန်တွေမြင်နေရပါသည်။ သို့သော် သူ ဘာများတတ်နိုင်ဦးမည်နည်း။

သူ့ခေါင်းထဲ၌ အကြံတစ်ခု လက်ခနဲ ဖြစ်သွား၏။ ပြီးတော့ သီဟတစ်ယောက် ထွင့်ထွင့်နောက်ကို အသားကုန်လိုက်တော့သည်။ အလွန်လျင်မြန်သော ထွင့်ထွင့်ကို လူအုပ်ထဲမှာပင် မျက်ခြေပြတ်သွားရ လေ၏။ သီဟက 'တောက်' တစ်ချက် ခေါက်လိုက်မိ၏။ သူ့မျက်နှာကြီး မှာ နီမြန်း၍ မျက်မှောင်ကြုတ်ထားပါသည်။

ထို့နောက် သီဟသည် အဆောင်သို့ ပြန်သောလမ်းတွင် သွား စောင့်နေရန် ဆုံးဖြတ်ချက်ချကာ ပွဲတော်ကို ကျောခိုင်းလှည့်ထွက်လာ ခဲ့လေသည်။

●

သီဟ ဒီနေရာမှာ ထိုင်စောင့်နေတာ သုံးနာရီနီးပါး ကြာမြင့် နေပြီဖြစ်သည်။ အခုချိန်ထိ ထွင့်ထွင့်၏ အရိပ်အယောင်လေးကိုပင် မမြင်ရသေး . . ။ စတိတ်ရှိုးပြီးဖို့ကတော့ တစ်နာရီကျော်လောက် လိုဦး မည်ဟု သူခန့်မှန်းလိုက်မိ၏။ ကေနှ ထွင့်ထွင့်တစ်ယောက် ရှုံထဲအထိ ဝင်ပြီး သားကောင်နောက် လိုက်နေတာပဲဖြစ်ရမည်။

ဘာပဲဖြစ်ဖြစ်၊ ဒီညတော့ ပိုး၏ဆွဲကြိုးလေးကို သူပြန်ရအောင် ကြိုးစားရမည်။ သူက ပိုးပိုး၏မျက်နှာနွမ်းနွမ်းလေးကို မြင်ယောင်ကြည့် မိတော့ တော်တော်သနားသွားပါသည်။ အကြောင်းအမျိုးမျိုးကြောင့် စတိတ်ရှိုး မပြီးခင် အိမ်ပြန်လာကြသူများက ကြိုကြားကြိုကြားရှိနေရာ



လမ်းသည် လူသိပ်ပြတ်လွှန်းတာမျိုးတော့ မရှိပေ။

ရုတ်တရက်ခြေသံတချို့ကြားလိုက်ရသဖြင့် သီဟက တစ်ချက် လှမ်းကြည့်မိသည်။ မြင်ကွင်းသည် သူ့နှုတ်ခမ်းများအား ပြုံးသွားစေ ၏။

ဘယ်သူတွေများလဲလို့။ လက်စသတ်တော့ သူတို့လမ်းထိပ် 'စေတနာရှင်'ထမင်းဆိုင်က ပလွေရိုးမလေးကို အဆောင်က ငကြောင် နှင်ကောင်က လိုက်ပိုးနေတာပါလား။ ထိုပလွေရိုးမလေးသည် 'ဆစ်ဆစ်' ဆိုသည့်နာမည်နဲ့ လိုက်ဖက်လှ၏။ သူမတစ်ကိုယ်လုံး တစ်နေရာမှ အသား မရှိဘဲ အရိုး၊ အဆစ်များပေါ် အရေပြားအုပ်ရုံလေး အုပ်ထားသူဖြစ် သည်။ ဆစ်ဆစ်၏ဘေးတွင် သွားခေါ်ခေါ်နှင့် ဘိုကေညှပ်ထားသည့် ဆရုတ်မလေးတစ်ယောက် အဖော်ပါလာသည်။

ဒါပေမဲ့ သီဟ လုံးဝကြည့်မရသော အဆောင်သားနှစ်ယောက် သည် အနီတရုတ်မလေးအား မိန်းမတစ်ယောက်ဟုပင် သဘောထား ပုံမရဘဲ၊ ဆစ်ဆစ်ကိုသာ တော်ကီတွေနှင့် တစ်ယောက်တစ်လှည့် အမဲဖျက်နေကြ၏။ ကွက်ကြားသည် သရုပ်ဆောင်ရှုး,ရှုးသူဖြစ်သည့် အလျောက် စကားပြောလျှင် သူကြည့်ဖူးသော မြန်မာဗွီဒီယိုကားထဲမှ မင်းသားတွေကဲ့သို့ ပြုမူပြောဆိုတတ်သည်။ တကယ်တော့ ကွက်ကြား က မင်းသားတွေတင်မက၊ လူရွှင်တော်တွေ၊ လူကြမ်းတွေရဲ့အိုက်တင် တွေကိုလည်း လိုက်လုပ်နိုင်သည်။ အခုလည်းကြည့် . . ။ ကွက်ကြား က စိုင်းစိုင်းခမ်းလှိုင်တို့၊ အနဂ္ဂတို့၊ ကျော်သူစိုးတို့ဝတ်သည့် တီရှပ် အပွကြီးတစ်ထည်ကို Rapper တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားကာ မင်းမော်ကွန်းအိုက်တင်လုပ်ပြီး ဆစ်ဆစ်၏နှလုံးသားကို ခြွေယူနေ၏။

ဒါက ဆစ်ဆစ်၏ညာဘက်။ သူမရဲ့ဘယ်ဘက်တွင်လည်း ကြည့်ကြပါဦး။ ဆံပင်တစ်မျှင်မှ မပေါက်သော ဝင်းလွင်ဦး(ခေါ်) ခွီးဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်ကောင်သည် ရိုးမားအသင်း ဂျာစီကျောနံပါတ် (လေး) ကို ဒူးပြနေတဲ့ ဂျင်းဘောင်းဘီတစ်ထည်နှင့်တွဲ၍ ဝတ်ဆင်ထားသည်။ ဆံပင်တစ်မျှင်မှ မရှိတာကလွဲရင် သူက ကွက်ကြားထက်တော့ ကြည့်ရ၊ ရှုရတာ အဆင်ပြေပါ၏။

သီဟာက အနားကပ်လာသော သူတို့၏စကားပြောသံများကို ကြားနေရ၏။ ကွက်ကြားက ပြော၏။

"ဆစ်လေးသာ ကိုယ့်ကို လက်ခံမယ်ဆိုရင် ကိုယ်အားလုံးကို ရင်ဆိုင်ပစ်လိုက်မယ်။ သီလား. . .၊ ပူးသီးဖြစ်ဖြစ်၊ ခရမ်းသီးဖြစ်ဖြစ်၊ ဂေါ်ရခါးသီးဖြစ်ဖြစ်. . ."

"နေစမ်းပါဦး၊ နင်က 'ဆစ်လေး'တွေ 'ကိုယ်'တွေ လုပ်ရအောင် နင့်အသက်က. . . ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်လေ။ ဟဲဟဲဟဲ. . . ဟဲ. . ."

"ဒါဆို. . . နင်က ငါ့ထက် လေးနှစ်တောင် ငယ်တာပေါ့၊ ငါက ကလေးမကြိုက်ဘူး"

"ဟာ. . . ဘယ်က ကလေးဟုတ်ရမှာလဲ။ အသက်ဆယ့်ရှစ်နှစ်ဆိုတာ မိန်းမယူလို့ရပြီလေ"

"အောင်မာ. . . သောက်ကလေးကများ၊ ခေါင်းခေါက်ထည့်လိုက်လို့. . . ကွက်ကြားနေ့ . . ကွက်ကြား၊ဟွန်း. . . ငါ့ဆိုင်မှာ တစ်နေ့ကို ဟင်းဆယ့်နှစ်ပွဲနဲ့ ထမင်းစားနေတဲ့ ဖောက်သည်တွေမို့လို့. . . တခြားလူဆို မလွယ်ဘူး"

ဆစ်ဆစ်ရဲ့စကားကြောင့် ကွက်ကြားက ခဏငြိမ်သွားသည်။ ကွက်ကြား၏မျက်လုံးတွေက ရှေ့မလှမ်းမကမ်းက ဓာတ်တိုင်ကြီးကို မြင်မှ သူ့အလှည့်ပြီးတော့မယ်ဆိုတာ သတိရသွားသည်။ ကွက်ကြားနှင့်ချိုးပူးတို့သည် ဆစ်ဆစ်ကို တစ်ယောက် ဓာတ်တိုင်သုံးတိုင်စီ စကားပြောရန်



သဘောတူထားကြ၏။ ကွက်ကြားက ချက်ချင်းပင် အိုက်တင်ချိန်းပစ်လိုက်၏။

"ဩော်. . . အသက်ငယ်တာပဲ။ ကိုယ့်အပြစ်ဖြစ်ရပြန်ပြီကော ဆစ်ငယ်လေးရယ်. . . ဟောဒီ ကွက်ကြားဆိုတဲ့ကောင်က ဆစ်ငယ် အားကိုးမယ်ဆို အားကိုးလောက်ပါတယ်။ တကယ်ဆိုရင် ကိုယ်က အသက်ပဲငယ်တာ ကျန်တာ ဘာမှမငယ်ဘူး"

သူ့စကားကြောင့် ဆစ်ဆစ်ရော၊ ချိုးပူးပါမျက်လုံးတွေ ပြူးကုန်ကြ၏။ ကွက်ကြားက လက်ကျန်စကားကို ဆက်ပြောလိုက်ပါသည်။

"ဦးနှောက်တို့၊ ဗလတို့ ပြောပါတယ်. . . ဟဲဟဲ. . . ဟဲ. . ."

ဒီတော့မှ ဆစ်ဆစ်လည်း သက်ပြင်းချနိုင်သည်။ သူမက တစ်ခုခုကို ရုတ်တရက် သတိရသွားဟန်ဖြင့်. . .

"ဩော်. . . ကွက်ကြား၊ နင့်ကို ငါမေးစရာတစ်ခုရှိတယ်။ မေးမယ်မေးမယ်နဲ့ မမေးဖြစ်တာ. . .။ ဒီလိုဟ. . . နင်က ငါ့ကိုကြိုက်နေတာမှတ်လား၊ အဲဒါ ဗေဒင်မေးမလို့၊ နင်နဲ့ငါနဲ့ တည့်သလား၊ ဘာညာပေါ့ဟာ။ နင်ကဘာနေ့သားလဲ၊ နင့်နာမည်ကရော. . . ဘယ်လိုခေါ်သလဲ"

"ဟာ. . . ဆစ်လေးကလည်း ကြောင်လှချည်လား၊ ကိုယ့်နာမည်က ကွက်ကြားလေ၊ တနင်္လာသားပေါ့. . ."

"ဟင်. . . ဘယ်လို၊ နင့်နာမည်အရင်းကလည်း ကွက်ကြားပဲလား၊ ငါက အိမ်နာမည်မှတ်လို့"

"ဟုတ်တယ်. . .၊ မှတ်ပုံတင်ထဲမှာလည်း ကွက်ကြားပဲ၊ သန်းခေါင်စာရင်းထဲမှာလည်း ကွက်ကြားပဲ၊ ကျောင်းသားကတ်မှာလည်း ကွက်ကြားပဲ"

"ဟောတော့. . .၊ကံကောင်းလို့ပါလား။ အချိန်မီ စောစော

www.burmeseclassic.com

www.burmeseclassic.com



စီးစီး သိလိုက်ရလို့၊ ဘုရား.. ဘုရား၊ နာမည်က ကွက်ကြားတဲ့..''

ကွက်ကြားခမျာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့လျက်ရှိ၏။ တကယ်ဆို အသက်ငယ်နေတာကလည်း သူ့မှာ အပြစ်မရှိ။ ကွက်ကြားဆိုသည့် နာမည်ကလည်း သူ့မှာအပြစ်မရှိ။ ဒါပေမဲ့ ဆစ်ဆစ်ကတော့ အဲဒါတွေကို အပြစ်ယူခဲ့လေပြီ။

ကွက်ကြားသည် မုဒ် (Mood) အပြည့်နှင့် နောက်ထပ်အိုက်တင်တစ်ခုကို ချိုးကွေ့ပစ်လိုက်ရန် အားယူနေဆဲ.. ချိုးဗူး၏အသံကြီးက နားထဲကို ကန့်လန့်ဖြတ်ကာ ဝင်လာသည်။

''ဟေ့ကောင်.. မင်းအလှည့်ပြီးပြီ။ ဆစ်ဆစ်ကို ဘာမှထပ်မပွားနဲ့တော့..''

''မင်းကလည်းကွာ၊ ခဏလေးပါ''

''မရဘူးဟေ့ကောင်၊ လုံးဝမရဘူး''

''ချိုးဗူး.. မင်းက လုံးဝဘော်ဒါကဏ္ဍ မရှိဘူး၊ အဲဒါကြောင့် မင်းခေါင်းမှာ ဆံပင်တစ်မျှင်မှ မပေါက်တာ..''

ကွက်ကြားက စိတ်ဆိုးကာ မျက်နှာကြီး စူပုပ်ထား၏။ ဘာပဲဖြစ်ဖြစ် အခုတော့ ချိုးဗူးအလှည့်သို့ ရောက်လာလေသည်။

ဆစ်ဆစ်ကပဲ ဦးဆောင်၍ မေးလိုက်ပါသည်။

''ချိုးဗူးက ဘိုကလေးဇာတိနော်..''

''ဟုတ်ပါတယ်''

''ဪ.. ဒါနဲ့ စကားမစပ် ချိုးဗူးမနေ့ကညတုန်းက ထမင်းစားတော့ ဟင်းသုံးပွဲပဲ မှာစားတယ်နော်။ ဘယ်လိုဖြစ်တာလဲ၊ စီးပွားရေးအခြေအနေ မကောင်းဘူးလား''

''ဟုတ်တယ်ဗျ.. စီးပွားရေးအခြေအနေက တစ်ယောက်တည်းတောင် ဟိုဘက်တိုးလိုက်၊ ဒီဘက်တိုးလိုက်၊ တိုးရင်းနဲ့ ကျပ်



လိုက်၊ ကျပ်လွန်းလို့ တိုးလိုက်.. အဲလိုဖြစ်နေတာ..''

''ဪ.. မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ''

''ညီတစ်ယောက် ရှိသေးတယ်''

''သူကရော၊ မိဘတွေနဲ့ အတူတူနေသလား''

''သူ့ကို 'စ'လုံး ပို့ထားတယ်၊ စာသင်ဖို့ပေါ့''

''ဟုတ်လား၊ ဒါဆို ဘယ်ဆိုးလို့လဲ။ ဒီခေတ်ထဲမှာ လူတစ်ယောက်ကို စက်ာပူပို့ပြီး ကျောင်းထားပေးဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ကုန်ကျစရိတ်က နည်းတာမဟုတ်ဘူး''

''ကုန်ကျစရိတ်က နည်းပါတယ်ဗျ။ နည်းတာမှ တစ်ပြားမှကို မကုန်ဘူး''

''ဟုတ်လို့လား၊ ပြောတော့.. 'စ'လုံးမှာ ကျောင်းထားတယ်ဆို..''

''ဟုတ်တယ်လေ။ 'စ'လုံးဆိုတာ စစ်ကိုင်းချောင်ကိုပြောတာ၊ အဲဒီမှာ ဘကြီးဘုန်းကြီးရှိတယ်။ သူက စာသင်ပေးတဲ့အပြင် ထမင်းတောင် ပြန်ကျွေးထားသေးတယ်''

ချိုးဗူးရဲ့စကားကြောင့် ဆစ်ဆစ်က 'ခစ်'ခနဲ ရယ်လိုက်မိ၏။ ဝင်းလွင်ဦးနဲ့ စကားပြောရတာ သူမ ပျော်လေသည်။ အသက်အရွယ်အရလည်း ဝင်းလွင်ဦးက သူမထက် သုံးနှစ်ပိုကြီးသည်။ ရုပ်ရည်က သိပ်အဆိုးကြီးမဟုတ်၊ ဟိုကွက်ကြားဆိုတဲ့ကောင်ထက်စာရင် အများကြီးတော်သေးသည်ဟု အောက်မေ့မိသည်။ အဲ.. တစ်ခုတော့ရှိ၏။ ချိုးဗူးဆိုတဲ့လူက ဆံပင်တစ်မျှင်လေးတောင် မရှိခြင်းပင်ဖြစ်၏။ ဪ ခက်တော့နေပါပြီ၊ ချိုးဗူးပါဆိုမှ ဘယ်လိုလုပ် ဆံပင်ရှိမှာတုန်း။ ဒီခေါင်းက ဆံပင်မရှိပေမယ့် စိတ်တွေဘာတွေတော့ ကစားပုံရ၏။ သူ့ခေါင်းကို ခိုးကြည့်ရတာ ဆစ်ဆစ်အတွက် ရင်ခုန်စရာတစ်မျိုးပဲ မဟုတ်ပါလား

www.burmeseclassic.com

www.burmeseclassic.com



သီဟာသည် အဆောင်က အရှုပ်ထုပ်နှစ်ကောင်နှင့် မည်ကာမတ္တ မိန်းမတစ်ယောက်တို့၏ မတော်မတည့်တွေ လျှောက်ပြောသမျှကို မကြားချင်ပေမယ့်လည်း ကြားနေရလေ၏။ ခဏကြာတော့ စတိတ်ရှိုးက ပြီးဆုံးသွားသည်။ လူတွေက ဆန်အိတ်ကို သွန်ချလိုက်သလို ဝေါခနဲ အဲဒီလမ်းလေးထဲမှာ ပြည့်ညပ်ပြီး ပြန့်ကျဲသွားပါသည်။

သို့သော် သူတွေ့ချင်သည့် ထွင့်ထွင့်တစ်ယောက်ကိုတော့ အခုထိ မတွေ့ရသေး . . .။ သီဟာက ထွင့်ထွင့်ကို ရှာမတွေ့သောကြောင့် ဒေါသဖြစ်လာ၏။ စတိတ်ရှိုး လာကြည့်တဲ့လူတွေ ပြန်လို့ကုန်တော့မည်။ ထွင့်ထွင့်ကို အရိပ်တောင် မမြင်ရသဖြင့် သီဟာက ဒီကောင် အဆောင်ပြန်၍ အိပ်နေပြီလားလို့တောင် သံသယဝင်လာပါသည်။

ထိုစဉ် သူတောင်းစား အဘိုးကြီးတစ်ယောက်က သူ့ဆီပိုက်ဆံလာတောင်း၏။

''ငါ့တူ၊ အဘကို ပိုက်ဆံနှစ်ရာလောက် . . .''

သီဟာက အိတ်ထဲသို့ နှိုက်ကြည့်လိုက်တော့ ပိုက်ဆံငါးဆယ်တန်တစ်ရွက် ပါလာ၏။ သူက ပြောလိုက်သည်။

''ငါးဆယ်ပဲပါတယ် အဘရဲ့။ ငါးဆယ်ပဲ ယူလိုက်နော်''

''မရဘူး။ နှစ်ရာပဲ။ ငါးဆယ်ဆိုရင် မယူဘူး . . .''

ဟိုက် . . .။ ဗုဒ္ဓေါ . . .။ သူက သူတောင်းစားအဖိုးကြီးကို သေချာစူးစိုက်၍ကြည့်လိုက်ပါ၏။ တဖြည်းဖြည်းနှင့် သီဟာပြုံးလာတော့သည်။

အားပါး၊ ထွင့်ထွင့်ဆိုတဲ့ကောင်က ရုပ်ပြောင်းရုပ်လွှဲလည်း ရတာပဲ။ သီဟာစိတ်ထဲမှာ ထွင့်ထွင့်ကို နည်းနည်းတော့ ဖြုံသွားမိပါသည်။ တစ်ဆက်တည်း သီဟာစဉ်းစားကြည့်လိုက်၏။

ထွင့်ထွင့်ဆီက ပိုး၏စိန်လော့ကတ်ဆွဲကြိုးလေးကိုရအောင်



ဘတ်ဖို့ ဆိုတာက လွယ်တဲ့ကိစ္စမဟုတ်။ ဒါဆို ရိုးရိုးသားသား ဖွင့်ပြောပြပြီး အကူအညီတောင်းရင်ရော။ ထိုနှစ်ခုအနက် သီဟာက ဒုတိယလမ်းကြောင်းအား ရွေးချယ်လိုက်ပါသည်။ ပိုးနှင့် ဖြစ်ပျက်ပတ်သက်ခဲ့သမျှအားလုံးကို သီဟာက ထွင့်ထွင့်အား ပွင့်လင်းစွာ ဖွင့်ပြောလိုက်ခြင်းသည် ၎င်းတို့၏လျှို့ဝှက်ချက်ကို သွယ်ဝိုက်သောအားဖြင့် အပြန်အလှန် အသိပေး ဝန်ခံလိုက်ခြင်းလည်း မည်လေသည်။ ထွင့်ထွင့်က သီဟာပြောလာမည့်အကြောင်းတွေကို နားစွင့်ထားလိုက်၏။

''ဒီလိုကွ . . . ထွင့်ထွင့်ရေ . . . x x x x x x x x
x x x x x x x x x x x x x x x x
x x x x x x x x x x x x x x x x
x x x x x x x x x x x x x x ''ဟု အစချီကာ သီဟာက အဖြစ်အပျက်တွေကို ပြောပြလေတော့၏။

ညသည် လရောင်တစ်ခြမ်းနှင့်ပင် တော်တော်လင်းထိန်နေသည်။ စတိတ်ရှိုးပွဲ လာကြည့်သူ ပရိသတ်များကိုလည်း လမ်းမပေါ်တွင် မတွေ့ရတော့။ အခုဆို သူတို့နှစ်ယောက်တည်းသာ လရောင်အောက်တွင် ရှိနေကြ၏။ တစ်ယောက်ကိုတစ်ယောက် ရင်ဘတ်ချင်း ထုတ်ချင်းဖောက်၍ မြင်တွေ့နိုင်လောက်သည့် ရင်းနှီးမှုမျိုးဖြင့် သူတို့စကားတွေပြောလျက်ရှိပါသည်။

သီဟာက သူ့ကို ထွင့်ထွင့် ပြန်ပေးထားသည့် ပိုးရဲ့ဆွဲကြိုးလေးအား ခပ်ဆဆလုပ်ရင်း ဆော့ကစားနေ၏။ ထွင့်ထွင့်က မေးလိုက်သည်။

''ညဦးပိုင်းတုန်းက ဘာဖြစ်လို့ မင်းက စတိတ်ရှိုးရုံထဲ မဝင်ဘဲ နေရတာလဲ။ ရုံထဲမှာ အချဉ်တွေ အများကြီးပဲကွ . . .''

''ငါက ဝင်လိုက်ထွက်လိုက် လုပ်တတ်တဲ့ကောင်ဆိုတော့ သိပ်အဆင်ပြေမှာ မဟုတ်ဘူး။ ခဏ၊ ခဏ ရုံဝင်ကြေးပေးနေရမှာ . . .''

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ထွင့်ထွင့်က သိပ်နားမလည်သလိုနှင့် . . .

''ဟာ . . မင်းကလည်း ရှံဝင်ကြေးကို တစ်ခါတည်းပေး
ဝင်ရုံပါပဲ။ ရုံအပြင်ပြန်ထွက်ချင်ရင် အစောင့်တွေက မင်းလက်မှ
တံဆိပ်တုံးလေးထု ပေးလိုက်မှာပေါ့။ မင်းက အဲဒါကို ပြပြီးပြန်ဝင်
ရတယ်လေ . . ဘာခက်လို့လဲ''

ထွင့်ထွင့်၏စကားဆုံးသွားတော့ သီဟက ပါးစပ်ကိုပိတ်
လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ပါသည်။ နောက် . . သူက ရှင်းပြ

''မင်းပြောသလိုလုပ်လို့ မဖြစ်ဘူးထွင့်ထွင့်ရ . . ငါ့မှာ အ
အဆတစ်ခုရှိတယ်''

''ဟုတ်လား၊ လုပ်စမ်းပါဦး . .''

''ဒီလိုလေ . . ငါ့အယူအဆက ဘယ်သူ့ကိုမှ ငါ့အရေပြား
မှာ တံဆိပ်နှိပ်တာ လက်မခံနိုင်ဘူး။ အဲဒီလို ခန္ဓာကိုယ်ပေါ်ကို သူ
အမှတ်အသားကို တံဆိပ်နှိပ်တယ်ဆိုတာ ဟိုးကျေးပိုင်၊ ကျွန်ပိုင်ခေ
တုန်းက ကျွန်ပိုင်ရှင်သူဌေးကြီးတွေက သူတို့ရဲ့ ငွေဝယ်ကျွန်တွေ၊ သူ
ပိုင်ဆိုင်တဲ့ တိရစ္ဆာန်တွေကို လုပ်တာမျိုးကွ . . ငါက အဲဒီစတိတ်
ကန်ထရိုက်ရဲ့ကျွန်မှ မဟုတ်တာ . .''

သီဟ၏ဖြေရှင်းချက်ကြောင့် ထွင့်ထွင့်က ဟက်ခနဲ ရယ်မော
လိုက်မိသည်။ သူ့စိတ်ထဲ၌ 'ငါနဲ့တော်တော်တူပါလား' ဟုတွေးမိကာ
ကျေနပ်အားရနေ၏။ ရုတ်တရက် သီဟက ထွင့်ထွင့်အား တုံ့ပြန်သည်
သဘောဖြင့် မေးခွန်းတစ်ခု မေးလေသည်။

''ဒါဆို ငါကလည်း မင်းကို မေးရဦးမယ်။ ဟိုတစ်နေ့တုန်းက
စေတနာရှင်ဆိုင်ရှေ့မှာ ဒီဆိုင်က လက်ရာကောင်းရဲ့လားဆိုပြီး၊ မင်း
ငါ့ကို ဘာဖြစ်လို့ လာမေးရတာလဲ''

''အဲဒါက ဒီလိုလေကွာ . . အင်း . . ငါ့အတွေ့အကြုံအရ



ပြောရမယ်ဆိုရင် အဲ့ဒီလို 'စေတနာရှင်' ဆိုတဲ့နာမည်မျိုး မှည့်ထားတဲ့
ထမင်းဆိုင်မျိုးဟာ လက်ရာညံ့တတ်တယ်။ သူတို့က သူတို့ရဲ့ညံ့ဖျင်း
မှုတွေကို နာမည်နဲ့ ကာပြီး အကာအကွယ်ယူထားတတ်ကြတယ်ကွ . .။
ဒါက ထမင်းတစ်မျိုးတည်းပြောတာ မဟုတ်ဘူးနော်။ အများကြီးရှိ
သေးတယ်။ ဥပမာ . . ကရုဏာတို့၊ အကြင်နာတို့၊ သက်တော်ရှည်တို့
ဆို နာမည်တွေနဲ့ဆေးခန်းမျိုးဆိုရင် ဝေးဝေးသာရှောင် . . အခန့်မသင့်
ရင် မင်း ချက်ချင်းဂန့်သွားနိုင်တယ် . . သဘောပေါက်လား''

''သြော် . . ဒါကြောင့်ကိုး . . ပေါက်ပြီ။ လုံးဝပေါက်သွား
ပြီ . . ဟဲ . . ဟဲ . . ဟဲ . . ၊ မင်းပြောတာ မှန်တယ် ထွင့်ထွင့်ရ . . ၊
ဟိုဘက်လမ်းမှာ 'မိဘမေတ္တာ' ဆိုတဲ့ အဆောင်တစ်ဆောင်ရှိ
တယ်။ အဲဒီအဆောင်ပိုင်ရှင် ကိုလှသန်းဆိုတဲ့ ဘဲနာကြီးဟာ တစ်စက်မှ
ကောင်းတဲ့လူ မဟုတ်ဘူး။ သူ့အဆောင်မှာ နေတဲ့လူတွေဆိုတာ သူ့
ကိုသည်းမခံနိုင်လို့ အဆောင်ပြောင်းပြေးကုန်ကြတာချည်းပဲ။ ပိုက်ဆံမက်
တယ်၊ လောဘကြီးတယ်။ အဆောင်သားတွေရဲ့ပိုက်ဆံကို နည်းမျိုးစုံ
နဲ့ ညှစ်ထုတ်တယ်။ သူ့အကျိုးစီးပွားထိခိုက်တယ်လို့ ထင်လာရင် သူက
ဘယ်သူ့မျက်နှာမှ ထောက်မနေဘူး၊ ကျောင်းယဲ . . ။ မိဘမေတ္တာ ရဖို့ဆို
တာ ဝေးလာဝေး၊ မိထွေးတွေ၊ ပထွေးတွေရဲ့ မေတ္တာမျိုးလောက်တောင်
မခံစားတွေ့ရဘူး''

သီဟက ထိုသို့ပြောရင်း ထွင့်ထွင့်၏အယူအဆအား ထောက်ခံ
ချက် ပေးလိုက်ပါသည်။ သူတို့နှစ်ယောက်မှာ အဲဒီလိုနည်းဖြင့် တစ်
ယောက်ကိုတစ်ယောက် အပြန်အလှန် သဘောကျနေခဲ့၏။

စကားတွေပြောရင်းပြောရင်းနှင့် အချိန်တွေ ဘယ်လိုကုန်
သွားမှန်းပင် မသိလိုက်ဘဲ သိပ်မကြာခင်မှာ နံနက်အာရုံအလင်းက
ရောက်ရှိလာတော့သည်။ မိုးလင်းခါနီးမှ ဗိုက်ဆာလာသဖြင့် သူတို့က

www.burmeseclassic.com



သမ်ိုင်းလမ်းဆုံဘက်မှာ မနက်အစောကြီးဖွင့်သည့် မုန့်ဟင်းခါး သွား
စားလိုက်သေး၏။ သူတို့နှစ်ယောက်စလုံး ညက တစ်ရေးမှ မအိပ်ရလိုက်
သေးသော်လည်း မနက်မိုးစင်စင်လင်းသည်အထိ ထူးဆန်းစွာ လန်းဆန်း
တက်ကြွနေပါသည်။

သူတို့သည် အပေအတေ၊ လူလိမ်ဘောတ်များဖြစ်ကြ
ဒါ့အပြင် ကိုယ်ပိုင်အတွေးအခေါ်ရှိသော ပထမတန်းစား ခေတ်လူငယ်
လေးများလည်းဖြစ်လေသည်။

❑

# အခန်း ( ၈ )

www.burmeseclassic.com

www.burmeseclassic.com

ထွန်ထွန်နှင့်သီဟတို့ အခုလို မဟာမိတ်ဖြစ်သွားခြင်းတစ်
ကြောင့် သူတို့ဒေါ်သောင်းရွှေအဆောင်၌ ဘာမှထူးထူးခြားခြား ပြောင်း
လဲသွားခြင်းမရှိလှပါ။ သို့သော် ဒါသည် သိပ်မကြာခင်အချိန်တွင် ရန်ကု
ဘတ်သီးလောက၌ လူတကာ လက်ဖျားခါရလောက်သည့် အမှုများ
အစနိဒါန်းတွေပဲ ဖြစ်နေ၏။

ထို့အဆင့်မြင့် ဘောတ်နှစ်ယောက်၏ ပူးပေါင်းမှုသည် အလွ
အကွက်စေ့သည်။ ရုတ်တရက် ချက်ချင်းမသိနိုင်ဘဲ တစ်ဆင့်ခံထားသေ
မြုပ်ကွက်တွေရှိ၏။ အဓိကအားသာချက်မှာ သူတို့သည် လူတွေ
လောဘစိတ်ကို ထိရောက်စွာ လှလှပပ အသုံးချနိုင်ကြခြင်းဖြစ်သည်

သူတို့နှစ်ယောက်သည် ပထမဆုံးခြေလှမ်းအဖြစ် တခြ



ရပ်ကွက်ထဲက လောင်းကစားဒိုင်များကို ပြန်၍လူလည်ကျလိုက်ကြ၏။ သူလိုလို၊ ကိုယ်လိုလိုနှင့် နှစ်ယောက်သား အတိုင်အဖောက်ညီစွာ ဟာ ကွက်မရှိအောင် ကြိုတင်ကြံစည်ခြင်းဖြစ်ရာ လည်လှပါသည်ဆိုသော လောင်းကစားဒိုင်များမှာ သိသိကြီးနဲ့ ခံလိုက်ရတော့သည်။

ထို့ကြောင့် တချို့ဒိုင်များက သူတို့ကို အပြုံးအတေးထားကြ၏။ တချို့က လူမိုက်ငှား၍ စာရင်းရှင်းရန်အထိ စဉ်းစားတိုင်ပင်ကုန်ကြ၏။ ချပ်ပြောင်းရုပ်လွှဲပညာအပြင် ခြေမြန်လက်မြန်နှင့် ပိရိသေသပ်သည်မှာ သူတို့နှစ်ယောက်၏ အောင်မြင်မှုပင်ဖြစ်သည်။ အရင်က တစ်ယောက် တည်း လုပ်ခဲ့သမျှကို အခုတော့ သူတို့နှစ်ယောက်အင်အားနှင့် ကျွမ်းကျင် စွာ အကောင်အထည်ဖော်ကြရာ အလွန်တွင်ကျယ်၍နေလေသည်။

နှစ်ယောက်စလုံးမှာ အတော်စိုပြည်လန်းဆန်းနေသော်လည်း တော့ဟော့ရမ်းရမ်း သိပ်မရှိဘဲ ပုံမှန်အတိုင်းသာနေကြ၏။ ဒါက အန္တရာယ်ပိုကင်းသည် မဟုတ်ပါလား။

အဲဒီကမှ တစ်ဆင့်တက်ကာ သူတို့က အကြီးစားပုဂ္ဂလိက ငွေစု၊ ငွေချေးတစ်ခုကို ထပ်မံလိမ်လည်လှည့်ဖျားရန် ဖယားခင်းကြပြန် သည်။ သုံးလအတွင်း တော်တော်စုမိ၊ ဆောင်းမိဖြစ်လာပေမယ့် သူတို့ ဘ လောဘကို မသတ်နိုင်ဘဲရှိ၏။ သူတို့ကျူးလွန်ခဲ့သောအမှုများကို ဆက်ဆိုင်ရာက နှစ်ယောက်တည်း ကျူးလွန်သည်မထင်ဘဲ ဂိုဏ်းထောင် ၍ အုပ်စုဖွဲ့ကျူးလွန်မှုများဟု ယူဆနေကြ၏။ ဒါကြောင့် မှုခင်းရဲတပ်ဖွဲ့ဝင် များသည် ဂိုဏ်းဖွဲ့တတ်သော ရာဇဝင်လူဆိုးများဆီ အာရုံရောက်နေကာ သူတို့နှစ်ယောက် အသက်ရှူချောင်လျက်ရှိပါသည်။

အခုဆို သီဟနှင့်ပိုးပိုးတို့၏ ဆက်ဆံရေးမှာ အတော်အသ ခရီးရောက်နေလေပြီ။ သူမရဲ့ဆွဲကြိုးမျှင်လေးကို သီဟက ဒုတိယအကြိမ် မြောက် ပြန်ပေးခဲ့ပြီးနောက် ရင်းနှီးမှုတွေက ဒီရေလို တိုး၍လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





သီဟာက ပိုးပိုးကို ပွဲခင်းထဲမှာ တွေ့လိုက်ရသဖြင့် နောက်ပြောင်လိုသည့် သဘောနဲ့ ဆွဲကြိုးကိုဖြုတ်ယူခဲ့တာဟု အကြောင်းပြပြီး၊ နောက်တစ်နေ့ မနက်မှာပဲ ဆွဲကြိုးအား ပြန်ပေးခဲ့ပါ၏။ အဲဒီကတည်းက အစပြုခဲ့သော သူတို့၏ခင်မင်ရင်းနှီးမှုသည် သုံးလအတွင်း လျင်မြန်စွာ တိုးတက်လာ နေလေသည်။

သီဟာသည် ပိုးပိုးကို ကွန်ပြူတာသင်တန်းချိန်များ၌ အကြိ အပို့လုပ်ခွင့်ရထား၏။ တစ်ခါတစ်ရံတွင် သီဟာနှင့်အတူ ထွန်းထွန်းက အဖော်အဖြစ် လိုက်ပါလာတတ်သည်။ ပိုးပိုးမှာ သီဟာအပေါ် တစ်ေ ထက်တစ်စ သံယောဇဉ်များနှင့် ရစ်ပတ်ချည်နှောင်လျက်ရှိ၏။ သူ သည် သီဟာနှင့်ပတ်သက်၍ ထွန်းထွန်းကိုပါ ခင်မင်ရင်းနှီးနေခဲ့သည် မိန္ဒကာ ပိုးပိုး၏စိတ်ကို အပ်ကျတာကအစ သိနိုင်သူမို့၊ သီဟာအပေါ် အလွန်အကျွံကြီး သာယာနေသော သူမအခြေအနေအား သွယ်ဝိုက်၍ တားမြစ်ကြည့်မိ၏။ ဒါပေမဲ့ ပိုးပိုးက လုံးဝမလိုက်နာဘဲ ပြန်မပြော နားမထောင်နှင့် ပေကပ်ကပ်လုပ်နေပါသည်။ ပိုးပိုးတစ်ယောက် သီဟာ ကို တော်တော်ငြိတွယ်နေပြီဟု မိန္ဒ သေချာသဘောပေါက်သွားတော့ သည်။

ထိုအခါ မိန္ဒသည် အရမ်းထိတ်လန့်တုန်လှုပ်သွား၏။ လူကြီး တွေကို ပြန်အသိပေးရင်ကောင်းမလားလို့တောင် စဉ်းစားမိသေးသည် ပိုးပိုး၏မိဘတွေ အစိုးရိမ်ကြီးတတ်ပုံကြောင့် မဖြစ်သင့်တာ၊ မဖြစ်ရ အောင် မိန္ဒက အဲဒီနည်းလမ်းကို ပယ်ချပစ်လိုက်၏။ တခြားနည်းလမ်း များကိုလည်း မိန္ဒ မစဉ်းစားတတ်သဖြင့် သူမသည် ပိုးပိုး သွားလေရာ ကို အလုပ်တွေဖျက်ကာ တတ်နိုင်သမျှ အဖော်လိုက်ရတော့၏။

အကြောင်းမှာ မိန္ဒသည် သီဟာ၏မျက်လုံးများကို တစ်ချက် တစ်ချက်၌ မရိုးသားဘူးဟု ခံစားရသောကြောင့်ဖြစ်သည်။ ဒုတိယ အချက်က ပိုးပိုးရဲ့ ဆွဲကြိုးလေးကို နှစ်ခါစလုံး သီဟာဆီမှ ပြန်ရခဲ့ခြင်းမှာ သံသယဖြစ်စရာကောင်းနေ၏။

သို့သော် သီဟာရဲ့မျက်ဝန်းများတွင် ပိုးပိုးအပေါ် စွဲလမ်းမြတ်နိုး မှုတွေကို အထင်အရှား တွေ့မြင်နေရပါသည်။ ဒီတစ်ခုတော့ဖြင့် မိန္ဒက ပိုးပိုးအတွက် ကျေနပ်ဝမ်းသာမိ၏။

●

ထွန်းထွန်းတို့သည် မြေနီကုန်းဘက်၌ ကုမ္ပဏီရုံးခန်းတစ်ခု၏ အဆောင်အယောင်တွေအပြည့်ပါသော အခန်းတစ်ခန်းကို ငှားရမ်း ထိုက်ကြသည်။ ဒါက 'အင်ကြင်း'ဆိုသည့် အကြီးစားပုဂ္ဂလိကငွေစု၊ ငွေချေးကုမ္ပဏီအား ဘတ်ရန် ပထမဆုံးအဆင့်ဖြစ်၏။ သူတို့မှာ ရှိ သမျှ စုဆောင်းထားသမျှ ငွေကြေးများကို ကုမ္ပဏီရုံးခန်းခနှင့် ဟန်းဖုန်း နှစ်လုံးအတွက် ခြောက်လစာငှားခအဖြစ် ပေးချေလိုက်ရသဖြင့် ထွန်းထွန်း တို့ဆီ၌ ပိုက်ဆံလက်ကျန် သိပ်မကျန်တော့။ ဒီ'အင်ကြင်း' ကုမ္ပဏီကို အောင်မြင်ဖို့သာ သီဟာက ပြတ်သားစွာ ဦးတည်ချက်ထားရှိသည်။

အချိန်ရှိသ၍ သူ့ခေါင်းထဲမှာ ဒါကိုပဲ စဉ်းစားနေရသဖြင့် သီဟာက အခုတလော ပိုးပိုးဆီကိုတောင် မရောက်ဖြစ်. . .။ သီဟာသည် 'အင်ကြင်း'ကုမ္ပဏီ၏အဓိက အစုရှယ်ယာဝင်လေးဦးအနက် သူသိပ် သိသေးသော ရှယ်ယာဝင်တစ်ဦးအကြောင်းကို အသည်းအသန် စုံစမ်း နေရသည်။ ထိုသူက သိုသိပ်လျှို့ဝှက်စွာဖြင့် 'အင်ကြင်း'ကို နောက်ကွယ် မှသာ ကြိုးကိုင်လှုပ်ရှားနေပုံရသည်။ သူ့နာမည်က ဦးကျော်ဝင်းမော် ခေါ်တွင်သည်။ သီဟာမှာ သူ တာဝန်ယူစုံစမ်းနေသော ဦးကျော်ဝင်း ၏အကြောင်းတွေကို ဘာမှ ဂဃနဏ မသိရသေးသဖြင့် ထွန်းထွန်းအား

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ရှက်နေပါသည်။

ထိုအတောအတွင်း ထွန်းထွန်းက သူနှင့်မြောက်ဥက္ကလာမှ တုန်းက လက်တွဲညီခဲ့ဖူးသော ဖိုးဇော်ကို လမ်းမှာတွေ့၍ ခေါ်လာ ဖိုးဇော်က တစ်ဆင့်ခံထားလျှင် တချို့ကိစ္စများမှာ အလွန်လွယ်ကူအဆ ပြေလိမ့်မည်ဟု တွက်မိသည်။ ဒါကို သူက သီဟနားလည်အောင် ပြော တော့ သီဟလည်း ကြည်ဖြူစွာ သဘောတူပါ၏။ သူတို့၏အဓိက ပစ်မှတ်ကို ဖိုးဇော်မသိအောင် ထွန်းထွန်းတို့က ဖုံးကွယ်ထားသည်။

ဖိုးဇော်ကလည်း ရှင်းသည်။ သူနှင့်မဆိုင်တာကို လုံးဝ မပြော သူ့ကို ဆောင်ရွက်နိုင်းသည့်အရာကိုသာ တာဝန်ကျေအောင်လုပ်သည် ပြီးရင် သူ့ကို ကြိုတင်သတ်မှတ်ထားသော အခကြေးငွေ ရှင်းပေးရမည် ဒါဆို အားလုံးပြီးပြီ။ သီဟသည် ဖိုးဇော်၏အနေအထိုင်၊ အပြုအမူတေ ကို သဘောကျနေ၏။ ဒီလိုလူမျိုးတစ်ယောက်အား ရှာဖွေထားနိုင်သည် ထွန်းထွန်းကို သူက စိတ်ထဲမှ ချီးမွမ်းလိုက်ပါသည်။

အခုဆို ဖိုးဇော်သည် နေ့ချင်းပဲ သူတို့အယောင်ပြကုမ္ပဏီ အထွေထွေမန်နေဂျာ ဖြစ်သွားလေပြီ။ သိပ်မကြာခင် သူတို့ကုမ္ပဏီ ခန်းအဝင်ဝ၌ 'အိမ်မက်အသစ်'ဆိုသော ဆိုင်းဘုတ်တစ်ခုအား သီဟ ချိတ်ထားလိုက်၏။ ပြီးတော့ ထွန်းထွန်း စိတ်ကြိုက်ခန့်အပ်လိုက်သည် ဝန်ထမ်းကောင်မလေးသုံးယောက်ပါ ကုမ္ပဏီရုံးခန်းထဲ ရောက်ရှိလာ သည်။ ထို ကောင်မလေးများမှာ အတုတွေ မဟုတ်ဘဲ စာရင်းအင်းတွေ တကယ်နိုင်နင်းသော ကျွမ်းကျင်ဝန်ထမ်းအစစ်များ ဖြစ်ကြ၏။

သူမတို့သည် ကုမ္ပဏီရုံးခန်း စငှားကတည်းက ပါလာသော ကွန်ပျူတာများရှေ့တွင် အလုပ်ရှုပ်လျက်ရှိသည်။ သီဟတစ်ယောက် ဘယ်ကယူလာမှန်းမသိရသည့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု အိမ်ဆောက်ပစ္စည်းစာရင်း အပိုင်းအစတွေကို သူမတို့က စနစ်တက

ရေးင်းပြုစုနေကြပါ၏။ သူ့တို့၏ 'အိမ်မက်အသစ်'သည် ဟန်ပြကုမ္ပဏီ တစ်ခုဆိုတာကို ထိုကုမ္ပဏီဝန်ထမ်း ကောင်မလေးများကိုယ်တိုင် မသိ ကြ။ ဒါသည် ထွန်းထွန်းနှင့်သီဟတို့ရဲ့ များပြားလှစွာသော နည်းပညာ တွေထဲမှ တစ်ခုမျှသာဖြစ်သည်။

သူတို့က 'အိမ်မက်အသစ်ဆိုသည့် ဘာလုပ်ငန်းမှ တကယ်မရှိ သော ဟန်ပြကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်သမျှအားလုံး ပုံအော၍ ခမ်းနား အောင် ဖန်တီးထားကြ၏။ ရှေ့ဆက်လုပ်ဆောင်မည့် အကြံအစည်တွေ ကို သူတို့နှစ်ယောက်ကလွဲလို့ တခြားလူတစ်ယောက်က သိနေသည် ဆိုပါလျှင်၊ ထိုပုဂ္ဂိုလ်မှာ အလုံးစုံကို သိမြင်နိုင်သော တန်ခိုးရှင်တစ် ယောက်ပဲ ဖြစ်ပေလိမ့်မည်။

❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၉ )

www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှူး ကိုခင်မောင်ကြည်သည် အခုတလော သူ့မိန်းမ မရွှေစာအပေါ် တော်တော် မကျေမနပ်ဖြစ်နေမိသည်။ အကြောင်းမှာ မရွှေစာသည် မာမီတိုးနှင့်ပေါင်းပြီး နှစ်လုံးကစားရာ အရှုံးပေါ်နေသောကြောင့်ဖြစ်၏။ သူ Taxi မောင်း၍ ရှာဖွေစုဆောင်းထားသမျှလည်း ကုန်ပြီ။ အဆောင်လခတွေဆိုလည်း အဲဒီနှစ်လုံးထဲမှာပဲ စုန်းစုန်းမြုပ်နေခဲ့၏။ အမိကတရားခံကတော့ ဟိုမာမီတိုးဆိုသည့် မိတ်ကပ်လိမ်းဆရာပင်ဖြစ်သည်။ အဲဒီကောင်ကို အပြစ်တွေ့သည်နှင့် အဆောင်မှ ထုတ်ပစ်မည်ဟု စိတ်ကူးကြံစည်ထားသော်လည်း၊ တကယ်တမ်းတွင် မာမီတိုးနှင့် သူ့မိန်းမ မရွှေစာမှာ အလွမ်းသင့်လွန်းနေသည့်အတွက် ကိုခင်မောင်ကြည်၏ စိတ်ကူးတွေက လေထဲ၌ ကွယ်ပျောက်သွားဖို့သာများပါသည်။

မရွှေစာသည် မာမီတိုးနှင့်ဆက်နွယ်၍ မျိုးကျော်နဲ့လည်း အဖွဲ့ကျလျက်ရှိ၏။ မျိုးကျော်နှင့် ဖေစိုးအောင်တို့၏ ဆက်ဆံရေးမှာ တစ်စထက်တစ်စ ပိုမိုဝေးကွာသွားကြ၏။ ထို့အတူ ကွက်ကြားနှင့် ဝင်းလှုင်ဦး (ခေါ်) ချိုးဗူးတို့သည်လည်း ဆစ်ဆစ်ကိုအကြောင်းပြု၍ သိပ်အစေးမကပ်တော့ချေ။ ဆစ်ဆစ်က တစ်ယောက်ကို အရေးပေးလိုက်လျှင် ကျန်တစ်ယောက်မှာ အဲဒီတစ်နေ့လုံး အသည်းကွဲ၍ မဆုံးပြီ။

သူတို့မှာ တစ်ယောက်နဲ့တစ်ယောက်လည်း အမြဲလိုလို ရိသဲ့သဲ့ လုပ်ကာ စောင်းချိတ်ဖို့သာ စဉ်းစားရင်း အချိန်တွေကုန်နေ၏။ ဆစ်ဆစ်သည် သူတို့နှစ်ယောက်အတွက် ဘဝ၏ပန်းတိုင်ပင်ဖြစ်တော့သည်။

အခုတလော ကွက်ကြားတစ်ယောက် ကွန်ပျူတာသင်တန်းသို့ လုံးဝ မသွားဖြစ်တော့ဘဲ၊ တစ်နေ့တစ်နေ့ ဆစ်ဆစ်ရဲ့ထမင်းဆိုင်နားတစ်ဝိုက်မှာပဲ ကျင်လည်ကျက်စားနေလေ၏။ နယ်မှ သူ့မိဘများသာ ဒီအဖြစ်ကိုသိလျှင် ရင်ကျိုးမတတ် ခံစားသွားရနိုင်သည်။ ဒါဆို ချိုးဗူးကရော ဘာထူးသေးသနည်း။ ချိုးဗူးသည် သဘော်ပြန်တက်ရန်လည်း စိတ်မဝင်စားတော့။ သူစိတ်ဝင်စားသည်မှာ 'ဆစ်ဆစ်'ဆိုတဲ့ မည်ကာမတ္တ မိန်းမတစ်ယောက်နှင့် ညနေပိုင်းဆိုလျှင် လမ်းထိပ်ဘောလုံးကွင်း၌ မိုးမားအသင်းဂျာစီဝတ်ကာ ဘောလုံးကစားဖို့သာဖြစ်ပါသည်။ ကြီးမားမှုယောင်းလှသော ဂျာစီအကျီအောက်ရှိ သူ့ခန္ဓာကိုယ်သေးသေးလေးမှာ ဘယ်လိုမှ ဘောလုံးသမားတစ်ဦး ဖြစ်လာနိုင်စရာမရှိပါ။ ဒါကို အမှန်အတိုင်း သိမြင်သဘောပေါက်ရန်လည်း သူ့မှာ ဦးနှောက်မရှိပါ။

ကွက်ကြားသည် သူ့အခန်းထဲမှာ ထုံးစံအတိုင်း Rapper တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားပြီး ဂျော်ဒန်နိုးဖိနပ်စီး၍ မှန်ကို ကြည့်ကာ ကျေနပ်နေ၏။ သူ အခုလို Rapper အကျႌပွကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားချိန်တွင် ချီးဗူးကလည်း ရိုးမားဂျာစီအင်္ကျီကို ဝတ်ထားချိန်နှင့် တိုက်ဆိုင်နေလေသည်။

ထိုအချိန်များတွင် သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်အလုံး အထည်နှင့် အရုပ်အမောင်းချင်း သိပ်မကွာခြားတာကို တွေ့မြင်နိုင်သည်။

ချီးဗူးက အခန်းထဲမှ ထွက်လာကာ ဝရံတာ၌ သူ့ဘောကန် ဖိနပ်ကို ကြိုးချည်နေ၏။ အဲဒီအချိန်၌ အင်္ဂလိပ်စာကျူရှင်ဆရာ ဘွန်ဟောင်းက အပြင်မှပြန်လာရာ ချီးဗူးအား လှမ်းမေးလိုက်ပါသည်။

"ချီးဗူး... ဒါကဘယ်လဲ"

"ဘောသွားကန်မလို့ ဆရာဘွန်ဟောင်းရေ..."

"ဟို... မင်းနဲ့တွဲတဲ့ တစ်ယောက်ရော..."

ဒါ ကွက်ကြားကို မေးနေမှန်း ချီးဗူးက ဒက်ခနဲ သိလိုက်၏။ သို့သော် သူက မသိချင်ယောင်ဆောင်ကာ...

"ဘယ်သူ့ကို ပြောတာလဲဗျ"

"ဟိုလေ... ဟို... မင်းသားရှူးကိုပြောတာ..."

ဒီတော့မှ ချီးဗူးက သဘောပေါက်သွားဟန်ဖြင့် ပြန်ပြောလိုက်ပါသည်။

"ဩော်... ဆရာဘွန်ဟောင်းပြောတဲ့ကောင်ကို ကျွန်တော်သိပြီ။ အဲဒီကောင်က မင်းသားရှူးမဟုတ်ပါဘူး၊ ဒါပေမဲ့... အဲဒီထက်ဆိုးတယ်"

ချီးဗူးစကားကြောင့် အခန်းထဲတွင် ဝတ်စုံနှင့် မှန်ကြည့်နေသောကွက်ကြားမှာ ဆံပင်တွေ ပိုထောင်သွားရ၏။ ချီးဗူးက ကွက်ကြား မရှိဘူးမှတ်ပြီး ဗွတ်ပြောနေခြင်းဖြစ်သည်။ ဘွန်ဟောင်းက စိတ်ဝင်စားစွာဖြင့်...



"မင်းသူငယ်ချင်းက မင်းသားရှူး,ရှူးနေတာ မဟုတ်ဘူးလား ချီးဗူးရဲ့..."

"အဲဒီလိုကောင်မျိုးကို ကျွန်တော့်သူငယ်ချင်းလို့ မပြောစမ်းပါနဲ့ ဆရာဘွန်ဟောင်းရာ... ရှက်လွန်းလို့ပါ"

"ဘယ်လိုဖြစ်ရပြန်တာလဲ ချီးဗူးရယ်... အရင်တုန်းက မင်းတို့နှစ်ယောက်က အတွဲပဲဥစ္စာ..."

"အရင်တုန်းက အကြောင်းမသိလို့ ပေါင်းမိတာပါ ဆရာဘွန်ဟောင်းရာ... အခု အဲဒီကောင်ကို ကျွန်တော် မပေါင်းတော့ဘူး"

"ဟော... ဘယ်လိုဖြစ်လို့တုန်း"

"ဒီလိုဗျ... အဲဒီကောင်က ဆရာဘွန်ဟောင်းပြောသလို မင်းသားရှူး,ရှူးနေတာ မဟုတ်ဘူး။ ကျွန်တော်က မင်းသားရှူး,ရှူးနေတာဆိုရင် လက်ခံပေးလို့ရသေးတယ်။ အခုဟာက..."

"အခုဟာက ဘာဖြစ်လို့လဲဟင်" .

"အခုဟာကလေ... အဲဒီကောင်က လူကြမ်းရှူး,ရှူးနေတာဗျ။ လူကြမ်းရှူး,ရှူးနေတာ... ဘယ်လောက်ဆိုးသလဲ၊ ရှူးစရာရှားလို့ဗျာ..."

ချီးဗူးစကားကြောင့် ဘွန်ဟောင်းက ခွက်ထိုးခွက်လန်နှင့် အားပါးတရ အော်ရယ်လေသည်။ ရေကန်မှာ ရေချိုးရင်း တစ်ယောက်ကို တစ်ယောက် ကျီး (ချေး) တွန်းပေးနေသော မာမီတိုးနှင့် မျိုးကျော်တို့ ကလည်း ချီးဗူးစကားကိုကြားပြီး ဝိုင်းရယ်ကုန်ကြ၏။

ထိုစဉ်... ကွက်ကြား၏ အခန်းတံခါးချပ်သည် ဝုန်းခနဲ ဆောင့်ပွင့်ထွက်သွားသည်။ ပြီးတော့... Rapper ဝတ်စုံနှင့် ကွက်ကြားက အခန်းတံခါးဝမှာ စွင့်ငွားငွားကြီးပေါ်လာ၏။

"ဘယ်ကောင်လဲကွ... ငါ့အတင်းကို ပြောနေတာ..."

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ချီးပူးက မျက်လုံးပြူးကြီးနှင့် နောက်ကိုလှည့်ကြည့်၏။ ဘွန်ဟောင်းက ပြဿနာဖြစ်ပြီဆိုသောအသိဖြင့် အောက်ထပ်က သူ့အခန်းထဲကို ခပ်သုတ်သုတ်လေး လှမ်းဝင်သွား၏။ ချီးပူးက အကြီး ဆိုတဲ့အသိနဲ့ ခပ်တည်တည်ပဲ ပြန်ဖိန့်လိုက်ပါသည်။

"ငါက မင်းအကြောင်း ပြောတာမှမဟုတ်တာ.. လာကြောင် မနေနဲ့"

"ဟာ.. ပေါ်တင်ကြီး လာလိမ်နေတယ်။ မင်း ယောက်ျား မဟုတ်ဘူးလား ချီးပူး..၊ အဲဒါ ငါ့ကိုပြောတာမဟုတ်ရင် မင်း ဘယ် သူ့ကို ပြောတာလဲ.."

"ငါ့ဘာသာငါ ဘယ်သူ့ပြောပြောပေါ့ကွ။ ခုနက ငါပြောတဲ့ အထဲမှာ မင်းနာမည်ပါလို့လား.."

"ငါ့နာမည်တော့ မပါဘူးပေါ့။ ဒါပေမဲ့ မင်းငါ့ကိုပြောနေ တာ.. ငါသိတယ်"

"ရော်.. ခက်နေပါပြီ။ ပြောနေတာ ရှင်းရှင်းလေး.. ခုနက ငါပြောတဲ့စကားမှာ မင်းနာမည်လည်း မပါဘူး။ မင်းကိုပြောတာလည်း မဟုတ်ဘူး"

ကွက်ကြားသည် သူ့ကို ပြောမှန်းသိသိနဲ့ ပြောင်ကြီးအလိမ်ခံ ရသဖြင့် ဒေါသတွေ တချောင်းချောင်း ထွက်နေ၏။ သူတို့ရဲ့ဆူညံစွာ ငြင်းခုန်သံများကြောင့် အဆောင်မှူး ကိုခင်မောင်ကြည်က အိမ်ထဲမှ ထွက်လာကာ ရန်ဆက်မဖြစ်ဖို့ ဟန့်တားလိုက်ပါသည်။ ကိုခင်မောင် ကြည်၏ အသံသြသြနက်နက်ကြီးကြောင့် တစ်ဆောင်လုံးရှိလူတွေ အကုန်ထွက်ကြည့်ကုန်ကြသည်။

အဆောင်မှူး၏တားမြစ်မှုကြောင့် သူတို့နှစ်ယောက်စလုံး လုံးဝငြိမ်ကျသွားပြီး ရန်ဆက်မဖြစ်ရဲတော့..။ Rapper အဆောင် အယောင်များ တပ်ဆင်ထားသော ကွက်ကြားမှာ ချက်ချင်း အခန်းထဲသို့ ပြန်ဝင်သွား၏။ ဝင်းလွင်ဦး (ခေါ်) ချီးပူးက အခန်းထဲဝင်သွားသည့် ကွက်ကြား၏တံခါးပိတ်သံကြောင့် ညစ်ပြုံးတစ်ချက်ပြုံးကာ ဝရံတာမှာ အေးအေးဆေးဆေးပဲ ဘောကန်ဖိနပ်ကို ပြန်ချွတ်နေသည်။ သူက ဒီညနေ ဘောလုံး သွားမကန်တော့ဘူးဟု ဆုံးဖြတ်ချက်ချလိုက်၏။



ကွက်ကြားက ရုတ်တရက် သူ့အခန်းထဲမှ ဦးထုပ်နောက်ပြန် ဆောင်းကာ ပြန်ထွက်လာ၏။ သူက ဦးထုပ်ဆောင်းဖို့ကျန်ခဲ့၍ သွား ယူခြင်းဖြစ်သည်။ ကွက်ကြားသည် ဘောကန်ဖိနပ်ချွတ်ပြီး ခြေထောက် ဆင်းလျက် ဝရံတာအပြည့်ထိုင်နေသော ချီးပူး၏ ညာဘက်ခြေသန်း လေးကို မသိမသာ နင်းပစ်လိုက်၏။ ချီးပူးက နာသဖြင့် အားခနဲ ထ အော်သည်။

"ဟော့ကောင်.. ကွက်ကြား၊ မင်းက ငါ့ကိုရန်စတာလား"

အမှန်ဆို မတော်မဆ နင်းမိတာဟုပြော၍ တောင်းပန်လျှင် ပြီးသွားမည့်ပြဿနာ ဖြစ်သော်လည်း ကွက်ကြားက မထေမဲ့မြင်ဟန် ဖြင့် အခုလို ပြောလိုက်ပါ၏။

"ဩော်.. မင်းကို နင်းမိသွားလို့လား၊ အဲဒါဆိုရင် မင်းဂုဏ် ယူလိုက်တော့ ချီးပူးရေ.. ဒီမှာကြည့်စမ်း။ ဟော့ကောင် မင်းကို ငါနင်း လိုက်တာ ကျော်ဒန်နိုက်ဖိနပ်နဲ့ကွ.. ဘယ်လောက် ဂုဏ်ရှိလိုက်သလဲ ချီးပူး ရာ.. ဟဲ ဟဲ ဟဲ.."

ကွက်ကြားသည် သူ့ခြေထောက်တွင် စီးထားသည့်ဖိနပ်လေး ကို မြှောက်ပြရင်း တစ်ဖက်လူ မခံချိ မခံသာဖြစ်အောင် ပြောလိုက် ပါသည်။ ပထမက ကွက်ကြားစကားကို ကြောင်ပြီး နားထောင်နေမိသော ချီးပူး၏လက်သီးသည် လျှပ်ပြက်သလို ကွက်ကြားရဲ့မျက်နှာတည့်တည့် ဆီသို့ ခွပ်ခနဲ ရောက်သွားသည်။ ကွက်ကြား၏ခန္ဓာကိုယ်က နောက်တက်

www.burmeseclassic.com

www.burmeseclassic.com



ကို အနည်းငယ်ယိုင်သွားသဖြင့် သူက ဝရံတာလက်ရန်းကို အားပြုထား လိုက်ရ၏။ ခိုးဗူးက ကွက်ကြားအား သူ့လက်သီးကို မြင်သာအောင်ပြပြီး ရိုထေ့ထေ့လေသံနှင့် ပြန်ပြောပါသည်။

''ဟော့ကောင်း . . ကွက်ကြား၊ ဒီမှာသေချာကြည့် . . မင်း အခု ငါထိုးလိုက်တာ စိန်လက်စွပ်နဲ့၊ မင်းက ပိုပြီးဂုဏ်ယူစရာကောင်း ပါတယ်ကွ''

ကွက်ကြားမှာ သူ့စကားနှင့်သူ့ကို ပြန်ကလဲ့စားချေ၍ ပြော နေသော ခိုးဗူး (ခေါ်) ဝင်းလွင်ဦးကို ဒေါသတကြီး စိုက်ကြည့်နေမိသည် သူ့နှာခေါင်းမှ ယိုစီးကျလာသောသွေးစများကို လက်ခုံနှင့်သုတ်လိုက် ၏။ နောက်တော့ နှစ်ယောက်သား အဆောင်အပေါ်ထပ် ဝရံတာ လုံးထွေးသတ်ပုတ်ကုန်ကြတော့သည်။

တစ်ဆောင်လုံးလည်း ဆူညံပွက်လောရိုက်ကာ သူတို့နှ ယောက်ကို အတင်းလူခွဲယူရသည်။ အဆောင်မှူး ကိုခင်မောင်ကြည့်မှ သူ့စကားကို နားမထောင်ဘဲ ရန်ပွဲနွှဲကြသည့် ခိုးဗူးနှင့်ကွက်ကြ တို့ကို အလွန်စိတ်ဆိုးနေ၏။ နှစ်ယောက်စလုံးကို အဆောင်မှနှင်ချမ တကဲကဲလုပ်နေသဖြင့် သူ့မိန်းမ မရွှေစာသည် အဆောင်လခမှန်မှ ပေးသော သူတို့နှစ်ယောက်အား ဒီလိုမျိုးပြဿနာလောက်နဲ့ အဆော မထုတ်ပစ်ရဟု ဇီတိုအာဏာသုံး၍ အဆောင်မှာ ဆက်နေစေသည်

မျိုးကျော်နှင့်မာမီတိုးတို့က ကွက်ကြားမျက်နှာပေါ်မှ အ မည်းစွဲနေသော ဒဏ်ရာများကို ကြက်ပူထိုးပေးနေ၏။ ခိုးဗူးလည် ရှိ လက်သည်းကုတ်ရာကို မရွှေစာနှင့် ဘွန်ဟောင်းတို့က ဆေး ပေးနေကြပါသည်။ အဆောင်မှူး၏ သားတော်မောင် မောင်မောင်ကြ နှင့်သမီးအငယ် မရွှေကြည်တို့မှာ ရန်ပွဲကြောင့် ပျော်ရွှင်မြူးထူး ကြလေ၏။ မောင်မောင်ကြည်က အသက်ခြောက်နှစ်ရှိပြီး ပထမတ



ကျောင်းသားဖြစ်သည်။ အငယ်မရွှေကြည်ကတော့ အသက်လေးနှစ်မို့ ောက်နှစ်မှ သူငယ်တန်းတက်ရမည်။ မောင်မောင်ကြည်က အလွန် ဆော့မက်သူဖြစ်ပြီး ရွှေကြည်ကကျတော့ အစားမက်သည်။ သူတို့ ောင်နှမနှစ်ယောက်ကို ဘာလုပ်လုပ် တစ်ဆောင်လုံးက ချစ်၍အလို ိုက်ထားကြ၏။ မရွှေစာ နှစ်လုံးမပေါက်လို့ စိတ်တိုနေချိန်များ၌ မောင် မနှစ်ယောက်စလုံး သိပ်မဆိုးဘဲ သူတို့အမေ၏ ဒေါသစက်ကွင်းနှင့် တ်အောင် နေတတ်ကြပါသည်။

ဒီမနက်လည်း မရွှေစာမှာ သူမ၏စိတ်ကြိုက်ဂဏန်း မထွက် ဖြင့် မြင်မြင်သမျှကို မကျေမနပ်ဖြစ်လျက်ရှိ၏။ မောင်မောင်ကြည် နေ့တစ်ဝက်ကျောင်းမှ ပြန်ရောက်ခါစမို့ ကျောင်းဝတ်စုံကို မလဲ းဘဲ အိမ်ရှေ့မှာ အငယ်မ ရွှေကြည်နဲ့ အိုးပုတ်တမ်း ဝင်ဆော့နေ ည်။ ဆော့ရင်းမှ မောင်မောင်ကြည်၏ အဖြူရောင် ကျောင်းအင်္ကျီကို ကြည်က ရွှံ့ရည်တွေနှင့် ပက်လိုက်သည်။ မောင်မောင်ကြည်က ရွှေ ည်ကို ရွှံ့နှင့်ပြန်ပက်သည့်အပြင် အိုးပုတ်တွေကိုပါ ခွဲပစ်သဖြင့် ယ်မ၏ အော်ဟစ်ငိုယိုသံတွေက ဆူညံစွာ ပေါ်ထွက်လာတော့၏။

မာမီတိုးနဲ့ တီးတိုးစကားပြောနေသော မရွှေစာမှာ အငယ်မ၏ ပြဲသံကြီးနှင့် အော်ငိုသံများကို ကြားရလျှင် သူမအတွက် ပေါက်ကွဲ အကြောင်းအရာ ရှာတွေ့သွားခဲ့ပါသည်။

''ဟော . . ပြဿနာက စပြီ။ လူကြီးမိဘတွေက စီးပွားရေး င်မပြေလို့ စိတ်ညစ်နေရတဲ့အထဲ . . နင်တို့နှစ်ယောက်က တစ် င်၊ ကဲ . . ကြည့်ပါဦး မာမီတိုးရယ် . . နှစ်ယောက်စလုံး ရွှံ့တွေနဲ့ ုးနေတာပဲ။ အငယ်မ . . တိတ်စမ်း၊ အာပြဲကြီးနဲ့ ငိုမနေနဲ့၊ ဟို င် . . မောင်ကြည် လာစမ်း၊ ဒီနားကို . .''

မရွှေစာက ပြောပြောဆိုဆိုနှင့် မောင်မောင်ကြည့်ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ခေါက်လိုက်ရာ နောက်ထပ်ငိုသံတစ်ခု ပိုလာလေသည်။ ငိုသံနှ[...] ပြိုင်တူထွက်နေသည့်ကြားမှ မရွှေစာရဲ့အသံကြီးက အခုလိုထွက်[...] လာပါ၏။

“မောင်ကြည့်. . . နင်တိတ်မလား၊ မတိတ်ဘူးလား။ နင်[...] အကြီးလုပ်ပြီး ကလေးကိုမညှာဘူး၊ ကလေးရဲ့အိုးပုတ်တွေကိုတော[...] ခွဲပစ်လိုက်သေးတယ်”

မောင်မောင်ကြည်က ငိုသံတစ်ဝက်နှင့်. . .

“အမေက မျက်နှာလိုက်တယ်၊ သားကိုပဲ ဆူနေတာ[...] ရွှေကြည်က သားကို ရွှံ့နဲ့ စပက်တာ ဒီမှာကြည့်ပါလား၊ အကုန်ပေ[...] ပြီ။ ဟီးဟီး. . . အီး. . . ဟီး. . .”

“ငါ ထပ်ပြီးလုပ်ထည့်လိုက်ရ. . .။ နင်က အကြီးမဟုတ်[...] လား။ အငယ်ကလုပ်ရင် ငါ့ကိုလာတိုင်ပါလား။ ဘာဖြစ်လို့ကလေး[...] ပြန်လုပ်ရတာလဲ။ ကဲ. . . ကဲ. . . နှစ်ယောက်စလုံး အဲဒီရွှံ့ပေနေ[...] အကျီတွေကို ချွတ်စမ်း။ ပြီးရင် ရေချိုးရမယ်”

မောင်မောင်ကြည်က. . .

“ရေချိုးပြီးရင်ရော အမေ. . .”

“အိပ်ရမယ်. . .”

“အာ. . . မအိပ်ချင်ပါဘူး၊ နေ့လယ်ကြီးကို. . .”

သူမကို စောဒကတက်နေသော အကြီးကောင် မောင်မော[...] ကြည်ကို မရွှေစာက အောက်ပါအတိုင်း တစ်ချက်လွှတ်အမိန့်ကို [...] လိုက်ပါသည်။

“မလိုချင်ဘူး။ မောင်ကြည့်. . . နင်တစ်ချိန်လုံး ဆော[...] စဉ်းစားမနေနဲ့၊ ဒီနေ့ နင်ရော၊ အငယ်မပါ အိပ်ရမယ်။ သူများ[...] သမီးတွေများ အိပ်မက်.မက်တဲ့ဂဏန်းကို မအေကိုပြောပြတယ်။ [...]



[...]ပဲ. . . ပေါက်တာ. . .၊ နင်တို့များ အချိန်ရှိသရွေ့ ဆော့နေတာချည်းပဲ။ [...]နေ့လယ်၊ နေ့ခင်း. . . အိပ်ကြပါလား။ သွား. . . သွား. . . နှစ်ယောက်စလုံး [...]ချိုးပြီးရင် အိပ်ကြ၊ အိပ်မက်လေး ဘာလေးမက်ရင် ငါ့ကို လာပြော [...]. . . ကြားလား. . .”

မရွှေစာ၏ ဂုဏ်ဝင်မြောက် ဩဝါဒစကားများကို ကြားရသူ [...]ငိုင်း ပြုံးသွားကြသည်။ ဒေါ်သောင်းရွှေအဆောင်၌ ဒါမျိုးစကားလုံး [...]ကြားက နေ့စဉ်နဲ့အမျှ ဒုနှင့်ဒေး။ အဆောင်သားတွေရော၊ အဆောင် [...]ချင်မိသားစုရော. . . ဘယ်သူမှ ခေသူတွေ မဟုတ်ကြချေ။

အမေဖြစ်သူ၏ တစ်ချက်လွှတ်အမိန့်ကြောင့် မအိပ်ချင်ဘဲ [...]ပ်နေရသော မောင်မောင်ကြည်တို့ မောင်နှမနှစ်ယောက်မှာ နာရီဝက် [...]ကျိကြာအောင် အိပ်ပျော်ချင်ယောင် ဆောင်နေလေသည်။ မရွှေစာ [...]ချောင်းကြည့်ချိန်၌ မောင်မောင်ကြည်က နှစ်ခြိုက်စွာ အိပ်မောကျ [...]နေသကဲ့သို့ပင် သရုပ်ဆောင်ပြလိုက်သေး၏။ သူတို့အမေ ပြန်ထွက် [...]သွားတော့ မောင်နှမနှစ်ယောက်သား တီးတိုးတိုင်ပင်၍ ဇာတ်တိုက် [...]ကြသည်။ နောက် အိပ်ရာမှ အိပ်ရေးဝပြီး နိုးလာဟန်ဖြင့် ထလာကြ၏။ [...]ရွှေစာက ခဏလေးနှင့် ပြန်နိုးလာသော သူမ၏ကလေးများကို တွေ့ [...]ရင် အလိုမကျစွာ မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပါသည်။

အငယ်မရွှေကြည်က ချက်ချင်းပဲ သူမအမေဆီ ပြေးပြီး [...]ပြောလိုက်ကာ. . .

“အမေ. . . အမေ. . . သမီး ကြောက်တယ်အမေ. . . ဟီး. . . . . . ဟီး”

မရွှေစာက စိုးရိမ်သွားပြီး . . .

“ဟင်. . . ဘာဖြစ်လို့လဲသမီး. . . အမေ့ကို ပြောစမ်း”

“သမီးအိပ်မက်ထဲမှာလေ. . . ဘီလူးကြီးတစ်ကောင်က သမီးကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖမ်းနေတာအမေ၊ သမီးက ထွက်ပြေးတာလည်း မလွတ်ဘူး မိခါနီးတော့မှ ကြောက်ပြီး လန့်နိုးသွားတာအမေရဲ့။ ကြောက်စရာကြီး . . အမေရယ် . . . သိလား . . ဟင့်ဟင့် . . . ဟင့်''

ပြောရင်းနှင့် ရွှေကြည်က သူမအမေကို အတင်းတိုးဖက်ထား၏။ မရွှေစာ၏မျက်လုံးများက ဝင်းလက်တောက်ပသွားပြီး ကလေးကို ချော့ဖို့ သတိမရဘဲ ရွှေကြည့်အိပ်မက်ကို ကိန်းဂဏန်းတစ်ခုနှင့် အ ထိုးကြည့်နေမိသည်။

ထိုစဉ် . . မောင်မောင်ကြည်က မရွှေစာကို ပြောပြန်၏။

''သားလည်း အိပ်မက်,မက်တယ်အမေ . .''

''တယ်ဟုတ်ပါလား။ ဒါဆို ပြောပြစမ်းပါဦး အမေ့ကို . .''

''သားကလေ အိပ်မက်ထဲမှာ သက်မွှန်မြင့်နဲ့တွဲပြီး . .''

''ဘာ . . နင်က ဒီအရွယ်လေးရှိသေးတယ်။ သက်မွှန်မြင့်ကိုမှန်းစရာလား။ ငါလုပ်ထည့်လိုက်ရ သေတော့မယ် . .''

''အာ . . အမေကလည်း စကားကို ဆုံးအောင်နားမထောင်ဘူး။ သားက အိပ်မက်ထဲမှာ စိုင်းစိုင်းခမ်းလှိုင် ဖြစ်သွားတာအမေ အဲဒါ သက်မွှန်မြင့်နဲ့တွဲပြီး ကြော်ငြာရတယ်လို့ မက်တယ်အမေ . .''

မရွှေစာ၏ နှုတ်ခမ်းတွေ မဲ့ရွဲ့သွား၏။

''အမယ်လေးဟယ် . . ကိုခင်မောင်ကြည်သားပါလို့ မပြောဘူး။ အိပ်မက်ကအစ သူတို့အသာချည်းပဲ . .''

'ဟိုက် . . ဘာမှလည်း မဆိုင်ပါလား'

(ချောင်း၍နားထောင်နေသည့် ကိုခင်မောင်ကြည်၏အသံမထွက်သော အတွေး။)

ထိုသို့ မရွှေစာက မြည်တွန်ပြောဆိုပြီးနောက် ကလေးတွေ အိပ်ရာအစောကြီးနိုးလာတဲ့ကိစ္စကို ပြဿနာမလုပ်တော့ . . ။ သူ



ရဲ့ ဦးနှောက်ထဲတွင် မောင်မောင်ကြည်နှင့် ရွှေကြည်တို့ ပြောပြသော အိပ်မက်တွေအကြောင်းသာ အခန်းဖွဲ့ထား၏။

အဲဒီနောက်တွင်တော့ မောင်မောင်ကြည်တို့မောင်နှမနှစ်ယောက် ဆော့ခွင့်ရသွားကြပါသည်။ သို့သော် . . ယာယီမျှသာဖြစ်၏။ နံပါတ်ထွက်တော့ ထုံးစံအတိုင်း မရွှေစာအတွက် ပါမလာပေ။ မရွှေစာမှာ နံပါတ်မထွက်တော့ ဒေါသထွက်သည်။ ပေါက်ကရအိပ်မက်တွေကို လျှောက်ပြောသွားကြသော သူမ သားနှင့်သမီးကို ဘာအပြစ်မှမရှိဘဲ ခေါင်းတစ်ချက်စီ ခေါက်ပစ်လိုက်၏။ ကလေးတွေကဒိုကာ အဖွားဖြစ်သူဒေါ်သောင်းရွှေအား တိုင်ကြသည်။ အဖေဖြစ်သူကို တိုင်လျှင် ဘာမှအကျိုးမထူးမှန်းလည်း သူတို့ကသိ၏။

ကလေးတွေလောက်တောင် မလည်ဝယ်သော မရွှေစာမှာ ဒေါ်သောင်းရွှေကြီး၏ အော်ဟစ်ငေါက်ငမ်းမှုကို ခံရသဖြင့် မကျေမချမ်းဖြစ်နေ၏။ ဒေါ်သောင်းရွှေရဲ့ အဆူခံရသောကြောင့် မျက်စိမျက်နှာပျက်နေသည့် မရွှေစာကိုကြည့်ကာ ကိုခင်မောင်ကြည်က ကျိတ်၍ဝမ်းသာနေမိသည်။ ဒီအချိန်မျိုး၌ သားနှင့်သမီးတို့မှာလည်း သူနှင့်တစ်ဂိုဏ်းတည်းသားတွေ ဖြစ်လို့နေသည် မဟုတ်ပါလား။

သူတို့မိသားစု၏ပြဿနာကို အတင်းပြောရန် အဆောင်သားတွေက အစွမ်းကုန်မျက်စိဖွင့်၊ နားစွင့်ထားကြ၏။ ဒါသည်ကပင် ဒေါ်သောင်းရွှေ အဆောင်ပိုင်ရှင်မိသားစု၏ ပုံသဏ္ဍာန်တစ်မျိုး ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

www.burmeseclassic.com

www.burmeseclassic.com

'အင်ကြင်း'ငွေစု၊ ငွေချေးကုမ္ပဏီသည် စီးပွားရေးလောက၌ တစ်နေ့တခြား ဩဇာကြီးမားလျက်ရှိ၏။ ဖျံ့ကျသည့်နေရာတွင် အမြဲတမ်း သူတစ်ပါးထက် လက်ဦးမှု ရှိနေတတ်သောကြောင့် တခြားပြိုင်ဘက်တွေထက် ခေါင်းတစ်လုံး ပိုမြင့်နေတာအမှန်ပင်. . .။ အင်ကြင်းကုမ္ပဏီ၏လုပ်ပုံကိုင်ပုံတွေသည် ဥပဒေဘောင်အတွင်းမှသာ ဖြစ်နေခြင်းကလည်း ထူးခြားမှုတစ်ခုပဲ ဖြစ်ပါသည်။

ထိုအောင်မြင်မှု၏ နောက်ကွယ်၌ ပါးနပ်၍ အမြင်ကျယ်သူတစ်ဦး ရှိကိုရှိရမည်ဟု ထွန်းထွန်း စဉ်းစားမိ၏။ အင်ကြင်းရဲ့ အမိကရှယ်ယာဝင်လေးဦးအနက် လူလုံးမပြဘဲ နောက်က လှုပ်ရှားကြိုးကိုင်နေသော 'ဦးကျော်ဝင်း' ဆိုသည့်ပုဂ္ဂိုလ်မှာ ကုမ္ပဏီ၏ရှယ်ယာ အများဆုံးပိုင်ဆိုင်သူ



လို့ ထွန်းထွန်း သိထားပါသည်။ ဒါက သူ့အတွက် စိတ်ဝင်စားစရာ အရမ်းကောင်းနေ၏။

ထွန်းထွန်းနှင့် သီဟတို့နှစ်ယောက်သည် ဦးကျော်ဝင်း၏ အကြောင်းတွေကို ဒီထက်ပို၍ ဖိဖိစီးစီး စုံစမ်းကြရပြန်သည်။ ဦးကျော်ဝင်းကို ဘတ်နိုင်လျှင် 'အင်ကြင်း'ကုမ္ပဏီကို ဘတ်နိုင်တာနှင့် အတူတူပဲဟု သူတို့ လက်ခံထားလိုက်၏။ ဦးကျော်ဝင်း၏သတင်းတွေ သူတို့က ငွေကုန်ခံ၍ ဝယ်သည်အထိပင် လုပ်ကြသည်။ တဖြည်းဖြည်းနှင့် သူတို့၏ ဦးကျော်ဝင်းဆိုသည့်ဖိုင်ထဲ၌ အချက်အလက်တွေ များပြားပြည့်စုံလာခဲ့ပါသည်။

ထိုအခါ သူတို့က လုပ်ငန်းစဖို့ ပြင်တော့သည်။ ဦးကျော်ဝင်းမှာ စီးပွားရေးလောကကို စစ်တုရင်သမားဦးနှောက်ဖြင့် အင်ပါယာ ချဲ့ထွင်နေသူဖြစ်သော်လည်း၊ သူ့ကို အပြင်မှာ ရင်းနှီးသိကျွမ်းသူက ရှားပါးလှ၏။ အင်ကြင်းကုမ္ပဏီ၏ လည်ပတ်နေသောငွေများကို ဦးကျော်ဝင်းတစ်ယောက်တည်းကပဲ ရှစ်ဆယ်ရာခိုင်နှုန်းတိတိ ထိန်းချုပ်ထားပါသည်။ သူ့ပိုင်ဆိုင်မှုတွေကိုလည်း ပြည်ပဘဏ်တစ်ခု၌ လျှို့ဝှက်နာမည်ဖြင့် စာရင်းတစ်ခုဖွင့်ထားပြီး သူ ဘယ်မှာ နေထိုင်သလဲဆိုတာကို ဘယ်သူမှ မသိကြ. . .။ အင်ကြင်းကုမ္ပဏီ၏ ရှယ်ယာဝင်သုံးဦးတောင် သူ့ကို တိုက်ရိုက်ဆက်သွယ်ဖို့ မိုဘိုင်းဖုန်းနံပါတ်တစ်ခုသာ ရှိပါသည်။

ဦးကျော်ဝင်းက အင်ကြင်းကုမ္ပဏီ၏ လည်ပတ်နေသော ယန္တရားကြီးအား နောက်ကွယ်မှ ဖုန်းနှင့် ညွှန်ကြားချက်တွေပေးကာ ကျန်ရှယ်ယာဝင် ပါတနာသုံးယောက်က သူ့ထိန်းချုပ်မှုအောက်မှာ လှုပ်ရှားလုပ်ကိုင်ကြရသည်။ အင်ကြင်းကုမ္ပဏီ၏အတိုးနှုန်း ကောင်းခြင်း၊ Customer များကို မှန်ကန်စွာ ဆက်ဆံတတ်ခြင်း အခွင့်အရေးကိုလည်း သတ်မှတ်ချက်များအတိုင်း အပြည့်အဝ ပေးစားချင်း. .

www.burmeseclassic.com

www.burmeseclassic.com



စသော သတင်းမွှေးများကြောင့် အင်ကြင်းမှာ ငွေအပ်နှံချင်သူတွေက တစ်နေ့တခြား တိုးပွားရှိလာနေ၏။

ထွင့်ထွင့်နှင့် သီဟတို့က အဲဒီဦးကျော်ဝင်းလို ပုဂ္ဂိုလ်တစ်ယောက်ဆီမှ ဆယ်ပုံတစ်ပုံလောက် ရအောင်လုပ်နိုင်လျှင်ပင် ပွဲပြီးသွားပြီ။ သူတို့ရည်မှန်းချက် ပြည့်ပြီဟု ပြောရပေမည်။ မေးစရာရှိသည်မှာ. သူတို့သည် ဦးကျော်ဝင်းကဲ့သို့သော ဦးနှောက်မျိုးကို ယှဉ်ပြိုင်၍ လုညှ်ဖျားဖို့ဆိုတာ လွယ်ကူပါ့မလား။

တကယ်တော့ သူတို့နှစ်ယောက်ကိုယ်တိုင်က ထိုမေးခွန်း၏ အဖြေကို သိချင်နေသူတွေဖြစ်ပါသည်။

●

ညနေခင်း၏ လှပသော မိုးသားအပြာရောင်အောက်တွင် သီဟနှင့် ပိုးပိုးတို့သည် ရင်ခုန်ကြည်နူးမှုကိုယ်စီဖြင့် တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြ၏။ ပိုးပိုးက သီဟကို ရွှန်းလဲ့တောက်ပသော မျက်လုံးလေးနဲ့ ပစ်ခွင်းလိုက်သည်။ သူမကို ငေးရီနေသည့်အခိုက်မို့ သီဟကလည်း မျက်လုံးချင်းအတွေ့၌ ဖျတ်ခနဲ လင်းလက်သွား၏။ အခုတော့ သီဟသည် ပိုးပိုး၏ နှလုံးသားအမူအရာကို ကျွမ်းကျင်စွာ ဘာသာပြန်နိုင်ခဲ့ပြီ။

''ပိုး. . .''

သူ့ရဲ့ တိုးတိတ်သေသပ်သော ခေါ်သံ၌ သူမရင်တွေ အခုန်မြန်နေ၏။ ပိုးပိုးက ထိုင်နေသည့် ခုံတန်းလျားလေး၏ တစ်ဖက်စွန်းသို့ မသိမသာမျှ တိုးရွှေ့လိုက်မိသည်။ အခုလို သူ့ရဲ့ နက်ရှိုင်းသောအကြည့် စူးစူးလေးတွေကို သူမ ရင်ဆိုင်ရတာ ရှက်ပါသည်။ ခေါင်းကို သူမ ငုံ့



ချပစ်လိုက်တော့ သီဟဆီမှ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သူက ပိုးပိုးရဲ့ ပခုံးစွန်းနှစ်ဖက်ကို လှမ်းကိုင်လိုက်သည်။ သူမကို သူက ထပ်မံ၍ ခေါ်ပါသည်။

''ပိုးလေး. . .''

အို. . ပိုးလေးတဲ့။ ဘယ်လောက်တောင် ရင်ခုန်စရာကောင်းထားသလဲ။ သူ့ရဲ့နှုတ်ဖျားက ထွက်လာသော ပိုးလေးဆိုသည့်အသံလေးကို တစ်ကြိမ်တစ်ခါတည်းနှင့် သူမ စွဲလမ်းသွားရ၏။ အသားချင်းထိခတ်သွားချိန်၌ အနည်းငယ် တွန့်ဆုတ်မိသည်မှအပ ပိုးပိုးက လုံးဝမရုန်းပါ။ သူတို့မျက်လုံးချင်း ဝတ်မှုန်ကူးနေကြပါသည်။

ခဏကြာတော့ ပိုးပိုး၏နှုတ်ခမ်းဖျားလေးတွေ တဆတ်ဆတ်တုန်ခါလာ၏။ သူမ မျက်လုံးထောင့်မှာလည်း မျက်ရည်စလေးများ တွဲခိုလာ၏။ အဲဒီ အခိုက်အတန့်လေး၌ သီဟက ပြောရန်အစီအစဉ် မရှိပါဘဲ သူမကို စကားတစ်ခွန်း ပြောလိုက်မိသွားလေသည်။

''ပိုးကို. . ကိုယ်ချစ်တယ်''

သူမ မျှော်လင့်ထားပြီးသား စကားမျိုးဖြစ်သော်လည်း ပိုးပိုး အရမ်း ဝမ်းသာကြည်နူးနေမိ၏။ သူ့ရဲ့ချစ်ရေးဆိုမှုနှင့် တစ်ပြိုင်တည်းမှာပဲ သူမ၏ အိပ်မက်ဆန်ဆန် အရသာတစ်ခုက ပျောက်ဆုံးလွင့်ကွယ်သွားသည်။ ပိုးပိုးက သူ့ကို အပြစ်တင်လိုက်၏။

''နင်ကဟာ. . ဘာဖြစ်လို့ ပြောလိုက်ရတာလဲ''

''မပြောရဘူးလားဟင်''

''အခုလို နင်ပြောလိုက်တာ. . တန်ဖိုးလျော့သွားတယ်။ ပြီးတော့ ငါတို့နှစ်ယောက်ကြားမှာ နောက်တစ်ခါ ထပ်မရနိုင်တဲ့ အရသာတစ်ခုကိုလည်း ဆုံးရှုံးသွားတယ်. . သိလား''

သီဟက သူမ၏စကားအဓိပ္ပာယ်ကို ချက်ချင်း နားမလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရီဝေစွာ လှမ်းကြည့်မိသည်။ ပိုးပိုးရဲ့နှုတ်ခမ်းတွေက လှို့ဝှက်ချက်နှင့် ပြုံးချိုနေ၏။ နောက်တော့ သီဟခေါင်းကို ဆံပင်တွေ ဖွာသွားအောင်ယမ်းရင်း. . .

"အဲဒါ ဘာဖြစ်လို့လဲ၊ ငါမသိဘူး"

ဟု ရိုးရိုးသားသား ဝန်ခံရှာပါသည်။

ဒီတော့ ပိုးပိုးက . . .

"သိရော. . သိချင်သလား"

လို့ထပ်၍မေး၏။

သူက အလျှင်စလို ခေါင်းညိတ်ပြလိုက်မိသည်။ ထိုအခါ သူမက ရှက်ရွံ့စွာ တစ်ချက်ရယ်လိုက်ပါ၏။ ပြီးမှ. . .

"ဘာဖြစ်လို့လဲ ဆိုတော့. . "

ပိုးပိုး၏ စကားသံက အဆုံးပိုင်းတွင် တိုးဖွဖွလေး ဆက်လက်ထွက်ပေါ်လာလေသည်။

". . . နင်နဲ့ငါက ရည်းစားတွေဖြစ်သွားကြလို့ပဲ သီဟ. . "

"ဘာ. . "

သီဟသည် ပိုးပိုး၏ မထင်မှတ်သော တုံ့ပြန်စကားကြောင့် ကိုယ့်နား ကိုယ်မယုံနိုင်အောင်ဖြစ်နေ၏။ သူမက ခေါင်းကို ငုံ့ကိုင်းထားပြီး သူမမျက်နှာပြင်သည် အရှက်ကြောင့် ပန်းရောင်သန်းလျက်ရှိပါသည်။

သူက တဖြည်းဖြည်းနဲ့ အသက်ရှူဖို့ သတိရလာ၏။ သီဟသည် အံ့သြမှင်သက်နေရာမှ လက်တွေ့ဘဝထဲသို့ အပျော်တွေ ပွေ့ပိုက်ကာ ပြန်လည်ဝင်ရောက်လာတော့၏။

"နင် တကယ်ပြောတာနော်. . ပိုး. . ၊ဟုတ်လား"

သူမက သူ့မေးခွန်းကို အပြုံးနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။



"ဟား. . ငါ ဝမ်းသာလိုက်တာပိုးရယ်. . "

သီဟက သူမကို သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားမိသည်။ ပွင့်နေသည့်သွေးများသည် တစ်ယောက်ထံမှ တစ်ယောက်ဆီကို စီးဆင်းသွားသလို သီဟခံစားလိုက်ရ၏။ အခုဆို သီဟက တစ်ကောင်ကြွက်မဟုတ်တော့။ သူ့မှာ ပိုးပိုးဆိုသည့် ချစ်သူတစ်ယောက်ရှိနေပြီဟု တွေးကာ အားတက်လာသည်။ ပြီးတော့ သူက နည်းနည်းလည်း စိတ်ကြီးဝင်၍ ဘဝင်မြင့်မိသွားပါသည်။

●

အခုတလော ဒေါ်သောင်းရွှေအဆောင်သည် အထူးသီသာစွာ ငြိမ်ဝပ်ပိပြားလျက်ရှိ၏။ အကြောင်းမှာ အဆောင်ပိုင်ရှင်အဘွားကြီး ဒေါ်သောင်းရွှေကိုယ်တိုင်က အဆောင်သားများကို ကောင်းကောင်းမနေလျှင် အကုန်မောင်းချပြီး အဆောင်ပါပိတ်ပစ်မည်ဟု ကြေငြာချက်ထုတ်၍ စောင့်ကြည့်နေခြင်းကြောင့်ဖြစ်သည်။ ဒေါ်သောင်းရွှေအဆောင်ကို ရပ်ကွက်က ပြဿနာဖြစ်ပွားမှု အများဆုံးအဆောင်လို့ သတ်မှတ်ထားကြသည်။ ဒါ့အပြင် ပြီးခဲ့တဲ့အပတ်တုန်းက ရပ်ကွက်လူကြီးတွေသည် ဒေါ်သောင်းရွှေအား ရပ်ကွက်ရုံး၌ မိမိဖွင့်ထားသောအဆောင်ကို မိမိနိုင်နင်းစွာ အုပ်ချုပ်ပါမည်ဟု ဝန်ခံကတိထိုးခိုင်းခဲ့ရာ အဖွားကြီးဒေါ်သောင်းရွှေမှာ အလွန်စိတ်ဆိုးသွားတော့၏။

သူမအား ဒီအသက်အရွယ်ကြီးရောက်မှ ရုံးရောက်၊ ဂတ်ရောက်စေသော အဆောင်သားများကို ဒေါ်သောင်းရွှေသည် ရပ်ကွက်ရုံးမှ ပြန်လာကတည်းက အသားကုန် စည်းကမ်းတင်းကျပ်ပစ်လိုက်သည်။ ထို့နည်းတူကလည်း အင်္ဂလိပ်စာကျူရှင်ဆရာ ဘွန်ဟောင်းအား အဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကို ည (၁၀) နာရီကျော်မှ ပြန်လာသဖြင့် အဆောင်ထဲသို့ ဝင်ခွင့်မပေးဘဲ ထားသေး၏။ မာမီတိုး (ခေါ်) မိတ်ကပ်တိုးမိုးနှောင်ကိုလည်း မနေ့က အခန်း ထဲမှာ မီးပူတိုက်သဖြင့် ဒဏ်ငွေသုံးရာ ချခဲ့သေးသည်။ ဖေစိုးအောင်ကို ကျတော့ အရက်သောက်နေတာ မမိသော်လည်း ပါးစပ်မှ အရက်နံ့ရ တယ်ဆိုပြီး ဒဏ်ငွေငါးရာ တပ်လိုက်သည်။

တကယ်ပင် ဒေါ်သောင်းရွှေကိုယ်တိုင် စာအုပ်ကြီးအတိုင်း တင်းကျပ်စွာ အုပ်ချုပ်အရေးယူနေရာ၊ အဆောင်မှူး ကိုခင်မောင်ကြည် ပင် ငြိမ်ကုပ်နေရလေသည်။ ဒီလို တိတ်ဆိတ် သေဝပ်နေပြန်တော့ လည်း ဒေါ်သောင်းရွှေအဆောင်သည် အရင်လို ပျော်ရွှင်စရာ မကောင်း တော့။ အပိုးကျိုးနေသော အဆောင်သားများသည် ပြီးခဲ့သည့်တစ်ပတ် ကျော်လောက်က ပြဿနာပေါင်းစုံကို ဖန်တီးကျူးလွန်ခဲ့တာ သူတို့ မဟုတ်ခဲ့သလိုဘဲ အေးအေးဆေးဆေး တည်ငြိမ်စွာ ရှိနေကြ၏။

အဲဒီတုန်းကများ အဆောင်၌ သုံးချပ်မှောက်ဖဲသမား ဖေစိုး အောင်နှင့် မျိုးကျော်တို့သည် ဝေစုခွဲရင်း ညဉ့်နက်သန်းခေါင်ကျော် ထသတ်ကြသဖြင့် တစ်ဆောင်လုံး အိပ်ရေးပျက်ကုန်ရသည်။ အပေါ် ထပ်ရှိ Rapper ကွက်ကြားက ကြမ်းပြင်ကို ဆောင့်နင်း၍ Rap အဆိုလေ့ကျင့်မှုကြောင့် အောက်ထပ်ရှိ ဖေစိုးအောင်က သူ့ကို မထေ့ မဲ့မြင်လုပ်သည်ဟု တေးမှတ်ပြီး ကွက်ကြားကို နားရင်းအုပ်ပစ်ခဲ့၏။ မကျေနပ်သော ကွက်ကြားက အပေါ်ထပ်မှ ဖေစိုးအောင်၏ အိပ်ရာတည့် တည့်သို့ ရေတွေသွန်ချ၍ ပြဿနာဖြစ်ကြရ၏။ အင်္ဂလိပ်စာဆရာ ဘွန်ပေါင်းထဲမှ မာမီတိုးက တစ်ဆယ်တိုးနှင့် ငွေချေးထားရာ အတိုး ငွေကိစ္စ အငြင်းပွားပြီး နပန်းလုံးကုန်သည်ကို အဆောင်မှူး ကိုခင်မောင် ကြည်မှာ ပုဆိုးကျွတ်တဲ့အထိ ရန်ပွဲသို့ ဝင်ရောက်ဖျန်ဖြေခဲ့ရ၏။ ထို အခါ ကိုခင်မောင်ကြည်၏ တင်ပါးနှင့်ပေါင်ရင်းရှိ ပွေးကွက်များ



အဆောင်သားတွေအဖို့ ရယ်မောအတင်းပြောစရာ ဖြစ်သွားသည်။ ဒါကို မရွှေစာက အလွန်ရှက်သွားမိ၏။ ဒီတော့ ထုံးစံအတိုင်း အသုံး မကျသော သူ့မယောက်ျားကိုသာ မဲပြီး ရေပက်မဝင်အောင် ပြစ်တင် မာန်မဲလေရာ ကိုခင်မောင်ကြည်က မခံဘဲ ရန်ထဖြစ်ကြပါသည်။ နောက် ဆက်တွဲမှာ သူတို့ကလေးနှစ်ယောက်၏ နားကွဲမတတ် ငိုသံများကို တစ်ဆောင်လုံး ခံစားသွားကြရလေသည်။

သူတို့သည် ထိုကဲ့သို့ အဆောင်ဝင်းအတွင်းတွင် ပြဿနာ ဖြစ်ရတာကို မကျေနပ် မတင်းတိမ်နိုင်ကြ . . .။ ဒီအဆောင်၏ ရေပေါ် ဆီနှစ်ကောင်ဖြစ်သော ကွက်ကြားနဲ့ချိုးပူး (ခေါ်) ဝင်းလွင်ဦးတို့သည် ဆစ်ဆစ်ကို အကြောင်းပြု၍ စေတနာရှင်ဆိုင်ရှေ့တွင် တုတ်ဆွဲ၊ ခဲဆွဲနှင့် လှုစွမ်း၊ လူစပြုကြပါသည်။ ထမင်းဆိုင်မှာ ဖြစ်တာဆိုတော့ အဆောင် မှာလို မဟုတ်ဘဲ မဆိုင်တဲ့လူတွေက ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့ကြ ၏။ နောက်ဆုံး နိဂုံးချုပ်လိုက်တော့ ကွက်ကြားက ထိပ်ပေါက်၍ ချိုးပူး က နှာခေါင်းသွေးယိုကာ နှစ်ယောက်စလုံးကို အဆောင်မှူး ကိုခင်မောင် ကြည်က မြို့နယ်ရဲစခန်းမှ အာမခံနှင့် ထုတ်လာခဲ့ရ၏။

ဒါတွေက အဆောင်သားများ တကယ်ဖြစ်ပျက်ခဲ့တဲ့ ပြဿနာ စစ်စစ်တွေဖြစ်သည်။ အဲဒီလိုဆိုလိုက်သဖြင့် နောက်ထပ် ဘာရှိသေး လို့လဲဟု မေးစရာ ရှိနေပါလိမ့်မည်။ ဟုတ်ကဲ့ . . ရှိပါသေးသည်။ ထိုကဲ့ သို့သော ပြဿနာစစ်စစ်တွေအပြင် ထွဋ်ထွဋ်နှင့်သီဟတို့၏ တမင် အကွက်ဆင်၍ လုပ်ကြံထားသော လံကြုတ်ပြဿနာတစ်ခုကလည်း ဒေါ်သောင်းရွှေအဆောင်မှာဖြစ်ပွားခဲ့ပါ၏။

သူတို့ကျတော့ အလုပ်အတူတူလုပ်သဖြင့် အမြဲပူးတွဲနေတွဲ နေဖြစ်ကြ၏။ ပတ်ဝန်းကျင်ရဲ့မျက်လုံးထဲမှာ သူတို့နှစ်ယောက်အား ‘ပါတနာ’တွေလို့ နားလည် သိမြင်ထားသည်။ သူတို့က ထိုအမြင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးပစ်လိုသည့်သဘောဖြင့် ဟန်ဆောင် ရန်ဖြစ်ပြလိုက်ကြရာ တစ်ဆောင်လုံး အုန်းအုန်းကျက်ကျက် ဖြစ်ကျန်ခဲ့ရလေသည်။

ဘယ်လိုပင်ဖြစ်စေ အဆောင်ပိုင်ရှင် ဒေါ်သောင်းရွှေကြီးသည် နေ့တိုင်းလိုလို ရန်ပွဲနှင့်ပြဿနာများအား ဖြေရှင်းနေရတာကို ဦးနှောက်ခြောက်လာဟန်တူ၏။ ဒါကြောင့် အဆောင်သားများအပေါ် အဘွားကြီးဒေါ်သောင်းရွှေက ခပ်ကြမ်းကြမ်းလေး ကိုင်တွယ်အုပ်ချုပ်နေရခြင်းဖြစ်ပါသည်။

ဒီတော့ ဘာဖြစ်ရမည်နည်း။ အဆောင်သားများအဖို့ လွတ်လပ်မှုတွေ အခွင့်အရေးတွေ ဆုံးရှုံးသွားကြသည်။ ဒဏ်ငွေ ချမှတ်ခံရသဖြင့် ဘတ်ဂျက် ထိခိုက်မှုတွေ ဖြစ်လာသည်။ ဒေါ်သောင်းရွှေကိုယ်တိုင် အောက်ခြေသိမ်း ပါဝင်ဆောင်ရွက်နေရာ အဆောင်မှူး ကိုခင်မောင်ကြည်အတွက် တာဝန်လျော့နည်းသွားသည်။ အဆောင်မှူး၏ ဩဇာအာဏာကျဆင်းလာပြီး အဆောင်သားများထံမှ ရပေါက်ရလမ်းတွေပါ ပိတ်ဆို့သွားတော့၏။

သို့သော် . . . အဲဒီကပ်ဆိုးမှ အဆောင်မှူးနှင့် အဆောင်သားများအားလုံး ပြန်လည်လွတ်မြောက်ရန် အခွင့်အလမ်းတစ်ခုကို မျှော်လင့်နိုင်ပါသည်။ ထိုအခွင့်အလမ်းမှာ အဘွားကြီးဒေါ်သောင်းရွှေတစ်ယောက် ရောဂါဖောက်၍ နာမကျန်းဖြစ်မည့်အချိန်ပင်ဖြစ်လေသည်။

❑

## အခန်း ( ၁၁ )

www.burmeseclassic.com

www.burmeseclassic.com

ပြည်လမ်းမပေါ်ရှိ 'ချာလီ'ကော်ဖီဆိုင်သို့ သူတို့နှစ်ယော
သည် မနက်ခြောက်နာရီ ဆိုင်ဖွင့်ချိန်ကတည်းက ရောက်နေခဲ့သည
ဆောင်းဦးပေါက်ရာသီ၏ မနက်ခင်း နှင်းမြူတွေကြားထဲ၌ သူတို
သဘာဝတရားကြီးကို ကော်ဖီနှင့် အရသာခံနေကြပါသည်။ ဒီနေ့မ
တော့ ငှက်အော်သံများထက်ပင် သူတို့က စော၍နိုးနေခဲ့၏။ သီဟ
ဆွယ်တာအကျႌ အဖြူရောင်လေးနဲ့ လိုက်ဖက်လွန်းသည်ဟု ထွန်း
က တွေးမိကာ ပြုံးလိုက်ပါသည်။

"ဘာပြုံးတာလဲ. . ."

"ခြေသံ. . . မင်းလို စိတ်ဓာတ်ဖြူစင်တဲ့ကောင်က ဘတ်
တစ်ယောက်ဖြစ်နေတာကို တွေးမိလို့ပါ"



"ဒါဆို မင်းကကျတော့ရော. . . ထွန်းထွန်း. . ."

"ငါက မင်းလောက် ဖြူစင်မှုမရှိပါဘူး သီဟရာ. . ."

"ဒါပေမဲ့ မင်းက ဉာဏ်ပညာ ထက်မြက်တယ်။ အစစအရာရာမှာ နိုင်မာတဲ့ အဘိဓမ္မာရှိတယ်။ ရဲရင့်ပြီး တွေးခေါ်မျှော်မြင်မှုလည်းရှိတယ်။ မင်းလို အရည်အချင်းမျိုးနဲ့ဆိုရင် ဘာပဲလုပ်လုပ် အောင်မြင်မှာပဲထွန်းထွန်း သေချာတယ်"

သီဟစကားအဆုံးတွင် ထွန်းထွန်းက နှစ်နှစ်ခြိုက်ခြိုက် အော်ရယ်လိုက်မိသည်။ ဆောင်း၏ နှင်းမြူမှုန်များထဲသို့ သူ့ရယ်သံက တိုးဝင်၍သွား၏။

"မင်း ဘာရယ်တာလဲ ထွန်းထွန်း. . ."

"ငါတို့နှစ်ယောက်. . . တစ်ယောက်ကိုတစ်ယောက် ချီးမွမ်းနေတာကို တွေးလိုက်မိလို့ပါ။ မင်း စဉ်းစားကြည့်စမ်း သီဟ. . . ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ"

"ရယ်စရာကောင်းရင် ရယ်ပေါ့ကွာ။ ဘဝဆိုတာ ရယ်စရာတစ်မျိုးပဲ မဟုတ်လား"

သူတို့ထိုင်နေသော ကော်ဖီဆိုင်ဘေးတွင် မြူတွေနှင့် ပိန်းပိတ်နေသည့် ကွင်းပြင်တစ်ခုရှိပါသည်။ ဟိုးရှေ့မလှမ်းမကမ်း၌ အားကစားလိုက်စားနေသူတချို့ ပြေးလာနေကြ၏။ ထွန်းထွန်းက မျက်မှောင်တစ်ချက်ကြုတ်ကာ မြူတောထဲကို စူးစိုက်ပြီးကြည့်နေသည်။ ရုတ်တရက် ထွန်းထွန်းသည် သီဟနှင့် မျက်လုံးချင်း ရင်ဆိုင်ပစ်လိုက်၏။ နောက်. . . မေးခွန်းတစ်ခု. . .။

"လောလောဆယ်. . . မင်းဆီမှာ ရယ်စရာကောင်းတဲ့အဖြစ်အပျက်တစ်ခုလောက် ရှိနေပြီထင်တယ်။ ငါ့အထင်မှန်ရဲ့လား. . . သီဟ. . ."

www.burmeseclassic.com

www.burmeseclassic.com



''အဲဒါကြောင့် ပြောတာပေါ့။ မင်းက လူတော်ပါလို့. . ၊ ဟုတ်တယ်ထွင့်ထွင့်. . မင်းပြောတာမှန်တယ်''

''ပြောပြစမ်းပါဦးကွ၊ ဘယ်လိုရယ်စရာမျိုးလဲဆိုတာ. . ''

သီဟက ထွင့်ထွင့်ရဲ့မေးခွန်းကြောင့် သက်ပြင်းရှည်ရှည်တစ်ချက်ကို မတော်တဆဖြစ်ဟန်ဖြင့် ချလိုက်ပါသည်။ ထွင့်ထွင့်ကို ဘာမှမပြောရသေးမီ သီဟက ရက်ပြုံးနွမ်းနွမ်းလေးတစ်ခုအား ဖန်တီးပြန်၏။ သီဟဆီမှ စကားပြောသံ ထွက်လာ၏။

''ပိုးပိုးက ငါနဲ့သူနဲ့ ရည်းစားတွေ ဖြစ်နေတဲ့အကြောင်း. . သူ့မိဘတွေကို ဖွင့်ပြောလိုက်တယ်။ အဲဒါ သူ့မိဘတွေက ငါ့ကိုတွေ့ချင်တယ်တဲ့ကွာ. . ''

''ဒါများသီဟရာ. . မင်းပြောနေကျအတိုင်း ပုံပြင်တစ်ပုဒ်လောက် ပြောပြလိုက်ပေါ့''

''မဟုတ်သေးဘူးထွင့်ထွင့်. . ငါ ပိုးနဲ့ပတ်သက်တဲ့လူတွေကို ထပ်မလိမ်ချင်တော့ဘူး''

သူ့အပြောကြောင့် ထွင့်ထွင့်က စိတ်ရှိလက်ရှိ အော်ရယ်ပစ်လိုက်သည်။ သီဟက. .

''မင်း. . ငါ့ကို အဲဒီလိုမလှောင်ပါနဲ့ကွာ၊ ငါ တကယ်ပြောနေတာကွ''

ထွင့်ထွင့်က ချက်ချင်း မျက်နှာတည်သွား၏။

''ကောင်းပြီသီဟ. . ၊ မင်းပြောသလိုဆိုရင် မင်းက ပိုးရဲ့မိဘတွေနဲ့ သွားတွေ့တဲ့အခါ. . အမှန်အတိုင်းတွေချည်းပဲ ပြောပြကြည့်လေ၊ မင်းဟာ လူလိမ်၊ ခါးပိုက်နှိုက်၊ ဘောက်. . ကြံ့ရာလုပ်တဲ့လူဆိုတာ ပြောပြပေါ့။ အဲဒီအခါ သူတို့က မင်းကို ကောင်လေးက ရိုးသားလိုက်တာ။ အကုန်လုံး. . အမှန်တွေချည်းပဲပြောတယ်ဆိုပြီး မင်းကို



သူတို့သမီးနဲ့ ပေးစားလိမ့်မယ်လို့များ ထင်နေသလားသီဟရယ်. . အရမ်းရယ်စရာကောင်းပါတယ်''

ထွင့်ထွင့်ရဲ့စကားကြောင့် သီဟခေါင်းထဲမှာ လင်းခနဲဖြစ်သွားပါ၏။ သီဟမှတ်ဉာဏ်ထဲတွင် တစ်စုံတစ်ရာက ဝင်းလက်ပြိုးပြက်လျက်ရှိသည်။ ဦးကျော်ဝင်း၏ကုမ္ပဏီကို ဘတ်နိုင်ခဲ့လျှင် အခုလိုဘဝမျိုးက ကျွတ်ပြီလို့ တွေးမိ၏။ အတွေးနဲ့တင် သူ တော်တော်ရှင်လန်းသွားပါသည်။

''ငါတို့အင်ကြင်းကို ကင်မလို့ ရုံးခန်းခြောက်လ ငှားထားတာ၊ ဒီလနဲ့ပါဆို မျောနေတာ နှစ်လရှိပြီ။ ဦးကျော်ဝင်းဆိုတဲ့ဘဲကြီး ခံနေတာနဲ့ ဘာမှလုပ်လို့မရဘူး။ နောက်ထပ်လေးလ မျောပြီးသွားတဲ့အထိ သူ့အကြောင်း. . ဂဃဏန မသိရရင် ငါတို့ရင်းနှီးထားသမျှဆုံးပြီပဲ။ အဲဒီအခါလမ်းဘေးမှာ အားလုံး တစ်ကပြန်စရမှာ. . ''

''ဟုတ်တယ်သီဟ၊ ငါတို့အဖြစ်က. . ပစ်ရမယ့်သားကောင်အကြောင်းကို တောထဲရောက်မှ လေ့လာနေရတာနဲ့တူတယ်''

''အေးနော်. . ဦးကျော်ဝင်းရဲ့ဇစ်မြစ်ကို မသိရသေးဘဲ ကုမ္ပဏီရုံးခန်း သွားငှားလိုက်မိတာ၊ ငါတို့အမှားပဲ ထွင့်ထွင့်. . ''

ထိုအခါ သီဟပခုံးကို သူက နှစ်သိမ့်အားပေးသည့်သဘောဖြင့် လှမ်းပုတ်လိုက်ရင်း ပြော၏။

''မင်းကလည်း စိတ်ဓာတ်မကျပါနဲ့။ ငါတို့ဘက်မှာ လေးလတောင် ကျန်ပါသေးတယ်ကွ။ အေး. . မင်းရော၊ ငါရော အလုပ်ထဲမှာ ဒီထက်ပိုပြီး အာရုံစိုက်ဖို့တော့ လိုတယ်သီဟ. . ''

''အေးပါကွာ. . ငါ သဘောပေါက်ပါတယ်''

ဆောင်းမနက်ခင်း၏ လေသရမ်းတစ်ချက်က အသည်းထဲရောက်အောင် အေးစိမ့်သွား၏။ အချိန်အားဖြင့် ရစ်နာရီကျော်စပြုနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သော်လည်း နေရောင်က ရောက်မလာသေး. . ။

ရုတ်တရက် သီဟရဲ့ဟန်းဖုန်းက အသံမြည်လာ၏။ သူက Display ကို တစ်ချက်ကြည့်ကာ ပြုံးလိုက်သည်။ နောက်. . သီဟက ထွဋ်ထွဋ်အား ဖုန်း Display ပေါ်မှနာမည်ကို ကြွားသလို လှမ်းပြ သည်။ Poe တဲ့။ ထွဋ်ထွဋ်၏ နှုတ်ခမ်းထောင့်စွန်းတွေက မဲ့ကျေ သွားလေသည်။

ထွဋ်ထွဋ်နှင့် ပြဿနာဖြစ်ဖူးသော ဖေစိုးအောင်နဲ့ မျိုးကျော် တို့သည် သူတို့အချင်းချင်း မသင့်မြတ်တော့သဖြင့် သူ့အတွက် တစ်ရှ ရှင်းသွားရသည်။ ဒေါ်သောင်းရွှေ အဆောင်သားများသည် အခုတလော စကားများတာ၊ ရန်ဖြစ်တာတွေလုံးဝမရှိဘဲ ကိုယ့်အထာနဲ့ကိုယ် အေးအေး ဆေးဆေး ရှိနေကြ၏။

ဖေစိုးအောင်နှင့် မျိုးကျော်တို့သည် တစ်ယောက်ကိုတစ်ယောက် မပေါင်းသင်းကြတော့ပေမဲ့ သူတို့၏အလုပ်အကိုင်ဟောင်းအပေါ်မှာတော့ သစ္စာရှိ ကြပါသည်။ မာမီတိုးမှာ မျိုးကျော်နဲ့ ပလူးပလဲနေမြဲ၊ နေဆဲ. . ။ မရွှေစာအတွက် ဂဏန်းနံပါတ်တွေကို ပေးမြဲ၊ ပေးဆဲ. . ။ သို့သော် ဟိုတစ်လောတုန်းက ရန်ဖြစ်ထားသော အင်္ဂလိပ်စာကျူရှင်ဆရာ ဘွန် ဟောင်းနဲ့တော့ ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနေပြန်၏။ ဖေစိုးအောင် တစ်ယောက်မှာ ပေါင်းစရာလူမရှိဘဲ အဆောင်မှူး ကိုခင်မောင်ကြည်နှ ပေါင်းပြီး အရက်ကိုသာ ရှပ်ရှပ်ချွံချွံ သောက်လျက်ရှိသည်။

အပေါ်ထပ်တွင် ကွက်ကြားသည် တစ်ကိုယ်တော် အသည်းကွဲနေ ၏။ အကြောင်းမှာ ဆစ်ဆစ်ရဲ့အချစ်ကို ဆံပင်တစ်မွှေးတစ်မျှင်မှ မပေါ်



သော ချီးပူးက ရရှိသွားခြင်းကြောင့်ဖြစ်ပါသည်။ Rapper တွေ အသည်း ကွဲပြီး သီချင်းရေးကြသည့်ထုံးစံအတိုင်း ကွက်ကြားကလည်း သူ့ခံစား မှုတွေကို အကုန်သီချင်းထဲ ထည့်ရေးပစ်လိုက်၏။ သူ့ရဲ့လက်ကားယား ခြေကားယားနဲ့ ပါးစပ်ကလည်း ဗလွတ်ဗလွတ်တွေ ရွတ်နေပုံကို အဆောင် သားများက နှလုံးသား အဆင့်အတန်းမြင့်မားစွာ နားလည်ခွင့်လွှတ် ပေးကြပါသည်။

ကွက်ကြားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ချီးပူး (ခေါ်) ဝင်းနိုင်ဦး သည် ဆစ်ဆစ်လက်ကိုတွဲပြီး ပျော်မဆုံး၊ မော်မဆုံး အောင်ပွဲခံနေတာ သုံးရက်တိတိရှိပြီမို့ ပတ်ဝန်းကျင်က မျက်စိနောက်လျက်ရှိ၏။ ဘယ် လောက်စိတ်ညစ်စရာကောင်းတဲ့စုံတွဲလဲဆိုတာ သူတို့သမီးရည်းစား ချင်း အခေါ်အပြောကို ကြည့်ရုံနဲ့သိနိုင်သည်။ ဆစ်ဆစ်က ချီးပူး (ခေါ်) ဝင်းနိုင်ဦးကို 'ဝင်းဝင်း' ဟု အဖျားဆွတ်ခေါ်ပြီး၊ ချီးပူးက သူမကို 'အဆစ်' လို့ ချစ်စနိုးဖြင့် ပြန်ခေါ်လေသည်။

ဒီရက်ပိုင်း၌ မျိုးကျော်သည် မာမီတိုးနှင့်အတူ မင်းသမီး မေဝင်း ထွဋ်၏ ရိုက်ကွင်းများသို့ လိုက်ပါသွားတတ်၏။ မျိုးကျော်မှာ ရွှေမင်းသမီး ရဲ့ လှုပ်ရှားမှုမှန်သမျှကို သူ့နှလုံးသားထဲတွင် မှတ်တမ်းတင်ထားသည်။ သူက မေဝင်းထွဋ်ကို တိတ်တခိုး စွဲလန်းနေခဲ့တာ ကြာလှပြီ၊ အခုလည်း မင်းသမီးရဲ့အနားကို ကပ်ရဖို့ မာမီတိုးဆီမှာ သူ့ဘဝကို ပုံအပ်ထားခြင်း ဖြစ်သည်။

ရှူတင်၌ မေဝင်းထွဋ် အသုံးပြုပြီး လွှင့်ပစ်လိုက်သော တစ်ရှူးစက္ကူ လေးတွေ၊ မေဝင်းထွဋ်စားပြီးသား သကြားလုံးအခွံလေးတွေကို မျိုးကျော်က တယုတယ ကောက်ယူသိမ်းဆည်းထား၏။ 'နေမြင့်လေ အရူးရင့်လေ' ဆိုသည့်စကားအတိုင်းပင် မျိုးကျော်တစ်ယောက် ရွှေ မင်းသမီးအား အစွဲကြီး စွဲနေတော့သည်။ တစ်ခါကလည်း မေဝင်းထွဋ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးကျော်ကို မျက်မှန်းတန်းမိနေသဖြင့် ပြုံးပြလိုက်မိ၏။ မျိုးကျော်မှာ ဝမ်းသာလွန်း၍ အဆောင်ပြန်ရောက်တဲ့အထိ မာမီတိုးကို ကြွားလို့ မဆုံးနိုင်အောင် ဖြစ်နေရသည်။

မျက်နှာရှုး မျိုးကျော်သည် နောက်တစ်နေ့ ကူးလာသည့်တိုင် အဲဒီမေဝင်းထွဋ်၏အပြုံးကိုပဲ ဖာချဲ့နေရာ မာမီတိုးကိုယ်တိုင် အမြင်ကတ် လာ၏။ ထိုအခါ မာမီတိုးပါးစပ်နှင့် လူကြားထဲမှာ မျိုးကျော်တစ်ယောက် တည့်တည့်တိုးရတော့သည်။

''ဟဲ့ . . မျိုးကျော်၊ နင်က သည်းပြနေ . . ဟိုကဖြင့် လင်ကြီးဝတ် တုတ် ရှိနေတဲ့ဟာကို နင့်လိုကောင်များ ရှုးတောင်သွားဦးမယ်။ နား လည်လား . . ''

ဒေါသကြောင့် မျိုးကျော်တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းလာသည်။ ဘွန်ဟောင်းနှင့် ဖေစိုးအောင်တို့ကပါ ရယ်ကြသဖြင့် မျိုးကျော်မှာ အရှက် ရှက်သွားမိ၏။ အဆိုးဆုံးမှာ သူ့ရဲ့ရွှေမင်းသမီးက အပျိုဖြစ်လျက်နှင့် ယောကျ်ားရှိတယ်ဟု သိကွာချခံရခြင်းဖြစ်သည်။

မျိုးကျော်သည် မျက်လုံးတွေ ပြာဝေလာကာ မာမီတိုးတွေ၊ ဘာ တွေ တစ်ခုမှမသိတော့ . . ။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရာမှ မာမီတိုးရဲ့မျက်နှာကို စွတ်ထိုးချပစ်လိုက်သည်။ ဘယ်သူ ကမှ ထင်မထားသောကိစ္စမို့ အားလုံးက ကြောင်၍ ကြည့်နေကြစဉ် စိတ်ကြီးသော မျိုးကျော်က နှစ်ချက်၊ သုံးချက် ဆင့်ကာ ထိုးပစ်လိုက်ပါ သည်။ မာမီတိုးက အာပြဲကြီးနှင့် အော်ဒိုတော့မှ မျိုးကျော်ကို ဆွဲဖို့ သတိရကြလေသည်။

ထိုသို့ဖြင့် ထုံးစံအတိုင်း အဆောင်ဝင်းထဲတွင် ရန်းရင်းဆန်ခတ် ဖြစ်ပွားပြီးနောက် အဆောင်မှူးက မျိုးကျော်ကို အဆောင်မှ ထုတ်ပစ်ရန် ဒေါ်သောင်းရွှေအား သွားရောက်လျှောက်ထား၏။ ပုံမှန်ဆိုလျှင် အခု



ပြဿနာ၌ လက်ပါသော မျိုးကျော်ကို အဆောင်မှ နှင်ထုတ်လိုက်ဖို့သာ ရှိ၏။ ဒါပေမဲ့ အဘွားကြီး ဒေါ်သောင်းရွှေက မာမီတိုး၏ ကန့်ကလျ ဟန်ပန်များကို ကြည့်မရဖြစ်နေ၏။ အခုလို မျိုးကျော်က မာမီတိုးကို ထိုးပစ်လိုက်တာ အလွန်အားရစရာကောင်းလှသည်။ ဒါကြောင့် ဒေါ် သောင်းရွှေကြီးက မျိုးကျော်အား သက်ညှာစွာဖြင့် ဒဏ်ငွေငါးရာ ရိုက် ကာ ပြဿနာကို နိဂုံးချုပ်ပစ်လိုက်၏။

ထိုနေ့ကစ၍ မာမီတိုးနှင့် မျိုးကျော်တို့၏ ဆက်ဆံရေးမှာ တစ်ခန်းရပ်ခဲ့ရသည်။ ခြောက်မိုင်ခွဲတစ်ဝိုက်၌ ဒေါ်သောင်းရွှေသည် လည်း ငွေမက်တဲ့အဘွားကြီးဟု နာမည်ကျော်လာခဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ဘဝတွင် ဈေးကြီး၍ အလျော်အစားများလွန်းသော အချိန်တစ်ခုရှိသည်ဟု ဆိုပါလျှင် သီဟက အခုလောလောဆယ် ထိုကာလကို ဖြတ်သန်းနေရသူဖြစ်ပါသည်။

သိပ်မကြာခင် သူသည် ပိုးပိုး၏မိဘတွေနှင့် တွေ့ဆုံစကားပြောရတော့မည်။ လိမ်လည်မှုတစ်ခုကို ကျူးလွန်ရန် သီဟက မဝံ့မရဲဖြစ်လျက်ရှိ၏။ ပို၍ဆိုးသည်မှာ သူလိမ်ရမည့်သူတွေက ပိုးပိုးရဲ့မိဘတွေ ဖြစ်နေခြင်းပင်ဖြစ်၏။ သီဟသည် ပိုးပိုးတို့ခြံရှေ့၌ သက်ပြင်းရှည်ကြီး တစ်ချက်ချကာ နာရီကို ငုံ့ကြည့်လိုက်သည်။

ဆယ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့၏။ သူက စိတ်ကိုတင်းကာ သူမတို့ခြံထဲသို့ လှမ်းဝင်လိုက်ပါသည်။ ကမာရွတ်၊ လှည်းတန်းလိုနေရာတွင် ကိုယ်ပိုင်ဝင်းခြံနှင့် တစ်ထပ်တိုက်အိုလေးတစ်လုံးကို ပိုင်ဆိုင်သော ပိုးပိုးတို့မိသားစုမှာ အရမ်းမချမ်းသာသည့်တိုင် စီးပွားရေးအခြေအနေခိုင်မာသည့် အနေအထားမျိုးဖြစ်၏။

သီဟက ခြံဝင်းထဲ၌ ပိုးပိုးကို တွေ့လိုတွေ့ငြား ရှာကြည့်မိသည်။ မတွေ့တော့မှ တစ်ထပ်တိုက်အိုလေးဆီကို ခြေလှမ်းတွေ ဦးတည်လိုက်၏။ တိုက်ရှေ့တွင် စိုက်ထားသော သစ်ခွပင်များကြား၌ ပိုးခဲ့လ်နှင့်ထိုင်နေသည့် လူတစ်ယောက်က သူ့ကို စူးစိုက်၍ ကြည့်နေပါသည်။ သီဟက ထိုလူကြီးကို မမြင်ဘဲ ကျော်သွား၏။

သူ့နောက်ကျောမှာ တစ်စုံတစ်ယောက်က စောင့်ကြည့်နေသကဲ့သို့ ခံစားရသော်လည်း သီဟက လုံးဝလှည့်မကြည့်ချေ။ ဘဲလ်တီးမလို့ ဟန်ပြင်လိုက်စဉ် ရုက်ကိုးရုက်ကန်းနှင့် ပိုးပိုးက သူ့ရှေ့တွင် ဘွားခနဲ ပေါ်လာ၍ တံခါးကို ဖွင့်ပေး၏။ ပြီးတော့ သူ့ကို ဧည့်ခန်းမှာ ခဏထိုင်စေပြီး သူမက အိမ်ထဲပြန်ဝင်သွားသည်။ သူသည် ဧည့်ခန်းထဲ၌ ဧည့်ခံစကားပြောမည့်သူ မရှိဘဲ အူကြောင်ကြောင် ဖြစ်လျက်ရှိ၏။

ငါးမိနစ်၊ ဆယ်မိနစ်၊ မိနစ်နှစ်ဆယ်. . .။ အချိန်တွေက တရွေ့ရွေ့ ကုန်ဆုံးနေခဲ့ပြီ။ သို့သော် အခုချိန်ထိ လူရိပ်လူယောင်မျှပင် သီဟ မမြင်ရသေး။ သူ့မှာ သည်းခံလိုစိတ်တွေ နည်းပါးသည်ထက် နည်းပါးလာသည်။ သီဟက ကိုယ့်ကိုယ်ကို စိတ်ရှည်ရှည်ထားရန် ဆုံးမနေရ၏။ နာရီဝက်ကျော်ကြာမှ ပိုးပိုးက ဧည့်ခန်းထဲကို ပြန်ရောက်လာသည်။ သူက အားရဝမ်းသာနှင့် စကားပြောမလို့ ဟန်ပြင်လိုက်ရုံပဲရှိသေးသည်။ သူမက သူ့ကို အသံတိတ်နေရန် အချက်ပြသဖြင့် သီဟမှာ ငြိမ်နေလိုက်ရ၏။ ပိုးပိုး၏နောက်ဘက် မလှမ်းမကမ်း၌ အ[illegible]ကြီးတစ်ယောက် ပါလာတာကို တွေ့ရတော့ 'ပိုးရဲ့အမေပဲ' ဆို့ သူ တပ်အပ်သိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ. . ဒါ သမီးပြောတဲ့ သီဟဆိုတာပေါ့။ သီဟ. . ဒါကိုး ရဲ့မေမေ ဒေါ်ဖြူဖြူတဲ့. . "

ထိုသို့ ပိုးပိုးက မိတ်ဆက်ပေးသောအခါ အဘွားကြီးက သူ့ကို နှစ်လိုဖွယ်ပြုံးပြ၏။ သီဟသည် ပိုးမေမေ၏ နူးညံ့အေးချမ်းတဲ့ အပြုံး ကိုမြင်ရလျှင် သူ့မရိုးသားမှုကို သူ လိပ်ပြာမသန့်ဖြစ်မိသည်။ အခုလို ဖြူဖြူစင်စင်ရှိသည့် မိသားစုမျိုးဆို သီဟက ပို၍ မလိမ်ညာချင်ပါ ဒါပေမဲ့ သူ ဘာတတ်နိုင်မည်နည်း။

သီဟက စိတ်မောစွာ သက်ပြင်းကို ချမိ၏။ အိမ်ဖော်ကောင် လေး လာချပေးသော လိမ္မော်ရည်ခွက်ကို သူ တစ်ငုံသောက်လိုက်စဉ် သူ့ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေသလို ခံစားချက်က ဖြစ် ပေါ်လာသည်။ သီဟ အဲဒီလို တွေးထင်မိတာ မမှားပါ။ ခဏလောက် ကြာတော့ ဝှီးချဲလ်တစ်စီးက သူရှိရာ ဧည့်ခန်းဆီသို့ ဖြည်းညင်းစွာ ဝင်လာပါ၏။ ဝှီးချဲလ်ပေါ်တွင် ဥပဓိရုပ် တည်ကြည် ခန့်ငြားမှုအပြည့် ရှိသော အသက်ငါးဆယ်အရွယ်ခန့် ပုဂ္ဂိုလ်ကြီးတစ်ဦးက ထိုင်နေပြီး ဘီးတွေကို သူ့လက်နှင့် ကိုယ်တိုင်မောင်းနှင်လာခြင်းဖြစ်သည်။ ဒါ ပိုးရဲ့ အဖေဆိုတာကို ပါးနပ်သောသီဟက ရိပ်မိသော်လည်း၊ သူ့အံ့ဩမှု ကိုတော့ ဖုံးကွယ်မထားနိုင်ပေ။

သူအံ့ဩသင့်နေဆဲမှာပဲ ထိုပုဂ္ဂိုလ်ကြီးက သူတို့ထိုင်နေသော ဆက်တီခုံနားကို ရောက်ရှိလာ၏။ သီဟ အံ့ဩနေတာ နှစ်ခုရှိသည်။ ပထမတစ်ခုက ပိုးပိုးရဲ့အဖေကို အခုလို မသန်မစွမ်း ဒုက္ခိတတစ်ယောက် အဖြစ် တွေ့ရှိလိုက်ရသည့်အတွက်ဖြစ်ပြီး၊ ဒုတိယတစ်ခုကတော့ အဘိုး ကြီးရဲ့ သြဇာအရှိန်အဝါ လွှမ်းမိုးမှုကို ဘယ်သူမှ မလွန်ဆန်နိုင်ခြင်း ဖြစ်၏။ အထူးသဖြင့် အဘိုးကြီးဆီမှ လျှို့ဝှက်ချက်များစွာကို ထိန်းချုပ် ထားသော ဝလာမျက်လုံးတွေရှိနေခြင်းက သူ့အရည်အသွေးကို



ဖော်ညွှန်းပြလျက်ရှိသည်။

ပိုးပိုးက သူမ ဝတ္တရားရှိသည့်အတိုင်း အဖေဖြစ်သူနှင့် သီဟကို မိတ်ဆက်ပေးလိုက်ပါ၏။

"ဖေဖေ၊ သူက သမီးရဲ့ချစ်သူ သီဟပါ. . ။ သီဟ. . အဲဒါက ငါ့ဖေဖေ. . "

ပိုးပိုး ပြောလို့မဆုံးခင် အဘိုးကြီးက လက်ကာပြသဖြင့် သူမစကား မှာ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ အဲဒီအခိုက်အတန့် အချိန်လေး ၌ အဘိုးကြီးက သီဟကို လုံးဝမရယ်မပြုံးဘဲ ခေါင်းညိတ်ပြီး၊ အသိ အမှတ်ပြုလေသည်။ အဘိုးကြီးက သူ့ကိုပြော၏။

"ကဲ. . မောင်သီဟ၊ မင်းကို ဦးရဲ့သမီးပိုးပိုးက ဘဝလက်တွဲ ဖော်အဖြစ် ရွေးချယ်ထားတယ်လို့ ပြောတယ်။ အဲဒါ ဟုတ်သလား"

ဗုဒ္ဓေါ. . ၊ အဆန်းကြီးပါလား။ ဘယ်လို သမီးရှင်အဖေကမှ သမက်လောင်းကို ဒီလိုမေးခွန်းမျိုး မေးလိမ့်မည် မဟုတ်ပေမယ့်၊ ထိုအဘိုးကြီးကတော့ မေးပါသည်။

"ဟုတ်ပါတယ်. . အန်ကယ်. . "

မေးလို့သာ အလိုက်အထိုက် ပြန်ဖြေနေရသော်လည်း သူက စိတ်ထဲမှာ 'ခင်ဗျားသမီးနဲ့ ကြိုက်နေလို့ အခု ခင်ဗျားကြီးကို လာတွေ့ နေတာပေါ့' လို့ပြောပစ်လိုက်၏။ အဘိုးကြီးက သူစိတ်နဲ့ ပြောလိုက် တာကို ကြားသွားပုံရသည့်အလား သီဟကို စူးခနဲ တစ်ချက်ကြည့် သည်။ ပြီးတော့ သူ လုံးဝမထင်မှတ်ထားသော စကားကိုပြောသည်။

"မင်းကို ငါက ဦးလို့. . ခေါ်စေချင်လို့ ကိုယ့်ကိုယ်ကို 'ဦး' လို့ နာမ်စားသုံးတာ မောင်သီဟ. . ၊ အဲဒါမင်းက 'အန်ကယ်'လို့ ဘာသာ ပြန်ပြီး ခေါ်စရာ မလိုဘူး။ သဘောပေါက်လား. . "

သူက ယောင်ယမ်း၍ ခေါင်းညိတ်ပြလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး... အဲဒါ သဘောပေါက်ဖို့လိုတယ်"

သီဟာ ရှုးချင်သလိုလို ဖြစ်သွားသည်။ သူသည် ပိုးပိုးတို့သားအမိဆီ အားကိုးရလိုရငြား လှမ်းကြည့်လိုက်တော့ နှစ်ယောက်စလုံးက အဘိုးကြီး ပြောသမျှအားလုံးကို အလေးအနက် နားထောင်နေတာ တွေ့ရ၏။ ဒါနဲ့ သူလည်း အဘိုးကြီးကို ပြန်အာရုံစူးစိုက်ထားလိုက်သည်။ အဘိုးကြီးက သူ့ကို ဆက်လက်၍ ဦးနှောက်စားနေပြန်သည်။

"မောင်သီဟာကို ဦးရဲ့သမီးက ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ထားတာနဲ့ပတ်သက်လို့ ဘယ်လိုခံစားရသလဲ"

"အဲဒီအကြောင်းကို သိ,သိချင်း ကျွန်တော် အရမ်းပျော်တယ်။ နည်းနည်းရှက်တယ်။ ပြီးတော့ ဂုဏ်ယူမိတယ်"

မတတ်နိုင်တော့...။ သူစိတ်ထဲမှာရှိတဲ့အတိုင်း ဖြေရုံပေါ့။ ကြည့်ပါလား...။ အဘိုးကြီးရဲ့မေးခွန်းတွေကိုက အူကြောင်ကြားတွေချည်းပဲ။ ဒါပေမဲ့ လုံးဝမဖြေနိုင်တာမျိုးလည်း မဟုတ်...။ ဘယ်လိုဂွတီးဂွကျလူကြီးမှန်း မသိနိုင်လောက်အောင် ရှုပ်ထွေးပွေလီလွန်းလှသူ...။ ကမ္ဘာပေါ်မှာ ဘယ်လိုယောက္ခမနဲ့သားမက်မှ သူတို့လို ပြောကြလိမ့်မည်မထင်ချေ။

"ဟုတ်ပြီ... မောင်သီဟာနဲ့ပိုးပိုးတို့ လက်ထပ်ဖို့ကိစ္စကို ဦးက သေတဲ့အထိ သဘောမတူဘူး ဆိုပါတော့။ အဲဒါဆိုရင်... ဘယ်လိုလုပ်မလဲ"

"ဟို... အဲ... အဲဒါဆိုရင်တော့ မယူဘူးပေါ့ခင်ဗျာ"

"ဟေ... ဘာဖြစ်လို့လဲ"

"ဒီလိုရှိပါတယ်။ ဦးက ကျွန်တော်နဲ့ဦးသမီးကို လက်ထပ်ဖို့ သဘောမတူဘူးဆိုရင် ကျွန်တော့်မှာ ရွေးချယ်စရာ နည်းလမ်းနှစ်ခု ရှိပါတယ်။ ပထမတစ်နည်းက ဦးသေသွားတဲ့အထိ စောင့်ဖို့ပါ။ အဲ...



ကျွန်တော် အခုမြင်ရသလောက် ဦးက လုံးဝ အလတ်ကြီးရှိသေးတယ်။ တော်ရုံနဲ့ သေဦးမှာ မဟုတ်ဘူး။ အဲဒီတော့ ဦးသေမှဆိုရင် ကျွန်တော်လည်း တော်တော် အိုစာနေလောက်ပြီ။ ကျွန်တော်က ငယ်ရွယ်သန်မာတုန်းပဲ အိမ်ထောင်ပြုချင်တာဗျ...။ အိုမင်းမစွမ်းချိန်ကျမှဆိုရင် အိမ်ထောင်ရေးသာယာဖို့ သိပ်မသေချာဘူး။ နောက်... အဲဒီလို အသက်ကြီးမှ မိန်းမယူတဲ့လူအများစုက မိန်းမကြောက်ကြတယ်မဟုတ်လား။ 'မယားကြောက်'လို့ အရပ်က ကဲ့ရဲ့မှာမျိုးကို ကျွန်တော် မခံနိုင်ဘူး။ ဒါကြောင့် အဲဒီပထမနည်းကို ကျွန်တော်ပယ်တယ်"

သီဟာ၏ အပြောကောင်းမှုကြောင့် ပိုးပိုးတို့သားအမိသာမက ဣန္ဒြေကြီးတစ်ခွဲသားနှင့် နားထောင်နေသော အဘိုးကြီးပါ ရယ်စ,စ ဖြစ်သွားကြသည်။ အဘိုးကြီးက...

"အင်း... ဆက်ပါဦး။ ဒုတိယနည်းလမ်းကို..."

ဟု စကားထောက် ပေးလိုက်၏။ သီဟာက သူ့ရဲ့ ဒုတိယနည်းလမ်းကို ဆက်ရှင်းပြသည်။

"ဒုတိယနည်းလမ်းကတော့ ဦးရဲ့သမီးကို ကျွန်တော်က ခိုးပြေးဖို့ပါ"

"ဟင်..."

သူ့စကားကို နားထောင်နေကြသော မိသားစုသုံးယောက်စလုံး မျက်လုံးပြူးကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြမိပါသည်။ အဘွားကြီးက သူ့ကို ဆက်ပြောဖို့ လမ်းဖွင့်ပေး၏။

"ဒုတိယနည်းလမ်းကရော ဘာဖြစ်လို့လဲ မောင်သီဟာရဲ့..."

သူက မပြောခင် အနည်းငယ် ပြုံးလိုက်သေးသည်။ သီဟပြောသော စကားကို သိချင်စိတ်က အဘိုးကြီးရော၊ အဘွားကြီးမှာပါ ငယ်ထိပ်ထိ ရောက်နေလေပြီ။ ဒါကိုသိသော သီဟာက တတ်နိုင်သမျှ အချိန်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲထားပြီးမှ. .

"ကျွန်တော်က. . အဲဒီ ခိုးပြေးဖို့ဆိုတဲ့နည်းလမ်းကိုလည်း ပ
ထားပါတယ်"

"အကြောင်းက. ."

"အကြောင်းက ခိုးတယ်ဆိုတဲ့အလုပ်ကို ကျွန်တော် မလုပ်နိုင်လို့ ပါ။ ဦးကတောင် သဘောမတူတာ ကျွန်တော့်မှာ ခိုးယူဖို့ အစီအစ လုံး၀ မရှိပါဘူး။ သူတစ်ပါးရဲ့ပိုင်ဆိုင်မှုကို ခိုးယူတာတို့၊ လုယူတာ ကျွန်တော် မလုပ်ချင်ဘူး။ အဲဒါက တစ်နည်းအားဖြင့် ယဉ်ကျေ အဆင့်နိမ့်ကျသူတွေရဲ့ကိစ္စပါ။ ပိုးပိုးကို ကျွန်တော် အရမ်းချစ်ပါတယ် ကျွန်တော့်ရဲ့ ကိုယ်ကျင့်အဆင့်မြင့်မှ ကျွန်တော့်အချစ်ဟာလည်း အ နားတော့မှာပေါ့။ မဟုတ်ဘူးလား. ."

အဘွားကြီးက ညည်းညည်းညူညူလေသံဖြင့်. .

"အင်း. . ဒီလိုဆိုပြန်တော့လည်း မောင်သီဟပြောတာ ဟု ပေသားပဲ။ အဲဒီတော့ မောင်သီဟက ဘာဆက်လုပ်မယ် စိတ်ကူးထ လို့လဲ"

"ဘာမှဆက်မလုပ်ဘူး၊ ကျွန်တော်နဲ့ သဘောမတူရင် မယူ လို့ အစတည်းက ပြောထားပြီးပြီလေ အန်တီရဲ့. . ."

သီဟ၏စကားကြောင့် အဘွားကြီးမှာ ဘာဆက်ပြောရမှန်း ဘဲ ကြောင်အမ်းအမ်းဖြစ်နေစဉ်၊ အဘိုးကြီးဆီမှ ရှူးရှူးရှဲရှဲနှင့် ငေါက်ငမ်းသံများ ပေါ်ထွက်လာ၏။

"ဒီမှာ. . မင်းကို ငါ တစ်ခါထပ်ပြောမယ်။ ငါ့ကို အန်ကယ် ခေါ်တာ မကြိုက်ဘူးလို့ ပြောပြီးသားနော်. ."

"ကျွန်တော်ကလည်း ဦးကို ဦးလို့ပဲခေါ်တဲ့ဥစ္စာ. . ဘယ် အန်ကယ်ခေါ်လို့လဲ"



"ဟွန်း. . မင်းက ငါ့ကိုတော့ ဦးလို့ခေါ်ပြီး ငါ့မိန်းမကိုကျ တော့ အန်တီ၊ အန်တီနဲ့. . အဲဒါ ဘာသဘောလဲ"

"ဗျာ. ."

"အေး. . 'ဗျာ' မနေနဲ့။ မင်း ငါ့ကို ဦးလို့ခေါ်ရင်၊ ငါ့မိန်းမကို ဒေါ်ဒေါ်လို့ခေါ်. . ဒါမှ ဟာမိုနီဖြစ်မှာပေါ့"

"ဟုတ်ကဲ့. ."

အဘိုးကြီးက မျက်နှာငယ်လေးနဲ့ ခေါင်းငုံ့နေသော သီဟအား သနားသွားပုံရသည်။ ခဏကြာတော့ အဘိုးကြီးက သူ့ကိုမေးခွန်းတွေ မေးလိုက်၊ ဉာဏ်စမ်းပုစ္ဆာတွေ ဖြေခိုင်းလိုက်နှင့် စာမေးပွဲစစ်နေပြန်၏။ ထိုအခါများတွင် ပိုးပိုးနှင့် သူမအမေဒေါ်ဖြူဖြူတို့က နားထောင်သူ သက်သက်မျှသာ ဖြစ်သွားပါသည်။

"မောင်သီဟ သေချာနားထောင်နော်၊ မရှင်းတာရှိရင် မေးလို့ ရတယ်"

"ပြောပါဦး. ."

"ဘာပစ္စည်းပစ္စယတစ်ခုမှ မရှိတဲ့ အခန်းလွတ်တစ်ခန်းထဲမှာ လူတစ်ယောက် ဆွဲကြိုးချပြီး သေနေတယ်။ သူ့ရဲ့အောက်တည့်တည့်မှာ ရေကွက်ကြီး တစ်ကွက်ရှိတယ်။ အဲဒီလူဟာ ဘယ်လိုဆွဲကြိုးချပြီး သူ့ ကိုယ်သူ သေကြောင်းကြံစည်ခဲ့သလဲ. ."

အဘိုးကြီးရဲ့မေးခွန်းအဆုံး၌ သူအနည်းငယ် ဦးနှောက်ခြောက် သွားသည်။ သီဟက မျက်မှောင်ကြုတ်ကာ သေချာစဉ်းစားရင်း အဖြေရှာ နေမိ၏။ အဘိုးကြီးသည် သူ့တစ်ကိုယ်လုံးကို ဖောက်ထွင်းလျက် သီဟ အား အကဲခတ်နေလေသည်။ ပိုးပိုးမှာ မျက်စိစုံမှိတ်ပြီး သီဟ အဖြေမှန် ရပါစေဟု ဆုတောင်းပေးနေ၏။

အချိန် တစ်မိနစ်ခန့် ကြာသွားပြီးနောက် သီဟနှုတ်ခမ်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



က ပြုံးလာခဲ့သည်။ ဒါဆို သူ အဖြေရသွားပြီ ဆိုသည့်သဘောပေါ့။

သီဟက ပြောလိုက်၏။

"အဲဒီလူဟာ. . မသေခင် ကြိုးကွင်းစွပ်ဖို့ ရေခဲတုံးကြီးတစ်တုံး ပေါ် တက်ပြီး ရပ်နေလိမ့်မယ်။ တဖြည်းဖြည်းနဲ့ ရေခဲတုံးက အရည်ပျော် ကျလာတော့ သူ့လုပ်ရပ် အောင်မြင်သွားတာပေါ့"

သူ့ရဲ့အဖြေကြောင့် အဘိုးကြီးက လေးလေးနက်နက်နှင့် ခေါင်း ကို တစ်ချက်ညိတ်ပြသည်။ ပြီးတော့. . တစ်ယောက်တည်းပြုံးကာ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ဝိုးခွဲလ်ကို ကျွမ်းကျင်စွာ လှည့်ထွက် သွား၏။ ပထမအဆင့်တော့ သူ အောင်မှတ်ရသွားပြီဟု သီဟ နားလည် လိုက်၏။ ပိုးပိုးမှာလည်း အခုမှ သက်ပြင်းချနိုင်သည်။ ဒီနေ့တွေ့ဆုံမှု တွင် အဆင်ပြေအောင် စွမ်းဆောင်နိုင်သဖြင့် သီဟက သူ့ကိုယ်သူ ကျေနပ်မိသော်လည်း၊ သူ့စိတ်ထဲ၌ ဘဝင်မကျတာ နှစ်ချက်တော့ ရှိ သည်။

ပထမတစ်ချက်က ပိုးပိုး၏အဖေကို ဒုက္ခိတတစ်ယောက်မှန်း သူကြိုတင်၍ သိခွင့်မရခဲ့ခြင်းဖြစ်ပြီး၊ ဒုတိယအချက်မှာ အဘိုးကြီးက သူ့ရဲ့မိဘအသိုင်းအဝိုင်း၊ အလုပ်အကိုင်နှင့် စီးပွားရေးအခြေအနေများ အကြောင်း လုံးဝမမေးမြန်းခြင်းပဲ ဖြစ်လေသည်။

ဒါကပင် တခြားသမီးရှင်မိဘများနှင့် ကွဲပြားခြားနားသော အချက် ဖြစ်ပါသည်။ သီဟသည် သူ့ကိုယ်သူ အံ့ဩစွာဖြင့် ပိုးတို့အိမ်မှ ပြန်လာ ခဲ့၏။ မထင်မှတ်သည့် အောင်မြင်မှု နောက်ကွယ်တွင် ဘာတွေရှိနေ သနည်း။

သူက စဉ်းစားရင်းနှင့် စိတ်ရှုပ်စွာ ရယ်မောလိုက်မိပါသည်။

❑

## အခန်း ( ၁၃ )

www.burmeseclassic.com

www.burmeseclassic.com

သီဟာတစ်ယောက် သူ၏ကိုယ်ရေးကိုယ်တာများဖြင့် အလုပ်ရှုပ်နေစဉ် ထွန်းထွန်းက အင်ကြင်းကုမ္ပဏီအား အမိကကြိုးကိုင်ထားသော ဦးကျော်ဝင်းအကြောင်းတွေကို တစ်ကိုယ်တော် စုံစမ်းမှုတွေပြုခဲ့ရာ ထိုက်သင့်သလောက် အကျိုးရှိခဲ့ပါသည်။ ဦးကျော်ဝင်းနှင့် ပတ်သက်သည့် အချက်အလက်တွေကို ထပ်မံသိခဲ့ရသဖြင့် သူတို့ရည်မှန်းချက် ပြည့်ဝရန် ပိုမိုနီးစပ်လာ၏။

ထွန်းထွန်းက သူသိထားသမျှကို သီဟာအား ပြောပြပြီး၊ အခြေအနေကို တွက်ဆနေကြသည်။ သီဟာမှာ ထွန်းထွန်းပြောတာတွေကို နားထောင်ရင်း သူ့မျက်နှာတွင် အရောင်တွေ တဖျပ်ဖျပ် ပြောင်းလဲနေ၏။

သီဟာခေါင်းထဲတွင် ဉာဏ်အလင်းများ ဖြစ်ပေါ်လာကာ၊ သူက



တခြားအကြောင်းအရာတစ်ခုနှင့် ချိတ်ဆက်ကြည့်နေမိသည်။ သိပ်မကြာခင် သူ့စိတ်ကူးတွေ ရုပ်လုံးပေါ်လာပေလိမ့်မည်။ သီဟာက သူသိထားတာတွေကို ထွန်းထွန်းအား ချပြလိုက်သောအခါ ပို၍ပြည့်စုံသည့်အစီအစဉ်တစ်ခု ဖြစ်သွားပါသည်။

အဲဒီနောက်ပိုင်း၌ သီဟာသည် အလုပ်တွေ ပိုရှုပ်လာ၏။ ဒီကြားထဲမှာ ပိုးပိုးအိမ်ကိုလည်း အဆက်မပြတ် ဝင်ထွက်သွားလာနေလိုက်သေးသည်။ ထွန်းထွန်းနဲ့တောင် သိပ်မတွေ့ဖြစ်ဘဲ၊ လူခွဲ၍ ကိုယ့်တာဝန် ကိုယ်ကျေပွန်စေဖို့ လုပ်နေကြရ၏။

သူတို့ဆီမှာ အဆောင်သားတွေ မသိအောင် လျှို့ဝှက်ကိုင်သော မိုဘိုင်းဖုန်းကိုယ်စီရှိသောကြောင့် လိုအပ်သည့်အခါ လွယ်ကူစွာ ဆက်သွယ်နိုင်ကြသည်။ 'အိမ်မက်အသစ်'ဆိုသော ဟန်ပြကုမ္ပဏီကိုလည်း ဖိုးဇော်ကပဲ အစစအရာရာ ဦးဆောင်လျက်ရှိ၏။ ဖိုးဇော်မှာ စိတ်ချရပြီး ကိုယ်ရည်ကိုယ်သွေးရှိသူတစ်ယောက်မို့ သူတို့က တော်တော်အားကိုးရပါသည်။

ထိုသို့ဖြင့် သူတို့က သေချာပြင်ဆင်ထားကာ စစ်ဆင်ရေး စတင်ရန် အချိန်အခါတစ်ခုကို စောင့်မျှော်နေကြလေသည်။

●

ထွန်းထွန်းတို့က ပထမဦးစွာ ဦးကျော်ဝင်းရဲ့နားဝအထိ ပေါက်ကြားမည့်လူတချို့ထံ သူတို့အိမ်မက်သစ်ကုမ္ပဏီမှာ ဒေါ်လာတွေ စျေးချိုချိုနှင့် ရောင်းဖို့ရှိကြောင်း သတင်းလွှင့်လိုက်ကြ၏။ အချိန် သိပ်မစောင့်ဆိုင်းလိုက်ရ. . .။ ဒေါ်လာဆိုသည့်အသံကြားလျှင် အမြင်မ်း[illegible]တက်သက်ဝါးကြီး အုပ်ချုပ်နေသော ဦးကျော်ဝင်း၏လက်စွဲ လူယုံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



က သူတို့ကို စ.ဆက်သွယ်လာသည်။ ထိုသူ၏နာမည်မှာ အန်ကူဟု သိရ၏။ အန်ကူကို ထွဋ်ထွဋ်ရော၊ သီဟကပါ တိုက်ရိုက်အတွေ့မခံဘဲ ဖိုးဇော်ကို တစ်ဆင့်ခံ၍ ဆက်ဆံခဲ့ပါသည်။

သူတို့က အန်ကူကို ဒေါ်လာဝယ်လိုသူ အစစ်အမှန် ကိုယ်တိုင်နဲ့ တွေ့ဆုံရမှုဖြစ်မည်ဟု ပြောလိုက်ပြီး၊ ရောင်းမယ့်ဒေါ်လာဈေးကိုပါ မသိမသာနှင့် ထည့်ပြောပေးလိုက်မိ၏။ နာရီပိုင်းအတွင်း ဦးကျော်ဝင်းက ထွဋ်ထွဋ်ရဲ့ဟန်းဖုန်းကို လှမ်းဆက်ကာ အကျိုးအကြောင်း မေးမြန်းစုံစမ်းသည်။ ထွဋ်ထွဋ်က ကြိုတင်ကြံစည်ထားသည့်အတိုင်း ဟာကွက်မရှိအောင် ဖျားယောင်းလေရာ၊ ဦးကျော်ဝင်းတစ်ယောက် သူတို့ထောင်ချောက်အတိုင်း ငိုက်ခနဲ ပါလာတော့သည်။

အဘယ်ကြောင့်ဆိုသော် ထွဋ်ထွဋ်တို့ရောင်းမည့် ဒေါ်လာဈေးသည် အပြင်က တစ်ဒေါ်လာပေါက်ဈေးထက် သုံးရာခန့် လျော့နည်းနေသည် မဟုတ်ပါလား။ အတုတွေ ဖြစ်နေသည့်တိုင် ဦးကျော်ဝင်းက အဲဒီဒေါ်လာတွေကို တွေ့ချင်၊ မြင်ချင်နေမိသည်။

ဘာပဲဖြစ်ဖြစ် သူကိုယ်တိုင် သွားတွေ့မည်ဟု စိတ်ကို ပိုင်းဖြတ်၍ ဦးကျော်ဝင်းက ထို သူတို့ ချိန်းဆိုထားသောနေရာသို့ သွား၏။ 'အိပ်မက်အသစ်' ဆိုသည့် ကုမ္ပဏီရုံးခန်းမှာ အထူးသားနားလှသည်။

ဦးကျော်ဝင်းမှာ ဗိုးခဲ့လ်ပေါ်တွင် မျက်မှန်အနက်တစ်လက် တပ်ထားပြီး သူ့ရဲ့လူယုံအန်ကူနှင့် ဒရိုင်ဘာဂျားဂျားတို့ ခြံရံလျှက် ' အိပ်မက်အသစ်' ရုံးခန်းထဲသို့ဝင်လာ၏။ အန်ကူမှာ တရုတ်လူမျိုးဖြစ်၍ ဂျားဂျားမှာကုလားလူမျိုးဖြစ်သောကြောင့် သူတို့နှစ်ယောက် တွဲသွားတွဲလာလုပ်လျှင် လူတွေက ရယ်စရာတစ်ခုလို လိုက်ကြည့်တတ်ပါသည်။ အခုလည်း ကုမ္ပဏီဝန်ထမ်း ကောင်မလေးများက သူတို့ကို လိုက်ကြည့်ပြီး ပြုံးစိစိလုပ်နေကြ၏။



ဖိုးဇော်က ဦးကျော်ဝင်းတို့ကို အတွင်းခန်းထဲသို့ လမ်းပြ၍ ခေါ်ဆောင်လာခဲ့သည်။ ဦးကျော်ဝင်းမှာ 'အိပ်မက်အသစ်'ကုမ္ပဏီ၏ ခမ်းနားသော အပြင်အဆင်များကို လိုက်ကြည့်နေရင်းမှ အတွင်းခန်းထဲကို ရောက်လာ၏။

ထိုအခန်းထဲတွင် ရုပ်ဖျက်ထားသော ထွဋ်ထွဋ်နှင့်သီဟတို့ နှစ်ယောက်က စောင့်ကြိုနေသည်။ အထူးသဖြင့် သီဟက သူ့ရုပ်ကို လုံးဝ အကဲဖမ်းလို့မရအောင် အစွမ်းပြပြီး ဖျက်ထား၏။ ရုပ်ဖျက်လို့ လွယ်သော်လည်း လေသံဖျက်၍ မလွယ်သဖြင့် ဦးကျော်ဝင်းကို ထွဋ်ထွဋ်ကပဲ စကားပြောပါသည်။

ဦးကျော်ဝင်းကသူ့ရဲ့ နာမည်ကျော် 'အင်ကြင်း' ကုမ္ပဏီနှင့် ဘာမှ မသက်ဆိုင်သော သာမန် ဒေါ်လာဝယ်ရောင်းသမား တစ်ယောက်ပုံစံဖြင့် သူတို့ထံ ရောက်လာခြင်းဖြစ်၏။ ဒါ့အပြင် သူက စကားအပိုတွေ သိပ်မပြောဘဲ အဓိက အရေးကြီးသည့်အချက်များကိုသာ ပြောဆိုမေးမြန်းပါသည်။

ထွဋ်ထွဋ်တို့က ဒေါ်လာအစစ်များကို အနည်းငယ် အရောင်ဖျက်ဆိုးထား၏။ ဒေါ်လာဆရာကြီး ဦးကျော်ဝင်းမှာ ဒါတွေကို ဒေါ်လာအစစ်မှန်း သိသိကြီးနှင့် သံသယဖြစ်လာမိသည်။ ပြီးတော့ သူတို့ရောင်းမည့်ဈေးက အပြင်ပေါက်ဈေးနှင့် သိသာစွာ ကွာဟနေ၏။ ဦးကျော်ဝင်းက ဒေါ်လာတစ်ရာတန်တစ်ရွက်ကို ထောင်ကြည့်နေရာမှ ထွဋ်ထွဋ်အား လှမ်းမေးလိုက်ပါသည်။

" ဒါက ဘယ်လို ဖြစ်ရတာလဲဗျ။ ဈေးကရော ဘာလို့ ဒီလောက် ကွာနေရတာလဲ . . "

ထွဋ်ထွဋ်က ကြိုတင်မျှော်လင့်ထားပြီးသား မေးခွန်းနဲ့ သူ့ပခုံးကို တစ်ချက်တွန့်ပစ်လိုက်၏။ နောက် . . သူက ဦးကျော်ဝင်းရဲ့ မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ဖြေပါသည်။

"ခင်ဗျားကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောမယ်‥ အဲဒါ အတုတွေဗျ။ ဒါပေမဲ့ အစစ်နဲ့ သိပ်မကွာဘူး။ မယုံရင် ခင်ဗျား အပြင်မှာ သွားကြည့်ပါလား၊ အားလုံးလက်ခံကြတယ် "

ဦးကျော်ဝင်းက အံ့သြသွားဟန်ဖြင့်‥

" အတုဟုတ်လား‥ "

" ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့‥ ဒါကြောင့် ဒီဈေးနဲ့ ရတာပေါ့ "

ဦးကျော်ဝင်းက တစ်ခုခုကို လေးနက်စွာ စဉ်းစားပြီး ပြောလိုက်၏။

" မောင်ရင်တို့ဟာက‥ အပြင်ဈေးကွက်မှာ အိုကေနေတာပဲ ဉစ္စာ‥ ဘာဖြစ်လို့ အပြင်မှာ ပေါက်ဈေးအတိုင်း မရောင်းဘဲ ကျွန်တော့်ကို လျှော့ဈေးနဲ့ လာရောင်းရတာလဲ"

ထွဋ်ထွဋ်က ညင်ညင်သာသာလေး ပြုံးလိုက်သည်။ ပြီးမှ‥

" ဒီလိုလေဗျာ‥ ကျွန်တော်တို့ဆီမှာ ပစ္စည်းက အရမ်းများနေတော့ အကုန်လုံးဈေးကွက်ထဲ ရောက်သွားရင် သူများတွေ ရိပ်မိကုန်လိမ့်မယ်။ ဒါကြောင့် ခင်ဗျားလို ကျွမ်းကျင်တဲ့ သူဌေးတစ်ယောက်ကို အတုလို့ ရိုးရိုးသားသားဖွင့်ပြောပြီး သင့်လျော်တဲ့ဈေးနဲ့ ရောင်းချင်တာပါ‥ "

" ဘယ်လောက်တောင် များလို့လဲဗျ "

" တစ်သိန်းကျော် ရှိတယ် "

" အာပါးပါ‥ အဲဒီလောက် အများကြီး ရှင်းပေးရမှာ‥ ဈေးကို နည်းနည်းပြင်ပေးဦး‥။ ကျွန်တော်က စွန့်စားရမှာ‥ "

" ဟာ‥ လုပ်ပြီ၊ ဘော့စ်ကလည်း စိတ်ချစမ်းပါဗျာ။ ခင်ဗျား မယုံရင် ဟောဒီ နမူနာသုံးရွက် ယူသွားပြီး စမ်းကြည့်‥ အိုကေတယ်ဆိုမှ ကျွန်တော့်ဆီကယူ‥ ဈေးကိုတော့ ထပ်မဆစ်နဲ့ ဟုတ်ပြီလား "



သူ့ရဲ့အပြောကောင်းမှုကြောင့် ဦးကျော်ဝင်း ငြိမ်ကျသွားအံ။ ခဏကြာတော့ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချရင်း ဦးကျော်ဝင်းက သဘောတူလိုက်သည်။

" ကောင်းပြီလေ‥ ကျွန်တော် စမ်းကြည့်သေးတာပေါ့ "

ဦးကျော်ဝင်းသည် ဒေါ်လာတစ်ရာတန်သုံးရွက်ကို ယူကာ ထိုနေရာမှ ပြန်ထွက်ခွာဖို့ သူ့လူတွေကို အချက်ပြလိုက်၏။ ထွဋ်ထွဋ်က ပြုံးချိစွာ ခေါင်းညိတ်ပြ၍ နှုတ်ဆက်ပါသည်။ ဦးကျော်ဝင်း၏ ဝိုးခဲ့လ်ကို အန်ကူနှင့် ဂျားဂျားတို့က တွန်းပြီး ကျောခိုင်းလှည့်ထွက်သွားကြသည်။

ထွဋ်ထွဋ်နှင့် သီဟတို့က တစ်ယောက်ကိုတစ်ယောက် မဲ့ပြုံးကိုယ်စီ ပြုံးပြလိုက်၏။ လောလောဆယ် သူတို့က ဒေါ်လာသုံးရာကို ခေတ္တ ရင်းနှီးမြှုပ်နှံထားရသည့်အဖြစ်အား ရည်ရွယ်ကာ မဲ့ပြုံးပြုံးလိုက်ခြင်း ဖြစ်လေသည်။

ဦးကျော်ဝင်းလို လူတစ်ယောက်စီမှ ရအောင် လိမ်လည်ဖို့ဆိုတာ သည်းခံနိုင်စွမ်းရှိရမည်။ ပါးနပ်လိမ္မာရမည်။ မုဆိုးစိတ်ဓာတ်နှင့် သားကောင်ပမာ ကိုယ့်ကိုယ်ကို နှိမ့်ချမှုလည်းရှိရမည်။ ဒို့အပြင် တခြားတခြားသော မာယာများစွာကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ထားဖို့ လိုအပ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၄ )

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းသည် သွေးညှီနံ့တစ်မျိုးကို သယ်ဆောင်လာသည်ဟု သီဟက ထင်မိသည်။ ပိုးပိုးရဲ့အဖေ ဦးကျော်ဝင်းကို အနိုင်ယူရန် သူတို့က အဆင်သင့် ဖြစ်နေလေပြီ။ ဒီအခွင့်အရေးကိုရဖို့ သူတို့နှစ်ယောက် ဘယ်လောက် စောင့်ဆိုင်းခဲ့ရသလဲဆိုတာ သူတို့ အသိဆုံးပဲ ဖြစ်ပါသည်။

ကံကြမ္မာကိုက တိုက်ဆိုင်လွန်းခဲ့သည်ပဲ . . ။

ပိုးပိုးက ဦးကျော်ဝင်းရဲ့သမီးဖြစ်၏။ ထိုအချက်ကြောင့်ပင် ဦးကျော်ဝင်း၏ အားနည်းချက်၊ အားသာချက်များကို သူတို့ ရိပ်မိသိရှိခဲ့သည်။ တကယ်တော့ ဦးကျော်ဝင်း၏ ဘဝအစစ်အမှန်နှင့် ချမ်းသာကြွယ်ဝမှုကို သူ့မိသားစုဝင်တွေကိုယ်တိုင် မသိပေ။ အဲဒီလောက်အထိ



သူက လျှို့ဝှက်တတ်သူ ဖြစ်သည်။ ဦးကျော်ဝင်းမှာ မိသားစုနှင့်အတူ သာမန် မထင်မရှားဘဝမျိုးကို အလိုရှိသော်လည်း၊ စီးပွားရေးပိုင်းတွင်တော့ ဧရာမ ကျားရဲတစ်ကောင်ကဲ့သို့ ပြုမူကျင့်ကြံတတ်ပါသည်။

အခု ထွဋ်ထွဋ်နှင့် သီဟတို့သည် ဦးကျော်ဝင်း ချိန်းထားသည့် ဝင်းခြံအပြင်ဘက်မှာ TOWN ACE ကားကြီးတစ်စီးနှင့် နာရီဝက်ခန့်စော၍ ရောက်ရှိနေ၏။ သီဟရဲ့ လက်ဆွဲအိတ်ထဲတွင် ဒေါ်လာအစစ်နှင့် အတုရောထားသော တစ်ရာတန် ဆယ်အုပ်တိတိ ထည့်ထားသည်။ သူတို့သည် ကားရပ်ထား၍ မသင့်လျော်သဖြင့် ရပ်ကွက်ပတ်ပြီး ကားမောင်းနေရ၏။ သီဟစိတ်ထဲတွင် ဖိုးဇော်တို့အုပ်စု အချိန်မီ ရောက်လာပြီး အဆင်ပြေပါစေဟု ဆုတောင်းနေမိသည်။ သူတို့နှစ်ယောက်တည်း အခုနေ ခြံထဲဝင်သွားပြန်ရင်လည်း ချိန်သားမကိုက်ဘဲ တိုင်မင်လွဲနေမှာ စိုးရိမ်ရပြန်၏။

ဒီလိုနဲ့ အချိန်နှင့် ဓာတ်ဆီအနည်းငယ်ကို ဖြုန်းတီးပြီးသကာလ သူတို့ TOWN ACE ကားကြီးသည် ခြံရှေ့မှာ ရပ်တန့်သွား၏။ ခြံတံခါး ပွင့်လာတော့ ကားကို ထွဋ်ထွဋ်က ခြံထဲမောင်းဝင်သွားသလိုနှင့် ခြံတံခါး ပြန်ပိတ်မရအောင် ရပ်လိုက်ပါသည်။

ခြံထဲကိုရောက်တော့ ဦးကျော်ဝင်း၏ထုံးစံအတိုင်း သူ့တပည့်တစ်ယောက်စ၊ နှစ်ယောက်စလောက်သာ တွေ့ရပြီး အားလုံးအေးအေးဆေးဆေးပဲဖြစ်သည်။ ခြေလှမ်းဆယ်လှမ်းမျှ လှမ်းလျှောက်လိုက်သော အခါ အဆောက်အအုံတစ်ခုကို ရောက်၏။

အပေါက်ဝမှာ ဦးကျော်ဝင်း၏ လက်စွဲတော်အနံ့ကူနှင့် ဂျားဂျားတို့က သူတို့နှစ်ယောက်ကို ဆီးကြို၍ အခန်းထဲသို့ ခေါ်ဆောင်လာခဲ့သည်။

ထိုအခန်းသည် ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းပြီး စတုရန်း

www.burmeseclassic.com

www.burmeseclassic.com



ကျကျ ဖွဲ့စည်းထား၏။ ကြမ်းပြင်မှာရော နံရံလေးဖက်စလုံးမှာပါ အကွက် အဆင်ဆန်းဆန်းလေးများ ခြယ်သထားတာ တွေ့ရသည်။ ဦးကျော်ဝင်း က ဝိုးချဲလ်ပေါ်မှာ ထိုင်ကာ သူတို့ကို စောင့်ကြိုနေ၏။ သူ့ဘေးနားရှိ စားပွဲပေါ်တွင် တစ်ထောင်တန်အုပ်တွေကို အပုံလိုက် အစီအရီ တင်ထား ပါသည်။ ဦးကျော်ဝင်းက ပိုက်ဆံပုံကြီးသို့ ညွှန်ပြကာ..

" ကဲ..ဒီမှာ၊ ခင်ဗျားတို့ပြောတဲ့ဈေးနဲ့ တစ်သိန်းဖိုး ...ဟုတ် ပြီလား "

ထွန်းထွန်းက အပြင်ဘက်သို့ နားစွင့်လျက်ရှိ၏။ သီဟကလည်း ဒေါ်လာအိတ်ကို မပေးဘဲ ဟိုလိုလို၊ ဒီလိုလိုနှင့် အချိန်ဆွဲထားသည်။ ဦးကျော်ဝင်းကိုယ်တိုင် လက်ကမ်းပြီး တောင်းမှ သူက ဒေါ်လာအိတ်ကို ပေးလိုက်၏။ ဦးကျော်ဝင်းက လက်ဆွဲအိတ်ထဲမှ ဒေါ်လာအုပ်နှစ်အုပ် အား စစ်ဆေးနေဆဲ..။ အခန်းအပြင်ဘက်ဆီမှ ဆူညံသံတွေနှင့်အတူ အခန်းတံခါးက ဝုန်းခနဲ ပွင့်ထွက်သွားသည်။ ဦကျော်ဝင်းမှာ လုံးဆ မထင်မှတ်ထားသော အခြေအနေမို့ လန့်ပြီး လက်ထဲမှ ဒေါ်လာတစ် အုပ် လွတ်ကျသွားပါ၏။

မြင်တွေ့ရသည်မှာ ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များက သူတို့ကို သေနတ်တွေနဲ့ ချိန်ရွယ်ထားကြခြင်း ဖြစ်သည်။ တစ်ပွင့်နှင့်ရဲအုပ်က သူတို့ကို သေနတ်နဲ့ ချိန်ထားပြီး အမိန့် ပေး၏။

"တစ်ယောက်မှ မလှုပ်နဲ့နော်။ ကျွန်တော့်မှာ ပစ်မိန့်ရှိတယ်ဆို တာ ယုံပါ။ မယုံရင် စမ်းကြည့်လို့ရတယ်.."

သူ့ပုံစံက ပြောလျှင်ပြောတဲ့အတိုင်း တကယ်လုပ်မည့်ပုံပေါက်ပါ သည်။ အဲဒီလိုအခြေအနေမျိုး၌ သီဟက ဦးကျော်ဝင်း လွတ်ကျသွား သည့် ဒေါ်လာအုပ်ကို လှစ်ခနဲ ကောက်ယူကာ အနီးဆုံးရှိ ရဲသားကို



ရန်ပြုလိုက်၏။ ထိုအခါ ထွန်းထွန်းကလည်း နီးရာလူကို တိုက်ခိုက်ပြီး လွတ်မြောက်ဖို့ ကြိုးစားရာပါသည်။

" ဒိုင်း ... ဒိုင်း ... "

သေနတ်ပစ်သံနှစ်ချက်က ဆက်တိုက်ဆိုသလို ပေါ်ထွက်လာ၏။ ထွန်းထွန်းနှင့်သီဟ နှစ်ယောက်စလုံး သွေးအိုင်ထဲမှာ လဲကျနေပြီး အား လုံးရဲ့အကြည့်တွေက သေနတ်တရမ်းရမ်းနှင့် ရဲအုပ်ဆီတွင် စုပြုံကျ နေပါသည်။

ရုတ်တရက် ဝေါခနဲ မြည်ဟိန်းသံတစ်သံနှင့် စတုရန်းပုံသဏ္ဌာန် အခန်း၏ နောက်ခံနံရံတစ်ခုလုံးမှာ လည်ထွက်သွားသည်။ ထိုအဖြစ် အပျက်နှင့်အတူ ဦးကျော်ဝင်းရှိနေသော ကြမ်းပြင်အကွက်သည် အံဝှက် တစ်ခုလို ချက်ချင်း ပျောက်ကွယ်သွားလေတော့၏။

အားလုံးမှာ မယုံနိုင်စရာတစ်ခုမို့ မှင်သက်အံ့ဩနေဆဲ...။ ရဲအုပ်က ဦးကျော်ဝင်း ပျောက်ကွယ်သွားသည့် ကြမ်းပြင်နေရာကို သွား၍ စူးစမ်းကြည့်မိသည်။ ဘာမှ မထူးခြားသဖြင့် သူစိတ်ဆိုးပြီး အဲဒီနေရာ ကို ခြေနှင့်ဆောင့်နင်းလိုက်၏။ ဦးကျော်ဝင်းလို ဒုက္ခိတတစ်ယောက် အခုလို ထွက်ပြေးလွတ်မြောက်သွားတာ သူတို့ ညံ့လွန်းသလို ဖြစ်နေ လေသည်။

ရဲအုပ်က ဦးကျော်ဝင်းရဲ့လူတွေဖြစ်သော အန့်ကူနှင့်ဂျားဂျားတို့ ကို မျက်စိပိတ်ထား၍ ကြိုးနှင့်တုတ်လိုက်၏။ တခြားခြံစောင့်နှစ်ကောင် မှာလည်း ရဲအုပ်၏လက်ဝါးစောင်းမိကာ သတိလစ်နေပါသည်။

ထိုစဉ် ... သေနတ်မှန်၍ လဲကျနေသော ထွန်းထွန်းနှင့် သီဟတို့ က လဲကျနေရာမှ ပြန်ထလာ၏။ ပြီးတော့ ရဲအုပ်နှင့်သီဟ လက်ဝါးအုန်း ရိုက်ကာ အောင်ပွဲခံနေကြပြန်သည်။ ရဲအုပ်မှာ သူတို့လူ ဖိုးဇော်ဖြစ်နေ ပြီး ကျန်ရဲသားတွေကလည်း ဖိုးဇော်၏လူတွေဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုသည် စားပွဲပေါ်ရှိ ပိုက်ဆံပုံကြီးကို TOWN ACE ကားပေါ်သို့ ပြောင်းရွှေ့နေကြ၏။ အန့်ကူနှင့်ဂျားဂျားကို မျက်စိမှိတ်၍ ကြိုးတုပ်ပြီး ကားပေါ် တင်ခေါ်လာခဲ့ရသော်လည်း သတိလစ်နေသော ခြံစောင့်နှစ်ယောက်ကိုတော့ အခန်းတစ်ခန်းထဲမှာ ပိတ်ထားခဲ့ရ၏။

မိုးဇော်တို့အဖွဲ့ ခြောက်ယောက်အတွက် သီဟက ပိုက်ဆံသိန်း နှစ်ဆယ် ရှင်းပေးလိုက်ပါသည်။ အန့်ကူနှင့်ဂျားဂျားကို မြို့အပြင်ရှိ ရေကန်ငယ်တစ်ခုမှာ ပစ်ချထားခဲ့ပြီး သူတို့နှစ်ယောက်မှာ ပျော်ရွှင်စွာ အောင်ပွဲခံကြလေသည်။ မျက်စိမှိတ်၍ ကြိုးတုပ်ခံထားရသော ကုလား တစ်ယောက်နှင့် တရုတ်တစ်ယောက်သည် ကယ်တင်ရှင် မတွေ့မချင်း တစ်နေကုန် အပြိုင်အော်နေကြမှာ သေချာလွန်းလှပါသည်။

●

သူတို့ရဲ့လှည့်ကွက်ထဲမှ ကိုယ့်နည်းကိုယ့်ဟန်နှင့် ထွက်ပြေး လွတ်မြောက်သွားသော ဦးကျော်ဝင်းမှာ ဘာမဟုတ်သည့် ချာတိတ်တွေကို ခံလိုက်ရသဖြင့် သူ့ကိုယ်သူ ဒေါသဖြစ်လို့ မဆုံးအောင် ဖြစ်နေ၏။

ပါသွားသော ငွေသိန်းကိုးထောင်ထက် ဦးကျော်ဝင်းက သူ့ဂုဏ်သိက္ခာကို ပို၍ နမြောနေခဲ့သည်။ ချာတိတ်တွေက သူ့လိုလူမျိုးကို ရအောင် အနိုင်ယူပြခဲ့တာကို ဦးကျော်ဝင်း ချီးကျူးမိ၏။ သူတို့ရဲ့လုပ်ကွက်က စနစ်တကျ အချိန်ယူ၍ စီမံခဲ့ကြောင်း ထင်ရှားနေ၏။ အထူးသဖြင့် သူ့ကို ထိတ်လန့်သွားစေသည့် သေနတ်ပစ်ခန်း၌ ပီပြင်စွာ သရုပ်ဆောင်ပြသွားတာကို ဦးကျော်ဝင်း လုံးဝ လေးစားသွားပါသည်။

ဒီလောက် လျှို့ဝှက်စွာ နေထိုင်သည့်ကြားမှ သူ့အကြောင်းတွေ၊ သူ့အကျင့်စရိုက်တွေကို ရအောင်လေ့လာ အကွက်ချ၍ သူ့ပိုက်ဆံ



တွေကို အပိုင်ကြံခဲ့သူတွေဟာ ဘယ်သူတွေ ဖြစ်နိုင်သနည်း...။

အခုဖြစ်ရပ်၌ သူ့အမှားပါသည်ဆိုလျှင် ထိုအရာမှာ လောဘစိတ်သာဖြစ်ပါသည်။ နောက် ငွေကြေးအားဖြင့်လည်း ပိုက်ဆံသိန်းကိုးထောင်ဆိုတာ ဦးကျော်ဝင်းအတွက် တော်တော် ထိခိုက်နစ်နာမှု ကြီးမားလှ၏။ 'အင်ကြင်း' ကုမ္ပဏီ၏ ငွေကြေးယန္တရားထဲမှာ ပိုက်ဆံသိန်းကိုးထောင်ဆိုတာက စာရင်းဇယားအရ သိပ်မသိသာသော်လည်း အခုဟာက ငွေသားချည်းသက်သက်ဖြစ်နေခြင်းကြောင့် ငွေကြေးလည်ပတ်မှု ရပ်တန့်သလောက်နီးပါး ဖြစ်လျက်ရှိသည်။

သူတို့ကုမ္ပဏီတွင် အလွယ်တကူ ငွေထုတ်၍ မရသဖြင့် Cus-tomer များထံမှ ယုံကြည်မှု ကျဆင်းလာ၏။ ငွေအပ်ထားသူတွေကလည်း သူတို့ပိုက်ဆံများကို အလုအယက် ပြန်လာထုတ်ကုန်ကြရာ ပြဿနာနှင့် အကျပ်အတည်းတွေက ပိုလို့ ကြီးထွားလာရသည်။

ဦးကျော်ဝင်းသည် သစ်ခွပင်တွေကြားမှာ တစ်ယောက်တည်း မှိုင်တွေငေးမောရင်း ဆုံးရှုံးမှုတွေကို ဘယ်လို ပြန်အဖတ်ဆယ်ရင်ကောင်းမလဲဟု စဉ်းစားနေမိ၏။ ခေါင်းတွေပူလာသဖြင့် ဦးကျော်ဝင်းက အိမ်ထဲဝင်ရန် ဝီးချဲလ်အား ကွေ့လိုက်ပါသည်။ အိမ်ရှေ့ပေါ်တီကိုရှိ ဒန်းအဖြူလေးပေါ်တွင် သမီးပိုးပိုးတစ်ယောက် မျက်နှာမကောင်းဘဲ ထိုင်နေတာကို တွေ့ရ၏။ သူ နည်းနည်းပါးပါး စိုးရိမ်မိသွားပါသည်။

ဦးကျော်ဝင်းက ဝီးချဲလ်ကို ပိုးပိုး ထိုင်နေသည့် ဒန်းအဖြူရောင်လေးရှေ့မှာ ရပ်လိုက်၏။ ပြီးတော့ ညင်သာသိမ်မွေ့သော မေးခွန်းတစ်ခု...။

``သမီးလေး...ဘာဖြစ်နေလဲ။ သမီးမျက်နှာလည်း မကောင်းပါလား''

ပိုးပိုးက အဖေဖြစ်သူရဲ့မေးခွန်းကို ခေါင်းခါယမ်း၍ ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သမီးလေး နေမကောင်းဘူးလား၊ ဟုတ်လား. . ."

ပိုးပိုးက ခေါင်းကိုသာ ခါယမ်းပြနေသည်။ ထိုအခိုက် ဒေါ်ဖြူဖြူက နားစွန်နားဖျားကြားပြီး သူတို့သားအဖရဲ့အနီးကို ရောက်ရှိလာ၏။ ဒါ့အပြင် ပိုးပိုး သူ့ကို မဖြေခဲ့သော အဖြေတစ်ခုကို ဦးကျော်ဝင်း သိအောင် ပြောပြလိုက်လေသည်။

"ရှင့်သမီး ဘာဖြစ်နေတာလဲဆိုတာကို မသိဘူးလား"

"ဟင့်အင်း. . . သမီးက ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်ကလည်း. . . သူ့ကောင်လေးကို မတွေ့ရလို့တဲ့။ အဲဒါ လွမ်းနာကျနေလေရဲ့. . ."

ပိုးပိုးသည် မေမေ့စကားကြောင့် ရှက်သွားပြီး ရယ်လိုက်မိ၏။ ဦးကျော်ဝင်း၏မှတ်ဉာဏ်ထဲသို့ သီဟဆိုသည့်နာမည်က ရုတ်ချည်းပဲ စိုးမိုးသွားတော့သည်။ ဟိုနေ့က သူ့ကို ဘတ်သွားကြသော ချာတိတ်တွေသည် သီဟနှင့် ပတ်သက်မှုရှိနိုင်ကြောင်း ဘာဖြစ်လို့ မတွေးမိပါလိမ့်. . .။ ဦးကျော်ဝင်းမှာ သူ့ကိုယ်သူ မကျေမနပ်နှင့် ဒေါသတွေဖြစ်နေ၏။

သီဟဆိုသည့်ကောင်၏ ပြောပုံဆိုပုံနှင့် စဉ်းစားတွေးခေါ်ပုံများသည် စေ့စေ့တွေးကြည့်လေ၊ သံသယဝင်စရာကောင်းလေ. . . မို့ ဦးကျော်ဝင်းတစ်ယောက် မခံချိမခံသာ ဖြစ်နေရှာသည်။ ထိုအနေအထားမှ ရုတ်တရက်ဆိုသလို သူ့မှာ စိုးရိမ်စိတ်တွေ ဖြစ်၍လာ၏။

ဒီကောင်လေးဟာ ငါ့ကို ဘတ်ချင်လို့ သမီးကို တကယ်မချစ်ဘဲ ချစ်ဟန်ဆောင်ခဲ့တာများလား။ ဒါကိုသိရင် သမီးလေးတစ်ယောက် ဘယ်လောက်ခံစားရမလဲ။

အို. . . မဟုတ်ပါစေနဲ့။ သမီးလို ဖြူဖြူစင်စင် ကောင်မလေးတစ်ယောက်ဟာ ဒီနည်းနဲ့ အသည်းကွဲတာမျိုး လုံးဝမဖြစ်စေရဘူး။



ဦးကျော်ဝင်းသည် ဆုံးဖြတ်ချက်တစ်ခုကိုချကာ သမီး၏ဆွေးမြေ့နွမ်းဖတ်နေသော မျက်နှာလေးကို အားပေးသလို ပြုံးပြလိုက်ပါသည်။ အခုချိန်မှာ သူ့အတွေးတွေအားလုံးကို မေ့လျော့ထားပြီး သမီးအတွက်ဆိုတာတစ်ခုပဲ သူ့ခေါင်းထဲမှာရှိတော့၏။ ဒါကို ဖခင်စိတ်လို့ မတော်တဆ တွေးမိလိုက်သောအခါ သူ့ကိုယ်သူ ကျေနပ်သွားပါသည်။

"သမီး. . ."

သူ့ရဲ့ နူးညံ့ကြင်နာသောအသံကြောင့် ပိုးပိုးက မော့ကြည့်၏။ သူက မေးလိုက်သည်။

"သမီးဆီကို မောင်သီဟ လာမတွေ့တာ ဘယ်နှစ်ရက်ရှိသွားပြီလဲ"

သူ့မေးခွန်းကို သမီးပိုးပိုး မဖြေမီ၊ ဒေါ်ဖြူဖြူက ဝင်ဖြေပါသည်။

"တစ်ပတ်ရှိပြီ"

"ဘာဖြစ်လို့လဲ။ သမီးနဲ့သူနဲ့ ရန်ဖြစ်ထားလို့လား"

သူ့ရဲ့ ထပ်ဆင့်မေးခွန်းကိုတော့ ဒီတစ်ခါ သမီးက ကိုယ်တိုင် ခေါင်းယမ်းပြ၍ ဖြေလေ၏။

"သူ ဘယ်မှာနေသလဲဆိုတာ သမီးသိသလား"

"အဆောင်မှာ နေတယ်"

"အဲဒီ အဆောင်လိပ်စာကိုရော. . . သမီးသိလား"

"ဟင့်အင်း. . . မသိဘူး"

"သူ့ကို ဆက်သွယ်ချင်ရင် သမီးက ဘယ်လိုဆက်သွယ်သလဲ"

"သူကိုင်တဲ့ ဟန်းဖုန်းနံပါတ်တစ်ခုရှိတယ်"

"အခုရော. . . ဆက်လို့မရဘူးလား"

"ဟုတ်တယ်ဖေဖေ. . . သူ ဖုန်းပိတ်ထားတာ သုံးရက်တောင်ရှိပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ သူ့စိတ်ထဲမှာ 'ငါ အဘတ်ခံရတာလည်း သုံးရက်ရှိပြီ' ဟု တွေးလိုက်မိသည်။ ဦးကျော်ဝင်းက သက်ပြင်းချ၏။ နောက်.. သမီး ခံစားမှုတွေ သက်သာ ပေါ့ပါးသွားစေမယ့် နှစ်သိမ့်စကားများကို ဆိုပါ သည်။

"ဩော်.. သမီးလေးရယ်.. မောင်သီဟက အလုပ်တွေရှုပ်နေ လို့ဖြစ်မှာပါ။ သူအားတာနဲ့ သမီးဆီကို ရောက်လာမှာ.. သိလား"

သူ့ဆီက ဒီလိုစကားမျိုးကြားရတော့ သမီးသာမက၊ ဒေါ်ဖြူဖြူ ကပါ အံ့ဩနေ၏။ ပိုးပိုးမျက်နှာပေါ်တွင် မျှော်လင့်ချက်အရောင်လေး တွေ ပြန်လည်ယှက်သန်းလာ၏။

"တကယ်ပြောတာလား"

"တကယ်ပေါ့ သမီးရဲ့.."

"ဖေဖေက ဘယ်လိုလုပ်သိသလဲ"

"ဖေဖေနဲ့ သမီးမေမေတို့လည်း ရည်းစားဘဝတုန်းက ဒါမျိုးဖြစ် ဖူးတာပဲ။ အဲဒီတုန်းကဆိုရင် ဖေဖေက အလုပ်ရှုပ်တာရော၊ ဖျားနေတာ ရော နှစ်မျိုးပေါင်းတာနဲ့ သမီးမေမေဆီ မရောက်ဖြစ်တာ တစ်လလောက် ရှိတယ်။ နော်ဖြူ.. နော်..."

ဒေါ်ဖြူဖြူကး..

"ဟုတ်တယ်သမီးရဲ့.. အဲဒီတုန်းက မေမေလည်း အခုသမီးလေး လိုပဲ ဝမ်းနည်းပြီး စိုးရိမ်မိတာပေါ့။ နောက်ကျမှ သမီးအဖေက မေမေ စိုးရိမ်သလို မဟုတ်ဘဲ ဖျားနေတာမှန်းသိရတာ.."

"အဲဒီတော့ မေမေက ဖေဖေ့ကို ချက်ချင်း ခွင့်လွှတ်လိုက်ရော ဆိုပါတော့.."

"ဘယ်က ချက်ချင်း ခွင့်လွှတ်ရမှာလဲ၊ သမီးရဲ့..."

"ဒါဆို.. မေမေက ဘာလုပ်သလဲ"



"စိတ်ကောက်တာပေါ့"

"ဟုတ်လား.. အဲဒီလို လုပ်ရတာလား"

"အေးပေါ့.. သမီးဖေဖေက မေမေ့ဆီကို တစ်လပေါ်မလာဘူး ဆိုတော့ မေမေက သူ့ကို အပြစ်ပေးတဲ့အနေနဲ့ တစ်လတိတိ ပြန်စိတ် ကောက်ပစ်လိုက်တယ်"

'ဟုတ်ပြီ.. ဒါဆို သမီးလည်း သူ့ကို မေမေ့နည်းအတိုင်း လိုက် လုပ်မယ်။ အဲ.. ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

ဦးကျော်ဝင်းနှင့်ဒေါ်ဖြူဖြူတို့မှာ သမီးရဲ့စကားကြောင့် တစ်ယောက် ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်မိကြသည်။ ပိုးပိုးက တစ်ခုခုကို စဉ်းစားနေရာမှ စကားကိုဆက်၏။

"မေမေကဖေဖေ့ကို တစ်လစိတ်ကောက်တုန်းက.. ဖေဖေက ပြန်ပြီး လိုက်ချော့တာကိုး။ အခု သမီးကို သူက အဲဒီလို စိတ်ရှည်ရှည်နဲ့ မချော့ရင် ဘယ်လိုလုပ်မလဲ။ အဲဒီအခါကျရင် မေမေက သူ့ကို ဇွဲရှိရှိနဲ့ ချော့ဖို့ ပြောပေးရမယ်နော်.. မေမေနော်.."

"အေး.. စိတ်ချ၊ မေမေ မောင်သီဟကို သေချာချော့ဖို့ ပြော ပေးမယ်နော်.. သမီး။ စိတ်ချ၊ စိတ်ချ.."

သူတို့လင်မယားနှစ်ယောက်မှာ သမီးကို နှစ်သိမ့်စကားတွေ ပြောနေရသော်လည်း၊ စိတ်တွေ လေးလံလျက်ရှိ၏။

မမြင်ရသော ကံကြမ္မာဆိုတာကြီးအား လူတွေက သာမန် ဦးနှောက်ဖြင့် ရင်ဆိုင်မိတိုင်း၊ ဒီလိုခံစားမှုမျိုးကို ကြုံတွေ့ရမြဲဖြစ်ပါ သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၅ )

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ ခြောက်မိုင်ခွဲအရပ်ရှိ ဘော်ဒါဆောင်များစွာအနက် နာမည်ကြီး၍ အလွန်လူပြောများသည့် ဒေါ်သောင်းရွှေအဆောင်သည် သမိုင်းဝင်သည့်နေ့တစ်နေ့ကို ပိုင်ဆိုင်ရရှိရန် အချိန်အနည်းငယ်မျှ လိုအပ်နေသေးသော်လည်း၊ ရှပြီးသကဲ့သို့ အမှောင်ထဲမှာပင် သွေးကြီး လျက်ရှိနေလေသည်။

ထွဋ်ထွဋ်သည် ဒီနေ့မနက် အစောကြီးအိပ်ရာမှ နိုးလာ၏။ အချိန်မှာ အာရုဏ်တက်ခါစမို့ အလင်းက ပတ်ဝန်းကျင်တစ်ခုလုံးကို မဖြန့်ကျက်နိုင်သေးချိန်လည်း ဖြစ်သည်။ ဒါကြောင့် သူက နိုးနေပေမယ့် အိပ်ရာမှမထဘဲ နဖူးပေါ်လက်တင်ကာ ညတုန်းက အဖြေမရသေးသော အဖြစ်အပျက်အား ဆက်လက်စဉ်းစားနေမိသည်။

သူသည် မနေ့ညနေက 'ငွေငန်းဖြူ'လက်ဖက်ရည်ဆိုင်၌ တွေ့ခဲ့သော လူတစ်ယောက်ကို ဘယ်တုန်းက၊ ဘယ်မှာမှန်း မမှတ်မိသော်လည်း တွေ့ဖူးသလိုလို ရှိနေတာတော့ သေချာပါ၏။ အဖြေရလုနီးပါး အထိဖြစ်ပြီးမှ နောက်ဆုံး၌ ဟိုမှာလိုလို၊ ဒီမှာလိုလိုနှင့် တိကျသေချာသည့်အဖြေကို မရခဲ့သဖြင့် ထွဋ်ထွဋ်တစ်ယောက် မချင့်မရဲ ဖြစ်နေခဲ့သည်။ ညက ထိုစိတ်နှင့် သူ အိပ်ပျော်သွားခဲ့ပြီး၊ အခုကျတော့လည်း အဲဒီစိတ်နှင့် အိပ်ရာက နိုးလာခဲ့ခြင်းကြောင့် ထွဋ်ထွဋ်မှာ သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်နေရ၏။

သေချာသည်က ထိုလူနှင့်သူ တစ်နေရာမှာ သိကိုသိခဲ့သည်။ ဒါပေမဲ့ ခင်မင်ရင်းနှီးစွာ သိကျွမ်းခဲ့တာမျိုးတော့ မဟုတ်. . .။ ထွဋ်ထွဋ်သည် ပြန်မအိပ်တော့ဘဲ မခံချင်စိတ်နှင့် မိုးလင်းလာတဲ့အထိ ဆက်စဉ်းစားနေခဲ့ပါသည်။

တဖြည်းဖြည်းနှင့် မနက်ခင်း အလင်းရောင်တွေက ပတ်ဝန်းကျင်၌ တရိရိ နေရာဝင်ယူလာကြ၏။ လင်းကြက်တွန်သံတွေကိုပင် ကြားနေရပြီ။ ဒေါ်သောင်းရွှေအဆောင်နား တစ်ဝိုက်တွင် ညဥ့်သန်းခေါင်ကျော် အချိန်လောက်ကတည်းက ပုန်းခိုနေရာယူထားသည့် လူတစ်စုသည် ခေါင်းဆောင်လုပ်သူ၏ အချက်ပြမှုကြောင့် အဆောင်ခြံဝင်းဆီသို့ ချဉ်းကပ်ဝင်ရောက်လာခဲ့ပါသည်။

သူတို့သည် အဆောင်ဝင်းထဲကို ရောက်လာပြီးနောက် အဆောင်သားတွေနေသည့် အခန်းပေါက်ဝများနှင့် အိမ်မကြီး၏ တံခါးပေါက်ဝ၌ အသီးသီး နေရာယူထားလိုက်ကြ၏။ နေရာယူပြီးသော် ပါလာသည့် လက်နက်များကို အသင့်အသုံးပြုရန် အနေအထားသို့ရောက်အောင် ဆောင်ရွက်ကြပြန်သည်။ ခေါင်းဆောင်လုပ်သူက သူ့လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်လိုက်၏။ အချိန်က မနက်ခြောက်နာရီ ထိုးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ခေါင်းဆောင်ဆီမှ အချက်ပြအမိန့်ကို စောင့်ဆိုင်းနေကြသည်။ ခြောက်နာရီထိုးသည်နှင့် အဖွဲ့ခေါင်းဆောင်က 'ဘတ်သီးအော်ပရေးရှင်း'ကို စတင်ရန် အချက်ပြလိုက်၏။ ထိုအခါ အဖွဲ့သားတွေက ကိုယ်စီတာဝန်ယူထားသော အခန်းတံခါးများကို ပြိုင်တူပဲ ခေါက်လိုက်ကြပါသည်။

အဲဒီနောက်. . တိတ်ဆိတ်စွာ အိပ်မောကျနေသော အဆောင်လေးသည် ဆူညံပွက်လောရိုက်ကာ အော်သံ၊ ဟစ်သံများနှင့် အလန့်တကြား နိုးထလာခဲ့ပါတော့၏။ ကြိုတင်ပြီး နိုးနေသော ထွင့်ထွင့်လိုပါးနပ်ဖျတ်လတ်သူမျိုးပင် ရုတ်တရက်အလစ်မှာ ဝင်စီးခံရသဖြင့် ဘာမှမတတ်နိုင်ဘဲ အဖမ်းခံလိုက်ရလေသည်။ တချို့မှာ အရပ်ကို သူတို့အပြစ်မရှိကြောင်း ဟစ်ကြွေးတိုင်တည်ကြ၏။ တချို့မှာ အနည်းအကျဉ်းခုခံမှုပြုသဖြင့် ရိုက်နှက်ခံရပြီး မျက်နှာပျက်နေကြ၏။ တချို့မှာ အိပ်ချင်မူးတူးနှင့် ဘာမှန်းသေချာမသိဘဲ ယောင်နနဖြစ်နေကြ၏။ တချို့မှာ ကုလားသေ၊ ကုလားမော အိပ်မောကျနေရာ ကိုယ်တွင် အဝတ်မကပ်သဖြင့် အမြင်မတော်ဖြစ်လျက်ရှိကြ၏။

ဘယ်လိုပင်ဖြစ်ပါစေ။ အခု သူတို့အားလုံးကို လက်ထိပ်ခတ်ထားလိုက်နိုင်ပြီမို့ အဖွဲ့ခေါင်းဆောင်၏မျက်နှာမှာ ဝင်းပပြုံးရွှင်နေပါသည်။ အဆောင်သားများကို အဆောင်ရှေ့မြေကွက်လပ်၌ လက်ထိပ်ကိုယ်စီနှင့် တန်းစီ ငုတ်တုတ်ထိုင်ခိုင်းထား၏။ ထိုတန်းစီထားရင်းတွင် အဆောင်သားများသာမက အဆောင်မှူး ကိုခင်မောင်ကြည်တို့ လင်မယားပါ,ပါဝင်လျက်ရှိသည်။

အဆောင်ပိုင်ရှင် အဘွားကြီးဒေါ်သောင်းရွှေမှာ ငိုယိုနေတဲ့ သူမမြေးနှစ်ယောက်ကို ခါတိုင်းလို မချော့အားဘဲ၊ လက်ထိပ်ခတ် အဖမ်းခံထားရသည့် လူအုပ်ကြီးအား ကြောင်တောင်တောင်နှင့် ကြည့်နေမိသည်။ မယုံနိုင်စရာမြင်ကွင်းမို့ ဒေါ်သောင်းရွှေက လက်ခုံနှင့် သူမ မျက်လုံးတွေကို ပွတ်သပ်ပြီး သေချာ ထပ်ကြည့်ပြန်ပါသည်။ ပြီးတော့ အဘွားကြီးက သူမအသားကို သူမ ပြန်၍ ဆွဲဆိတ်ကြည့်ရာ နာသွားရှာ၏။



မာမီတိုးနှင့်ချိုးဗူးတို့က သွေးရူးသွေးတန်းနှင့် ဒေါ်သောင်းရွှေနာမည်ကိုအော်၍ သူတို့မှာ အပြစ်မရှိကြောင်း အာမခံပေးဖို့ တစာစာပြောနေကြသည်။ ဒေါ်သောင်းရွှေက မတုန်မလှုပ် ကျောက်ဆစ်ရုပ်ကဲ့သို့သာ ရှိနေသဖြင့် သူတို့က အဘွားကြီးကို ဆဲဆိုသမုတ်ကြပြန်၏။ ကလေးနှစ်ယောက်မှာ အာပြဲ၍ ငိုနေဆဲ။

မနက်အစောကြီးဆိုသော်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရပ်ကွက်လူထုသည် ဒေါ်သောင်းရွှေ အဆောင်နားတစ်ဝိုက်တွင် အုံခဲနေလေသည်။ ခဏကြာတော့ ရဲတပ်ဖွဲ့ဝင်များနှင့် အပြာရောင်အချုပ်ကားကြီးတစ်စီးက အဆောင်ရှေ့မှာလာရပ်၏။ အဆောင်ခန်းများထဲမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကိုတော့ ကားတစ်စီးနှင့် သီးသန့်သယ်သည်။

POLICE ဟု စာတန်းထိုးထားပြီး ရောင်စုံမီးလုံးတန်းတွေပါသော ကားလေးပေါ်မှာ ရဲအရာရှိဝဝကြီးတစ်ယောက်က ဆင်းလာသည်။ ပြီးတော့ အဆောင်ကို ဝင်ရောက်စီးနင်းသည့်အဖွဲ့၏ ခေါင်းဆောင်ရဲအုပ်ဆီ လျှောက်သွား၍ အလေးပြုပါ၏။ သူတို့အချင်းချင်း ဂုဏ်ပြုသည့်သဘောဖြင့် အပြန်အလှန် အလေးပြုနေပုံအား လှမ်းကြည့်လိုက်သော ထွင့်ထွင့်သည် ရဲအုပ်၏မျက်နှာကို မှတ်မိသွား၏။ သူ တစ်ညလုံးစဉ်းစားမရ ဖြစ်နေသည့်လူမှာ ထိုရဲအုပ်ပင်ဖြစ်နေသည်။ ဒီအဆောင်ကို ထွင့်ထွင့်ပြောင်းမလာခင် မြောက်ဥက္ကလာပမှာတုန်းကလည်း အခန်းရှေ့ရှိ လက်ဖက်ရည်ဆိုင်မှ အနက်ရောင်မျက်မှန်တပ်ပြီး သူ့လှုပ်ရှားမှုတွေကို စောင့်ကြည့်ခဲ့ဖူးသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ထိုမျက်နှာကို ဘာကြောင့် တွေ့ဖူးသလို ဖြစ်နေရသလဲ ဆိုတာ ထွင်ထွင်ရှ သေချာသိလိုက်ရပါသည်။ သီဟမှာ ချစ်သူပိုးပိုးအား သတိရမိသော်လည်း အဖြစ်အပျက်တွေကို ပြန်လည်ပြင်ဆင်ဖို့ အချိန် နှောင်းသွားခဲ့ပြီ။ ရာဇဝတ်ဘေး ပြေးမလွတ်နိုင်မှန်း သူတို့သိလိုက်ချိန်က တော်တော့်ကို နောက်ကျသွားခဲ့ပါသည်။

အချုပ်ကားကြီးပေါ်သို့ သူတို့အားလုံး တစ်ယောက်ပြီးတစ်ယောက် တက်သွားနေ၏။ သူတို့စိတ်ထဲ၌ ကိုယ်ကျူးလွန်ခဲ့သောအမှု ကိုယ်သိသော်လည်း မေ့ထားကြပြီး တခြားလူရဲ့အမှုကိုပဲ စိတ်ဝင်စား စပ်စုနေကြပါသည်။ ခဏကြာလျှင် သူတို့သည် အချုပ်ကားထဲမှ အချုပ်ခန်းထဲသို့ ရောက်သွားတော့မည်။ အဲဒီကပြီးရင် အချုပ်ခန်းမှ တစ်ဆင့် ထောင်ထဲကို ရောက်သွားကြပေလိမ့်မည်။

ကျဉ်းသည့်အထဲမှ ပို၍ကျယ်သောအထဲကို ရောက်သွားတဲ့ သဘောတရား ဖြစ်ပါသည်။

ထောင်ထဲမှာ သူတို့အပြစ်တွေကို ဆေးကြောပြီးသည့်တစ်နေ့ ထောင်မှ ပြန်ထွက်လာသောအခါတွင်လည်း သူတို့အတွက် အပြင် လောကကြီးသည် ပို၍ကျယ်တဲ့အထဲသာ ဖြစ်နေဦးမည်လား။

လွတ်လပ်သူဆိုတာ အဲဒီလူ၏ခန္ဓာကိုယ် တည်နေရာသည် ဘယ်မှာပင် ဖြစ်ပါစေ၊ အရေးမကြီးလှပါ။ တကယ့်လွတ်လပ်မှုစစ်စစ်သည် ထိုသူ၏ စိတ်ဓာတ်အခြေအနေပေါ်တွင် မူတည်နေပါသည်။

ပြည့်စုံသော ကိုယ်ပိုင်ဘဝကို တည်ဆောက်လိုသူများ အားလုံးတွင် အနည်းဆုံး လွတ်လပ်မှုတသည့် နှလုံးသား တစ်စုံတော့ ရှိဖို့လိုအပ်လေသည်။

●



အပြာရောင် အချုပ်ကားကြီး၏ အရှေ့နှင့်အနောက်တွင် ရဲကားများခြံရံလျက် ဒေါ်သောင်းရွှေအဆောင်ရှိလူများကို သယ်ဆောင်ကာ တရွေ့ရွေ့ ထွက်ခွာသွားပါသည်။ အဆောင်မှာ ကျန်ရစ်ခဲ့သူဆို၍ အရွယ်မရောက်သေးသော ကလေးငယ်နှစ်ယောက်နှင့် ဆံပင်ဖြူ၊ သွားကျိုးနေသော အဘွားကြီးတစ်ယောက်သာ ကျန်ရှိ၏။

ရပ်ကွက်လူထုကြီးသည် ထုံးစံအတိုင်း သူတို့ထင်ရာမြင်ရာများကို အတင်းပြောင်းခုံနေပြီး၊ စိတ်ကူးမိသလို ကိုယ်ပိုင်ထိုးဇာတ်တွေကိုလည်း ချဲ့ကားပြောဆိုနေကြ၏။

'ဘတ်သီးအော်ပရေးရှင်း' ဆိုသည့် စစ်ဆင်ရေးဖြင့် တစ်ဆောင်လုံး အဖမ်းခံရတဲ့ ဒေါ်သောင်းရွှေအဆောင်အကြောင်းမှာ လူတွေပါးစပ်ကို အပျင်းတော့ ပြေစေပါသည်။ ဒီထက်ပို၍ အချိန်အားရှိသူတွေဆိုလျှင် အဘွားကြီးဒေါ်သောင်းရွှေအိမ်ကို စားသောက်စရာ မုန့်ပဲသွားရည်စာများ ယူဆောင်သွားပြီး ရနိုင်သလောက် စပ်စုမေးမြန်းနေကြ၏။ အဘွားကြီးဒေါ်သောင်းရွှေရဲ့ မြေးလေးနှစ်ယောက်မှာ မုန့်တွေအများကြီး စားရသည့်အပြင် အိမ်ကိုလာသော ဧည့်သည်တွေနှင့် ဆော့ကြရသဖြင့် အချုပ်ခန်းထဲ ရောက်နေတဲ့ အဖေနဲ့အမေကို မေ့ပြီး ပျော်ရွှင်နေလေသည်။

ဒေါ်သောင်းရွှေကိုယ်တိုင်က ဘယ်သူတွေ၊ ဘာအမှုကျူးလွန်လို့ အဖမ်းခံရတာကို မသိဘဲ၊ ဟိုလူမေးရင်တစ်မျိုး၊ ဒီလူမေးတော့ နောက်တစ်မျိုးနှင့် အဆင်ပြေသလို လျှောက်ပြောလျက်ရှိသည်။ ဒေါ်သောင်းရွှေ ပြောစကားတွေကို အကိုးအကားယူ၍ သူတို့ဘာသာ အသစ်ဖန်တီးထားသော ဇာတ်လမ်းများကလည်း ဒုနှင့်ဒေးမို့၊ ထိုရပ်ကွက်မှ ကိုယ်ပိုင်ဇာတ်ရှားပါးလှသည့် မြန်မာဒါရိုက်တာတွေ၊ စာရေးဆရာတွေသာ ဇာတ်သွားရှာလျှင် အတော်အတန် အကျိုးရှိမှာ သေချာပါသ

www.burmeseclassic.com



ထိုသို့ဖြင့်. . .

ဒေါ်သောင်းရွှေအဆောင်က ဘတ်သီးတွေရဲ့ အမှုအသီးသီးကို တရားရုံး၌ ကြားနာရန်အချိန် ရောက်ရှိလာတော့သည်။ အဲဒီသတင်းကြောင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများစွာတို့သည် ရုံးချိန်းရှိသောနေ့များတွင် တရားရုံးရှေ့မှာ စုရုံးရောက်နေတတ်ကြ၏။ အမှုလိုက်ရှေ့နေတွေအကြောင်း ပြောလိုက်၊ တစ်ဦးနဲ့တစ်ဦး ကြည့်စယ်နောက်ပြောင်လိုက်၊ မုန့်တွေစားလိုက်၊ အအေးသောက်လိုက်၊ ရုံးထွက်မှ တွေ့ခွင့်ရသော အဆောင်သားများကို နှုတ်ဆက်အားပေးလိုက်နှင့်. . . ပျော်စရာကြီးကို ဖြစ်လို့နေ၏။

အဆောင်သားများအားလုံး တရားရုံး၌ ကိုယ်စီ အမှုအသီးသီးကို ရင်ဆိုင်နေကြရသည်။ ဒါပေမဲ့ သူတို့တစ်တွေသည် သိပ်စိတ်မညစ်ကြဘဲ ခပ်ပျော်ပျော်ပဲ ရှိနေကြ၏။ အမှုချင်း မတူညီသော်လည်း သူတို့က တစ်ယောက်တည်းမဟုတ်။ အပေါင်းအသင်းတွေက အများကြီးဖြစ်သည်။ 'အဖော်ကောင်းလို့ကတော့ ငရဲတောင် သွားလိုက်ချင်သေးတယ်' ဆိုသည့်စကားမှာ အလကားဖြစ်လာတာ မဟုတ်မှန်း သူတို့တစ်တွေက သက်သေပြနေပေသည်။

လူအမျိုးမျိုး၊ စိတ်အထွေထွေရှိသော လောကကြီးတွင် လူ့သက်တမ်း တိုတောင်းလာသဖြင့် အသက်တစ်ရာ မနေကြရ။ အမှုကျတော့ တစ်ရာပင်မကဘဲ သုံးလေး၊ ငါးရာအထိ အမှုတွေ ပွေတတ်ကြသေးသည်။

အခုလည်း သူတို့အဆောင်သားများရဲ့ ပုံစံမျိုးစုံနှင့် အမှုမျိုးစုံကို အောက်ပါအတိုင်း တွေ့ရနိုင်ပါသည်။

ထွန်းထွန်းနှင့် သီဟတို့နှစ်ယောက်ကတော့ အားလုံးသိထားသည့် ဘော်ဘတ်မှုပေါင်းများစွာအပြင် ခါးပိုက်နှိုက်မှု၊ ဆွဲကြိုးဖြတ်မှုတွေလည်း



ပါသေး၏။ နောက်ဆုံးအမှုနှင့် အကြီးမားဆုံးကတော့ ဦးကျော်ဝင်းအိုကို ဘတ်ခဲ့သည့်အမှု၊ ဥပဒေဝန်ထမ်း ဟန်ဆောင်မှု၊ ဒေါ်လာငွေ ကိုင်ဆောင်မှု။ (ဦးကျော်ဝင်းကတော့ နိုင်ငံခြားနှင့် တရားဝင် ကုန်သွယ်မှုလုပ်ငန်းတွေရှိသဖြင့် ဒေါ်လာကိုင်ဆောင်ခွင့်ရှိသည်။)

ဖေစိုးအောင်နှင့် မျိုးကျော်တို့မှာ လမ်းတကာ၊ ရပ်ကွက်တကာ၌ အများပြည်သူများကို သုံးချပ်မှောက်ဖဲဖြင့် လိမ်လည် လောင်းကစားခဲ့သည့်အမှု။ မိတ်ကပ်ဆရာ မာမီတိုးမှာ နှစ်လုံးတွေ ရှုံးလွန်းသဖြင့် သူအလုပ်ပြင်ပေးနေကျ မင်းသမီး မေဝင်းထွဋ်၏ စိန်ဘယက်ကို ခိုးယူခဲ့သည့်အမှု။ ကျူရှင်ဆရာ ဘွန်ဟောင်းမှာ သူစာသင်ပြနေသော ဆယ့်ရှစ်နှစ်အရွယ် ကျောင်းသူလေးတစ်ယောက်အား အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့မှု။ အဆောင်ပိုင်ရှင်၏သမီး မရွှေစာမှာ မာမီတိုး ယူလာသည့် စိန်ဘယက်အား ထုခွဲဖျောက်ဖျက်ပေးမှု။ မရွှေစာ၊ မျိုးကျော်၊ မာမီတိုးတို့၏အခန်းများ၌ နှစ်လုံးလောင်းကစားရာ၌ အသုံးပြုသည့် ဘောက်ချာဖြတ်ပိုင်းတွေ တွေ့ရှိခဲ့မှု။ ကွက်ကြားသည် ဆစ်ဆစ်ကို ကားတင်ပြေးရန် သူများကားကို ခိုးလာသည့်အမှု။ ဆစ်ဆစ်ကို ကိုယ်ထိလက်ရောက် ကားပေါ်ဆွဲတင်သဖြင့် လက်ရောက်အပိုဒ်ခွဲမှု။

ဝင်းလွင်ဦး (ခေါ်) ချီးဗူးမှာ ဘောလုံးသမားချီဗူး ပါဝင်ကစားသော ရိုးမားအသင်းမှ ပွဲတိုင်းလောင်းနေရာ တော်တော်အထိနာသွား၏။ ရိုးမားအသင်းပေးရသော ဂိုးတွေကလည်း ဆယ်ဂိုးမှာ ရှစ်ဂိုးက ချီဗူးရဲ့အမှားကြောင့်ဖြစ်သည်။ ချီဗူးကို ရူးသွပ်မိသဖြင့် ချီးဗူးတစ်ယောက် ပိုက်ဆံလိုလာ၏။ ကြံရာမရနှင့် ချီးဗူးမှာ ဘွန်ဟောင်း ရေချိုးနေတုန်း သူ့ရဲ့နှစ်ကျပ်သားဆွဲကြိုးကို ခိုးပြီး ရောင်းစားပစ်ခဲ့သည်။ ဘွန်ဟောင်းက ရဲစခန်းမှာ အမှုဖွင့်၍လိုက်ခဲ့ရာ နောက်ဆုံး၌ ခိုးသူက အတွင်းလူဖြစ်နေ၏။ ဒါ့အပြင် ချီးဗူးသည် ဆစ်ဆစ်ကို လိုက်ခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



သည့် ဒင်ကြီးဆိုသော ရပ်ကွက်ထဲမှလူငယ်တစ်ဦးအား အလစ်ချောင်း၍ ရိုက်ပစ်ခဲ့သေးသည်။

အဲဒီချိုးပူးနှင့် ဦးနှောက်ချင်းထပ်တူ၊ ထပ်မျှနိုးပါး တွေးခေါ်နိုင်သူက အဆောင်မှူး ကိုခင်မောင်ကြည်ပင် ။ ဒါပေမဲ့ ကိုခင်မောင်ကြည်က နည်းနည်းတော့ပိုသည်။ အမှုဖြစ်ပုံက မရွှေစာနှင့် ကိုခင်မောင်ကြည်တို့သည် လင်မယားချင်း ထုံးစံအတိုင်း စကားများကြရာ မရွှေစာ၏ စကားထဲ၌ 'အရင်ယောကျ်ားကမှ ကောင်းသေးတယ် ' ဟူ၍ ပါသွား၏။ ဒါကို အကြီးအကျယ်၊ မနာလို သဝန်တိုဖြစ်သွားသော ရဲရဲတောက် အဆောင်မှူးကြီး ကိုခင်မောင်ကြည်သည် အဲဒီမရွှေစာ၏ ပထမ ယောကျ်ားအား အရက်ဆိုင်မှအပြန် ဓားနှင့်ထိုးခဲ့ခြင်းဖြစ်လေသည်။

ထိုကဲ့သို့ တကယ့် အာဂလူတွေချည်း နေထိုင်ခဲ့သော ဒေါ်သောင်းရွှေ အဆောင်ကြီးသည် အခုတော့ လုံးဝ ပိတ်ထားလိုက်ရပြီဖြစ်သည်။ ဒေါ်သောင်းရွှေ ခမျာလည်း ဒီအသက်အရွယ်ကျမှ ကလေးနှစ်ယောက်နှင့် အသားကုန်ရုန်းနေရ၏။ အိမ်နီးနားချင်းများက 'အဘွား ပင်ပန်းသလား 'ဟု သွားမေးမိသည့်အခါ ' ဘဝဆိုတာ ပျော်စရာဝဋ်ကြွေး တစ်ခုပဲ 'လို့ သူမက အဘိဓမ္မာဆန်ဆန် ပြန်ပြောတတ်လေသည်။

❑

BURMESE CLASSIC .com

## အခန်း ( ၁၆ )

www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်အဟောင်းများ လေအဝှေ့၌ လှုပစွာ တွန့်ကွေး ကော့ပျံသွားကြပုံကို သူမက စိတ်လှုပ်ရှားမှုမရှိဘဲ ပကတိအတိုင်း လိုက်ကြည့်နေ၏။ ပိုးပိုးတစ်ယောက် အချစ်မရှိဘဲ နေသားကျစ ပြုလာသော်လည်း တစ်ခါတစ်ခါ သီဟာကိုတော့ တမ်းတမိသည်။

ဒီအကြောင်းကို မိန္နေသိလျှင် အဟားခံရဦးမှာ သေချာသည်။ ဖေဖေကတော့ ပိုးပိုးကို နှစ်သိမ့်စကား ဆိုလိမ့်မည်။

သို့သော် သူ့ကို သူမ စောင့်နေခဲ့ချိန်မှာ နွေ၊ မိုး၊ ဆောင်းဥတုတွေ အလီလီပြောင်းသွားခဲ့၏။ သီဟာက ယနေ့ထက်တိုင် ရောက်မလာခဲ့ပေ။ ဦးကျော်ဝင်းမှာ သီဟာရဲ့အကြောင်းတွေကို ပိုးပိုးအား တစ်ခုမှ အသိမပေးဘဲထားသည်။ ဒါကိုသိလျှင် သူ့ကို သမီးက မုန်းတီးသွားမှာလား။ သမီးရဲ့မျှော်လင့်ချက်တွေ သေဆုံးမသွားစေရန် ဖခင်တစ်ယောက် အနေနှင့် သူတာဝန်ယူချင်ပါသည်။

ပိုးပိုးက သူမရှေ့နားတွင် ဝဲပျံနေသော လိပ်ပြာဖြူဖြူလေးကို လှမ်း၍ဖမ်းလိုက်၏။ လိပ်ပြာလေး လှပစွာ ရှောင်ပြေးသွားသည်။ သူမက နှုတ်ခမ်းကို ဖွဖွကိုက်လိုက်မိပါသည်။

အချစ်ဆိုတာ သူမ ဖမ်း၍မမိခဲ့သော လိပ်ပြာလှလှလေးတစ်ကောင်သာ ဖြစ်နေလေသည်။

■

ဝေမှုံးသွင်
၂၀၀၆

ရွှေအိမ်မှူးစာပေ

#၂

# ခွန်းချိုပြင်းချမ်း

## တစ္ဆေတစ်ကောင်ထားခဲ့တဲ့အလွမ်း

"မလုပ်ပါနဲ့၊ ကျွန်မကို အောက်ပြန်ချပေးပါ"

ဆည်းဆာဖြူမှာ လေထဲတွင် ခြေကားယားလက်ကားယားဖြင့် ရုန်းကန်အော်ဟစ်နေသည်။

တစ္ဆေက သူမကို တကယ်ပင် လွှတ်ချလိုက်၏။ ဆည်းဆာဖြူမှာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက် အရှိန်ပြင်းစွာ ပြုတ်ကျသွားသည်။

သူမ မတ်တပ်ပြန်မထနိုင်ခင်မှာပင် ခေါင်းအုံးတစ်လုံးက ကြမ်းပြင်မှ မြောက်တက်လာ၏။ ထို့နောက် ခေါင်းအုံးက သူမ၏ မျက်နှာအား ဖိကပ်လိုက်သည်ကို ကျွန်တော် အကြောင်သား ငေးကြည့်နေမိသည်။

စာမူခွင့်ပြုချက်အမှတ် - [ ၅၀၁၂၈၈၀၆၁၀ ]

ထွက်ပြီ

www.burmeseclassic.com